ကြေးမုံ
The Mirror
Established in 1957
၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။
၁၃၇၆ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၁၂ ရက်၊ အင်္ဂါနေ့၊ (18-11-2014) (၈၀၂၈)


# နိုင်ငံတော်သမ္မတ ဦးသိန်းစိန်

## လတ်ဗီးယားသမ္မတနိုင်ငံ လွတ်လပ်ရေးနေ့သဝဏ်လွှာများ ပေးပို့

**နေပြည်တော်       နိုဝင်ဘာ       ၁၈**

၂၀၁၄ ခုနှစ် နိုဝင်ဘာ ၁၈ ရက်တွင်ကျရောက်သော လတ်ဗီးယားသမ္မတနိုင်ငံ၏ လွတ်လပ်ရေးနေ့အခါသမယ၌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ လတ်ဗီးယားသမ္မတနိုင်ငံ သမ္မတ မစ္စတာ အန်းဒရစ် ဘာဇင်စ်ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

အလားတူ ၂၀၁၄ ခုနှစ် နိုဝင်ဘာ ၁၈ ရက်နေ့တွင် ကျရောက်သော လတ်ဗီးယားသမ္မတနိုင်ငံ၏ လွတ်လပ်ရေးနေ့အခါသမယ၌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ လတ်ဗီးယားသမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စလမ်ဒိုတာ စထရိုဂျူမာထံသို့ ဝမ်းမြောက်ကြောင်းသဝဏ်လွှာပေးပို့သည်။ **(သတင်းစဉ်)**

# နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ဩစတြေးလျနိုင်ငံမှ ပြန်လည်ရောက်ရှိ



နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ဩစတြေးလျနိုင်ငံ ဘရစ္စဘိန်းမြို့တွင် ကျင်းပခဲ့သည့် ဂျီ-၂၀ ထိပ်သီးအစည်းအဝေးသို့ တက်ရောက်ခဲ့ပြီး ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ပြန်လည်ရောက်ရှိလာစဉ်။ (သတင်းစဉ်)

**ရန်ကုန်       နိုဝင်ဘာ       ၁၇**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် ဩစတြေးလျနိုင်ငံ ဘရစ္စဘိန်းမြို့တွင်ကျင်းပခဲ့သည့် ဂျီ- ၂၀ ထိပ်သီးအစည်းအဝေးသို့ တက်ရောက်ခဲ့ပြီးနောက် အဖွဲ့ဝင်များနှင့်အတူ ယနေ့ ဒေသစံတော်ချိန် နံနက် ၈ နာရီတွင် ခေတ္တတည်းခိုရာဟိုတယ်မှ မော်တော်ယာဉ်များဖြင့် ထွက်ခွာရာ ဘရစ္စဘိန်းအပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိကြသည်။

နိုင်ငံတော်သမ္မတနှင့် အဖွဲ့ဝင်များအား ဩစတြေးလျနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးမင်းသိန်းနှင့် သံရုံးမှတာဝန်ရှိသူများက ဘရစ္စဘိန်း အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။

ထို့နောက် နိုင်ငံတော်သမ္မတနှင့် အဖွဲ့ဝင်များသည် စင်ကာပူနိုင်ငံ ချန်ဂီအပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိကြရာ စင်ကာပူနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးဌေးအောင်နှင့် သံရုံးမှတာဝန်ရှိသူများက လေဆိပ်တွင် ကြိုဆိုနှုတ်ဆက်ကြသည်။

ထိုမှတစ်ဆင့် နိုင်ငံတော်သမ္မတနှင့် အဖွဲ့ဝင်များသည် မြန်မာအပြည်ပြည်ဆိုင်ရာလေကြောင်းအထူးလေယာဉ်ဖြင့် ထွက်ခွာလာခဲ့ရာ ညပိုင်းတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိကြသည်။

နိုင်ငံတော်သမ္မတအား ပြည်ထောင်စုဝန်ကြီးများ၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ကြိုဆိုနှုတ်ဆက်ကြသည်။

**စာမျက်နှာ ၃ ကော်လံ ၁ သို့●**

## ဂျီ ၂၀ ထိပ်သီးအစည်းအဝေးဆုံးဖြတ်ချက်များ

- ❖ ၂၀၁၈ ခုနှစ်တွင် ဂျီ ၂၀ နိုင်ငံများ၏ စုစုပေါင်း ဂျီဒီပီတိုးတက်မှုနှုန်း ၂ ဒသမ ၁ ရာခိုင်နှုန်းရရှိရေး။
- ❖ ၂၀၃၀ ပြည့်နှစ်တွင် ဖြစ်ပေါ်လာမည့် အခြေခံအဆောက်အအုံတည်ဆောက်ရန် လိုအပ်မည့် ဒေါ်လာ ၇၀ ထရီလီယံကို ဖြည့်ဆည်းပေးနိုင်ရေး။
- ❖ အမျိုးသမီးသန်းတစ်ရာအတွက် အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးရေး။
- ❖ စီးပွားရေးလုပ်ငန်းများအနေဖြင့် သင့်တင့်မျှတစွာ အခွန်ပေးဆောင်နိုင်ရန်အတွက် ပြုပြင်ပြောင်းလဲမှုရည်မှန်းချက်များ ချမှတ်ဆောင်ရွက်ရေး။
- ❖ ရာသီဥတုပြောင်းလဲမှုကို တုံ့ပြန်နိုင်ရန် ဂျီ ၂၀ နိုင်ငံများ တက်ကြွစွာ အတူလက်တွဲဆောင်ရွက်ရေး။
- ❖ အီဘိုလာကပ်ရောဂါတားဆီးကာကွယ်ရေးအတွက် နိုင်ငံတကာပူးပေါင်းဆောင်ရွက်မှုကို ဆောလျင်စွာဆောင်ရွက်ရေး။

# ရင်းနှီးမြှုပ်နှံမှုကာကွယ်ရေးဆိုင်ရာ သဘောတူညီချက်စာချုပ်ချုပ်ဆိုပြီးနောက် အစ္စရေးကုမ္ပဏီများ မြန်မာနိုင်ငံသို့ ပိုမိုရောက်ရှိလာတော့မည်

**တွေ့ဆုံမေးမြန်း - ဒေါက်တာသာစိန်**
**သတင်းဓာတ်ပုံ - အောင်ဝမ်းစိုး(ကြေးမုံ)**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ အစ္စရေးအစိုးရနှင့် ကုလသမဂ္ဂဖွံ့ဖြိုးရေးအစီအစဉ်တို့ နိုဝင်ဘာ ၁၈ ရက်မှ ၂၁ ရက်နေ့ထိပူးတွဲကျင်းပမည့် Mass Event and Disaster Preparedness အလုပ်ရုံဆွေးနွေးပွဲနှင့် ပတ်သက်ပြီး သင်တန်းပို့ချမည့် အစ္စရေးပညာရှင် မစ္စတာ ကိုဘာ စတင်အား မြန်မာ့သတင်းစဉ်(နိုင်ငံခြား)က နိုဝင်ဘာ ၁၇ ရက်ညနေပိုင်းက နေပြည်တော်ရှိ တုံဂါပူရီဟိုတယ်၌ သွားရောက်တွေ့ဆုံ မေးမြန်းခဲ့ပါသည်။

**မေး။ ။ဒီအလုပ်ရုံဆွေးနွေးပွဲရဲ့ အဓိကရည်မှန်းချက်နဲ့ ဒီအလုပ်ရုံဆွေးနွေးပွဲဖြစ်မြောက်ရေးအတွက် ဘယ်လိုကြိုတင်ပြင်ဆင်မှုတွေလုပ်ခဲ့သလဲဆိုတာ သိချင်ပါတယ်။**

ဖြေ။ ။အလုပ်ရုံဆွေးနွေးပွဲရဲ့ အဓိကရည်ရွယ်ချက်ကတော့ သဘာဝဘေးအန္တရာယ်နဲ့ ပတ်သက်တဲ့ ဗဟုသုတမျှဝေဖို့ပါ။ ထို့အပြင် အစ္စရေးနဲ့ မြန်မာတို့အကြား သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေး၊ အရေးပေါ်စီမံခန့်ခွဲမှုမှာ အစ္စရေးရဲ့ မိုးလေဝသပညာနဲ့ တွေးခေါ်ကြံစည်မှုတွေကို မျှဝေခြင်းဖြင့် သဘာဝဘေးအန္တရာယ်ကြိုတင်ပြင်ဆင်မှုမှာ ပါဝင်တဲ့ ပုဂ္ဂိုလ်များရဲ့ အရည်အသွေးတည်ဆောက်ပေးရေးနဲ့ အရေးပေါ်တုံ့ပြန်မှုရဲ့ အခြေခံသဘောတရားများ၊ သဘာဝဘေးအန္တရာယ်ဖြစ်ပွားရာနေရာနှင့် ဖြစ်ရပ်စီမံခန့်ခွဲမှု၊ အစ္စရေးတို့၏ အလေ့အကျင့်များမျှဝေရေးစတဲ့ ရည်ရွယ်ချက်တွေနဲ့ ဒီအလုပ်ရုံဆွေးနွေးပွဲကို ကျင်းပရတာ ဖြစ်ပါတယ်။ သဘာဝဘေးအန္တရာယ်ရဲ့ သဘောသဘာဝထက် တက်ရောက်လာသူတွေရဲ့ ဆွေးနွေးမှု၊ အမြင်ချင်းဖလှယ်မှု၊ စုပေါင်းအဖြေရှာမှု စတာတွေကို စားပွဲပေါ်ရောက်ရှိအောင် ပြုလုပ်တဲ့ဆွေးနွေးပွဲတစ်ခုလည်းဖြစ်ပါတယ်။ ကြိုတင်ပြင်ဆင်မှုတွေနဲ့ကတော့ မြန်မာနိုင်ငံမှာဖြစ်ပေါ်ခဲ့တဲ့ သဘာဝဘေးအန္တရာယ်များကို လေ့လာခဲ့သလို မနေ့က ရန်ကုန်မှာ ရဲတပ်ဖွဲ့ကအရာရှိကြီးတွေနဲ့ တွေ့ဆုံခဲ့ပြီး သူတို့ဆီက သတင်းအချက်အလက်တွေ ရယူစုဆောင်းခဲ့ပါတယ်။

**စာမျက်နှာ ၃ ကော်လံ ၃ သို့○**


BBB
ဘီသုံးလုံး ကားရောင်းစင်တာ
38+40 ကမ္ဘာအေးဘုရားလမ်း
(နှင်းဆီကုန်း ဘိုးဘွားရိပ်သာရှေ့)၊ ဗဟန်း။
Phone: 09-7320-7777

ကြေးမုံ စာတည်းရှေ့ထောင့် — ၁၈-၁၁-၂၀၁၄၊ အင်္ဂါနေ့

# အာရှ၏ စီးပွားရေးနယ်မြေသစ်

မြန်မာ့မြေတွင် နိုင်ငံတော်သမ္မတကြီး၏ဦးဆောင်မှုဖြင့် အာဆီယံ၏ သမိုင်းမှတ်တိုင်သစ် စိုက်ထူနိုင်ခဲ့ပြီဖြစ်သည်။ အာဆီယံသမိုင်းတွင် မြန်မာ့မြေ၌ မြန်မာတို့၏ ပထမဆုံးဦးဆောင်မှု၊ ပထမဆုံးစွမ်းဆောင်မှုများဖြင့် ဂုဏ်ယူဝင့်ကြွားနိုင်ခဲ့သည်။ တစ်ဆက်တည်းတွင် "အာရှတွင် နောက်ဆုံးထွက်ပေါ်လာသည့် စီးပွားရေးနယ်မြေတစ်ခု"အဖြစ် ထပ်မံဂုဏ်ယူဝင့်ကြွားရသည့် သတင်းကောင်းကြားရပြန်ပါသည်။

ပြီးခဲ့သည့် နိုဝင်ဘာ ၁၂ ရက်နှင့် ၁၃ ရက်များက ၂၀၁၄ ခုနှစ်၏ အာဆီယံဥက္ကဋ္ဌအဖြစ် တာဝန်ယူထားသည့် မြန်မာနိုင်ငံတွင် အာဆီယံ ထိပ်သီးအစည်းအဝေးများကို အောင်မြင်စွာ ကျင်းပနိုင်ခဲ့သည်။ ထို့နောက် ဩစတြေးလျနိုင်ငံဝန်ကြီးချုပ်၏ ဖိတ်ကြားချက်အရ ဘရစ္စဘိန်းကွန်ဗင်းရှင်းစင်တာ၌ ကျင်းပသော ဂျီ-၂၀ ထိပ်သီးအစည်းအဝေးသို့ နိုင်ငံတော်သမ္မတကြီးဦးဆောင်၍ ဆက်လက်တက်ရောက်ခဲ့ပြန်သည်။

နိုင်ငံတော်သမ္မတကြီးသည် နိုဝင်ဘာ ၁၅ ရက်တွင် ဂျီ-၂၀ ထိပ်သီးအစည်းအဝေး အပိုင်း(၁) "ကမ္ဘာ့စီးပွားရေးတိုးတက်မှုနှင့် အလုပ်အကိုင်ဖန်တီးမှုအား မြှင့်တင်ပေးခြင်း"၊ နိုဝင်ဘာ ၁၆ ရက်တွင် ထိပ်သီးအစည်းအဝေး အပိုင်း(၂) "ကမ္ဘာ့စီးပွားရေး ရေရှည်တည်တံ့မှု"နှင့် ထိပ်သီးအစည်းအဝေး အပိုင်း(၃) "စွမ်းအင်" ဆွေးနွေးပွဲများသို့ တက်ရောက်ခဲ့သည်။

ထိုနေ့ညပိုင်းတွင် ဩစတြေးလျ-မြန်မာ ကုန်သည်ကြီးများ အသင်းဥက္ကဋ္ဌက တည်ခင်းဧည့်ခံသော ညစာစားပွဲသို့ တက်ရောက်ပြီး "မြန်မာနိုင်ငံသည် အချက်အချာကျသည့် တည်နေရာ၊ ကောင်းမွန်သည့် ဈေးကွက်အနေအထားနှင့် စွမ်းအင်မြင့်မားသည့် လုပ်သားအင်အားများသာမက နိုင်ငံတော်အစိုးရ၏ ဆောင်ရွက်နေသည့် ပြုပြင်ပြောင်းလဲမှုလုပ်ငန်းများကြောင့် အာရှတိုက်တွင် နောက်ဆုံးပေါ်ထွက်လာသည့် စီးပွားရေးနယ်မြေတစ်ခု ဖြစ်ပါကြောင်း" ထုတ်ဖော်ပြောကြားခဲ့သည်။

မြန်မာနိုင်ငံအနေဖြင့် ပွင့်လင်းမြင်သာမှု၊ တာဝန်ယူမှုနှင့် စဉ်ဆက်မပြတ်တိုးတက်မှုတို့ကို အာမခံသည့် ဝန်းကျင်ကောင်းတစ်ရပ်ကို ဖန်တီးနိုင်ရန်အတွက် ရှိပြီးအရင်းအမြစ်များနှင့် မိတ်ဆွေနိုင်ငံများ လက်တွဲကာ ကြိုးပမ်းဆောင်ရွက်နေပေသည်။ လက်တွေ့တွင်လည်း မြန်မာနိုင်ငံ၌ ထိရောက်ပြီးတာဝန်ယူမှုရှိသည့် လုပ်ထုံးလုပ်နည်းများနှင့် လူ့အဖွဲ့အစည်းများ၏ အားပေးကူညီမှုတို့ဖြင့် ရင်းနှီးမြှုပ်နှံမှု အခွင့်အလမ်းသစ်များ ပိုမိုရရှိခိုင်မာနေပြီဖြစ်သည်။

ဩစတြေးလျနိုင်ငံသည်လည်း မြန်မာနိုင်ငံ၏ မိတ်ဖက်ကောင်းဖြစ်ပြီး ၂၀၁၂ ခုနှစ် ဧပြီလမှစတင်၍ မြန်မာနိုင်ငံအပေါ်တွင် ကန့်သတ်ထားသည့် ခရီးသွားလာမှုနှင့် ဘဏ္ဍာရေးပိတ်ဆို့ တားဆီးကန့်သတ်မှုများကို ဖယ်ရှားပေးခဲ့သည့်နိုင်ငံဖြစ်သည်။ ထို့ကြောင့် ဩစတြေးလျနှင့် မြန်မာနိုင်ငံတို့၏ ကုန်သွယ်မှုသည် ၃၈ ဒသမ ၂ ရာခိုင်နှုန်းအထိ တိုးတက်ခဲ့ပြီး စုစုပေါင်း ကုန်သွယ်မှုပမာဏသည် အမေရိကန်ဒေါ်လာ သန်း ၁၃၀ နီးပါး တိုးတက်လာခဲ့သည်။

မြန်မာနိုင်ငံအတွင်း ပြည်ပမှလာရောက်ရင်းနှီးမြှုပ်နှံသည့် နိုင်ငံပေါင်း ၃၀ အနက် ဩစတြေးလျနိုင်ငံသည် ရင်းနှီးမြှုပ်နှံမှု အမေရိကန်ဒေါ်လာ ၂၃ ဒသမ ၅ သန်းကျော်ရှိသည်။ ဩစတြေးလျနိုင်ငံအပါအဝင် မြန်မာနိုင်ငံတွင် လာရောက်ရင်းနှီးမြှုပ်နှံကြသော အာရှတိုက်မှနိုင်ငံများတွင် စင်ကာပူ၊ ထိုင်း၊ တရုတ်၊ တရုတ် (ဟောင်ကောင်)၊ ဂျပန်၊ တောင်ကိုရီးယားနှင့် မလေးရှားနိုင်ငံတို့သည် လုပ်ငန်းအများဆုံးနှင့် ရင်းနှီးမြှုပ်နှံမှုပမာဏအများဆုံးနိုင်ငံများဖြစ်သည်။ လက်ရှိတွင်လည်း နိုင်ငံတော်အစိုးရ၏ ပြုပြင်ပြောင်းလဲ ဆောင်ရွက်နိုင်မှုများကြောင့် ရင်းနှီးမြှုပ်နှံမှုများတိုးတက်လာပြီး အာရှတိုက်တွင် နောက်ဆုံးပေါ်ထွက်လာသည့် စီးပွားရေးနယ်မြေတစ်ခုဟု ဆိုရမည်ဖြစ်သည်။

သို့ဖြစ်ရာ ဩစတြေးလျနိုင်ငံအပါအဝင် ထိပ်သီးအစည်းအဝေးများမှ ပေါ်ထွက်လာသည့် မိတ်ဖက်နိုင်ငံများနှင့် နီးကပ်စွာဆောင်ရွက်မှုများ ဆက်လက်မြှင့်တင်ဆောင်ရွက်ကြမည်ဟု ယုံကြည်ထားပါသည်။ ယုံကြည်သည့်အတိုင်းလည်း နှစ်နိုင်ငံစီးပွားရေး၊ ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုများ ဆက်လက်တိုးတက်ကာ ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုခိုင်မာလာသဖြင့် မြန်မာနိုင်ငံတွင် အာရှတိုက်၏နောက်ဆုံးပေါ်ထွက်လာသည့် စီးပွားရေးနယ်မြေသစ်တစ်ခု ဖြစ်ထွန်းနေသည်မှာ မလွဲဧကန်အမှန်ဖြစ်ပါသည်။ ။

# ခရီးမိုင်ရှည် ဝှီးချဲဖြင့်သွားကြသည့်မသန်စွမ်းသူများ ပဲခူးမြို့သို့ရောက်ရှိ

**ပဲခူး နိုဝင်ဘာ ၁၇**

အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့ကို ဂုဏ်ပြုသောအားဖြင့် ရွှေမင်းသားဖောင်ဒေးရှင်းနှင့် ရန်ကုန်မျက်မမြင်ကျောင်း(ခဝဲခြံ)တို့ပူးပေါင်း၍ မသန်စွမ်းသူများ၏ ဝှီးချဲဖြင့် ရန်ကုန်-မန္တလေးခရီးစဉ်ကို သွားကြသည့် မသန်စွမ်းအားကစားသမား ၂၄ ဦးတို့သည် နိုဝင်ဘာ ၁၇ ရက် နံနက်ပိုင်းက ပဲခူးမြို့ တိုးဂိတ်သို့ရောက်ရှိလာရာ ပဲခူးတိုင်းဒေသကြီး လူမှုဝန်ထမ်းဦးစီးဌာန ညွှန်ကြားရေးမှူး ဦးစောဝင်းနှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ ကျောင်းသား ကျောင်းသူများနှင့် ဒေသခံပြည်သူများက ကြိုဆိုကြပြီး ရေသန့်၊ အအေးနှင့် အာဟာရများ ကျွေးမွေးလှူဒါန်းကြသည်။

အဆိုပါအဖွဲ့သည် ပဲခူးမြို့ ဗုဒ္ဓအသံမွေ့ဗိမာန်တွင် ညအိပ်ရပ်နားကြမည်ဖြစ်ပြီး ညပိုင်းတွင် မြို့တော်ခန်းမ၌ အမြင်အာရုံချို့တဲ့သူများက စင်တင်တေးဂီတဖြင့် ဖျော်ဖြေတင်ဆက်မည်ဖြစ်သည်။ ရန်ကုန်-မန္တလေး ခရီးမိုင် ၄၃၄ မိုင်ကို ဝှီးချဲများဖြင့်သွားလာကြသည့် မသန်စွမ်းသူများသည် ပဲခူးတိုင်းဒေသကြီးအတွင်း ဖြတ်သန်းစဉ် ပဲခူး၊ ဒိုက်ဦး၊ ကျောက်တံခါး၊ ဖြူး၊ အုတ်တွင်း၊ ရေတာရှည်နှင့် ရေနီမြို့များ၌ ညအိပ်ရပ်နားမည်ဖြစ်သည်။

ပဲခူးတိုင်းဒေသကြီးအတွင်း ဖြတ်သန်းသွားလာစဉ် သက်ဆိုင်ရာမြို့နယ်၊ ရပ်ကွက်၊ ကျေးရွာများမှ ဌာနဆိုင်ရာများ၊ ဒေသခံပြည်သူများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ကျောင်းသား ကျောင်းသူများက သောင်းသောင်းဖြဖြကြိုဆိုအားပေးကာ ရေ၊ အအေးနှင့်အာဟာရများ ကျွေးမွေးလှူဒါန်းကြမည်ဖြစ်ကြောင်း သိရသည်။ **(တင်စိုး-ပဲခူး)**






## ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

**ရန်ကုန် နိုဝင်ဘာ ၁၇**

| | | | | |
|---|---|---|---|---|
| ရန်ကုန် | ရွှေဈေး | ၆၅၁၅၀၀ | - | ၆၅၁၅၀၀ |
| မန္တလေး | ရွှေဈေး | ၆၅၁၅၀၀ | - | ၆၅၁၅၀၀ |

**စက်သုံးဆီဈေးနှုန်း**

| | | | |
|---|---|---|---|
| (က) | ဒီဇယ် | တစ်လီတာ | ၉၅၀ ကျပ် |
| (ခ) | အောက်တိန်း 95 | တစ်လီတာ | ၁၁၈၀ကျပ် |
| (ဂ) | အောက်တိန်း 92 | တစ်လီတာ | ၉၄၀ ကျပ် |
| (ဃ) | ဓာတ်ဆီ | တစ်လီတာ | ၈၁၄ ကျပ် |

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | | | |
|---|---|---|---|---|
| (က) | အမေရိကန် | တစ်ဒေါ်လာ | = | ၁၀၂၉. ၀ |
| (ခ) | ဥရောပ | တစ်ယူရို | = | ၁၂၈၉. ၇ |
| (ဂ) | တရုတ် | တစ်ယွမ် | = | ၁၆၇. ၈၈ |
| (ဃ) | ထိုင်း | တစ်ဘတ် | = | ၃၁. ၃၆၂ |
| (င) | မလေးရှား | တစ်ရင်းဂစ် | = | ၃၀၇. ၆၂ |
| (စ) | အိန္ဒိယ | တစ်ရူပီး | = | ၁၆. ၆၇၃ |
| (ဆ) | ဂျပန် | တစ်ရာယန်း | = | ၈၈၃. ၆၄ |
| (ဇ) | တောင်ကိုရီးယား | တစ်ရာဝမ် | = | ၉၃. ၄၇၃ |
| (ဈ) | ဩစတြေးလျ | တစ်ဒေါ်လာ | = | ၉၀၁. ၇၆ |
| (ည) | စင်ကာပူ | တစ်ဒေါ်လာ | = | ၇၉၃. ၅၅ |

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဗဟိုဘဏ် သတ်မှတ်ရည်ညွှန်းနှုန်း

နေပြည်တော်(၂) ဖုန်း - 251277, 251288 | မင်္ဂလာ စံပြ ဖုန်း - ၀၉၇၃၁၇၆၀၀၀, ၀၉၇၃၁၇၆၁၁၁, ၀၉၇၃၁၇၆၂၂၂ | မင်္ဂလာ (၂) ဒဂုံစင်တာ(၂) မြေနီကုန်း ဖုန်း - ၀၉၇၃၂၅၄၀၉၁, ၀၉၇၃၂၅၄၀၉၂ | မင်္ဂလာဒိုင်းမွန်း နိုင်းမွန်းပလာဇာ(၅)လွှာ မန္တလေး ဖုန်း-၀၉၄၀၂၇၆၅၆၄၁, ၀၉၄၀၂၇၆၅၆၄၂




နေပြည်တော်(၁) ဖုန်း - 251277, 251288 | မင်္ဂလာဒိုင်းမွန်း နိုင်းမွန်းပလာဇာ(၅)လွှာ မန္တလေး ဖုန်း-၀၉၄၀၂၇၆၅၆၄၁, ၀၉၄၀၂၇၆၅၆၄၂ | မဟာမြိုင်(အင်းစိန်) အဆင့်မြင့်ရုပ်ရှင်ရုံကြီးများတွင်လည်း ၁၄ . ၁၁ . ၂၀၁၄ ရက်မှစတင်၍ တစ်ပြိုင်တည်းပြမည်




ရွှေဆောင်(၁) ဖုန်း - 252113, 388034 | မင်္ဂလာ စံပြ ဖုန်း - ၀၉၇၃၁၇၆၀၀၀, ၀၉၇၃၁၇၆၁၁၁, ၀၉၇၃၁၇၆၂၂၂ | မင်္ဂလာဒိုင်းမွန်း နိုင်းမွန်းပလာဇာ(၅)လွှာ မန္တလေး ဖုန်း-၀၉၄၀၂၇၆၅၆၄၁, ၀၉၄၀၂၇၆၅၆၄၂ | ၁၄ . ၁၁ . ၂၀၁၄ ရက်မှစတင်၍ တစ်ပြိုင်တည်းပြမည်



## ပြည်တွင်းရေးရာ

●ရွှေဖုံးမှ

နိုင်ငံတော်သမ္မတနှင့်အတူ အဖွဲ့ဝင်များအဖြစ် လိုက်ပါသွားကြသည့် ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်၊ ဦးတင်နိုင်သိန်း၊ ဦးဝင်းရှိန်၊ ဒေါက်တာကံဇော်၊ ဦးရဲထွဋ်၊ မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဘုန်းမော်ရွှေ၊ ကယားပြည်နယ်ဝန်ကြီးချုပ်ဦးခင်မောင်ဦးနှင့် တာဝန်ရှိသူများ ပြန်လည်လိုက်ပါလာကြသည်။

ဂျီ- ၂၀ အဖွဲ့ကို ၁၉၉၇ ခုနှစ် အာရှငွေကြေးဂယက်ကြောင့် စတင်ဖွဲ့စည်းခဲ့သည်။ ဂျီ- ၂၀ တွင် အာဂျင်တီးနား၊ ဩစတြေးလျ၊ ဘရာဇီး၊ ကနေဒါ၊ တရုတ်၊ ပြင်သစ်၊ဂျာမနီ၊ အိန္ဒိယ၊အင်ဒိုနီးရှား၊အီတလီ၊ ဂျပန်၊ တောင်ကိုရီးယား၊ မက္ကဆီကို၊ ရုရှား၊ ဆော်ဒီအာရေဗျ၊ တောင်အာဖရိက၊ တူရကီ၊ ဗြိတိန်၊အမေရိကန်ပြည်ထောင်စုနှင့် ဥရောပယူနီယံတို့အဖွဲ့ဝင်အဖြစ်ပါဝင်ကြပြီး ကမ္ဘာ့စီးပွားရေး(၈၀)ရာခိုင်နှုန်းနှင့် လူဦးရေသုံးပုံနှစ်ပုံကို ကိုယ်စားပြုသည့်အရေးပါသော အဖွဲ့အစည်းတစ်ရပ်ဖြစ်သည်။

၂၀၀၈ ခုနှစ်တွင်မူ ကမ္ဘာ့စီးပွားရေးနှေးကွေးမှုကြောင့် ဂျီ- ၂၀ အဖွဲ့ဝင်နိုင်ငံခေါင်းဆောင်များကို နှစ်စဉ် ထိပ်သီးအစည်းအဝေးများကျင်းပပြီး ကမ္ဘာ့စီးပွားရေးပျက်ကပ်များ ရှောင်ရှားနိုင်ရန် နိုင်ငံတကာစီးပွားရေး မူဝါဒများအား ထိန်းညှိပေးသည့်အဖွဲ့အစည်းအဖြစ်ပေါ်ထွက်လာသည်။

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် အာဆီယံဥက္ကဋ္ဌအနေဖြင့် ဖိတ်ကြားခြင်းခံရသည့်အတွက် အာဆီယံနိုင်ငံများကိုယ်စား အထူးဧည့်သည်တော်အဖြစ် တက်ရောက်ခဲ့ခြင်းဖြစ်သည်။

**(သတင်းစဉ်)**

# ရန်ကုန် ထော်လီကွေ့-ပုဇွန်တောင် ကမ်းနားလမ်းတစ်လျှောက် မြို့ပတ်ရထားပြေးဆွဲရန် ပြင်ဆင်

**ရန်ကုန် နိုဝင်ဘာ ၁၇**

ခရီးသွားပြည်သူများအား လွယ်ကူလျင်မြန်ချောမွေ့စွာ ပို့ဆောင်နိုင်ရန်နှင့် ရန်ကုန်မြို့တော် ယာဉ်ကြောကျပ်တည်းမှုများကို ဖြေလျှော့ရန်၊ လမ်းကြောင်းသစ်၊ ရထားအသစ်များ တိုးချဲ့ပြေးဆွဲခြင်း၊ ဘူတာနယ်မြေဘက်စုံဖွံ့ဖြိုးရေးများ ဆောင်ရွက်ခြင်းတို့ကို ရထားပို့ဆောင်ရေးဝန်ကြီးဌာနက ကြိုးပမ်းအကောင်အထည်ဖော်လျက်ရှိရာ ယနေ့ နံနက်ပိုင်းတွင် သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်းနှင့်ရထားပို့ဆောင်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဌေးတို့သည် RBE ရထားနှင့် လျှပ်စစ်ရထားပြေးဆွဲမည့် ထော်လီကွေ့-ပုဇွန်တောင်ရထားလမ်းပိုင်းကို RBE ရထားဖြင့် ကြည့်ရှုစစ်ဆေးပြီး ရန်ကုန်မြို့တော် ယာဉ်ကြောကျပ်တည်းမှုဖြေလျှော့ရေးနှင့်ပြည်သူများ သွားလာမှုလွယ်ကူရေးတို့ကို အမြန်ဆုံး အထောက်အကူရရှိအောင် ကြိုးပမ်းဆောင်ရွက်ကြရန် မှာကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးများသည် ရန်ကုန်ဘူတာကြီးရှိ စခန်းသာရိပ်သာ အစည်းအဝေးခန်းမ၌ မြန်မာ့မီးရထားမှ တာဝန်ရှိသူများနှင့်တွေ့ဆုံ၍ လုပ်ငန်းလိုအပ်ချက်များကို မှာကြားကြသည်။

ယင်းနောက် ရန်ကုန်ဘူတာကြီးအတွင်း လှည့်လည်ကြည့်ရှုပြီး ခရီးသွားပြည်သူများနှင့် တွေ့ဆုံသည်။ ထို့နောက် ရန်ကုန်ဘူတာကြီးရှိ ယာဉ်မောင်းလိုင်စင် သက်တမ်းတိုးဌာန၌ သက်တမ်းတိုးလုပ်ငန်းများ နေ့ချင်းပြီးဆောင်ရွက်ပေးနေမှုကို ကြည့်ရှုခဲ့ကြောင်း သတင်းရရှိသည်။

**(ကြေးမုံ)**

◆◆◆◆

○ရင်းနီးမြှုပ်နှံမှုမှ

**မေး။ ။ ဆရာက ပညာရှင်တစ်ဦးဆိုတော့ သဘာဝဘေးအန္တရာယ် ကြိုတင်ပြင်ဆင်မှုနဲ့ စီမံခန့်ခွဲမှုတွေမှာ ဆရာရဲ့ အတွေ့အကြုံကိုသိချင်ပါတယ်။**

ဖြေ။ ။ သဘာဝဘေးအန္တရာယ် ကြိုတင်ပြင်ဆင်မှုနှင့် စီမံခန့်ခွဲမှုတွေမှာ နှစ်နှစ်ဆယ်ကျော် လုပ်ဆောင်ခဲ့တဲ့ အတွေ့အကြုံရှိပါတယ်။ နိုင်ဂျီးရီးယား၊ ဖိလစ်ပိုင်၊ ဘရာဇီး၊ ဟွန်ဒူးရတ်၊ ဂွါတီမာလာ၊ အာမေးနီးယား၊ကော်စတာရီကာ စတဲ့နိုင်ငံတွေမှာ သဘာဝဘေးအန္တရာယ်ဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ၊ နှီးနှောဖလှယ်ပွဲတွေပြုလုပ်ခဲ့ပါတယ်။ ဒါ့အပြင် ဟိုင်ဖာတက္ကသိုလ်မှာ အရေးပေါ်နဲ့ သဘာဝဘေးအန္တရာယ်အစီအစဉ်ဆိုင်ရာ သင်တန်းတွေပို့ချခဲ့သလို ကုလသမဂ္ဂသဘာဝဘေးအန္တရာယ် စင်တာ၊ အစ္စရေး လုံခြုံရေး အာဏာပိုင်၊ အစ္စရေးအမျိုးသားဘဏ်နဲ့ တဲလ်အဗစ်စတော့အိတ်ချိန်းတွေမှာ အကြံပေးတစ်ဦးအဖြစ်လုပ်ကိုင်ခဲ့ပါတယ်။

**မေး။ ။မြန်မာနိုင်ငံရဲ့ သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုနဲ့ ကြိုတင်ပြင်ဆင်မှုနဲ့ပတ်သက်ပြီး မှတ်ချက်ပေးစရာများရှိပါသလား။**

ဖြေ။ ။ လောလောဆယ်တော့ ဘာမှတ်ချက်မှ ပေးဖို့မရှိသေးပါဘူး။ မှတ်ချက်ပေးနိုင်ဖို့ကတော့ အချိန်စောနေပါသေးတယ်။

ပြီးနောက်မြန်မာ့သတင်းစဉ် (နိုင်ငံခြား) အဖွဲ့သည် အစ္စရေးသံအမတ်ကြီး မစ္စတာ ဒင်နီယယ်လ် ဇွန်ရှိုင်ကို ထပ်မံတွေ့ဆုံမေးမြန်းခဲ့ပါသည်။

**မေး။ ။ မြန်မာနဲ့ အစ္စရေးတို့အကြား စီးပွားရေးပူးပေါင်းဆောင်ရွက်မှုနဲ့ အပြန်အလှန် သွားရောက်လည်ပတ်မှုနဲ့ ပတ်သက်ပြီး အနာဂတ်အစီအစဉ်များကို သိချင်ပါတယ်။**

ဖြေ။ ။ လာမယ့်ဇန်နဝါရီလမှာ အစ္စရေးလယ်ယာစိုက်ပျိုးရေးဝန်ကြီး မြန်မာနိုင်ငံကို လာရောက်ဖို့အစီအစဉ်ရှိပါတယ်။ အဲ့ဒီနောက်ပိုင်း အစ္စရေးအရာရှိများ၊ စီးပွားရေးလုပ်ငန်းရှင်များ မြန်မာနိုင်ငံကို လာရောက်ကြမှာဖြစ်ပါတယ်။ ပြီးခဲ့တဲ့လက မြန်မာနဲ့ အစ္စရေးတို့ ရင်းနှီးမြှုပ်နှံမှုကာကွယ်ရေးဆိုင်ရာ စာချုပ်ချုပ်ဆိုပြီးတဲ့အတွက် အစ္စရေးကုမ္ပဏီတွေ ရင်းနှီးမြှုပ်နှံမှုကဏ္ဍမှာ ပိုမိုစိတ်ဝင်စားလာကြပြီးမြန်မာနိုင်ငံကို ထပ်မံရောက်ရှိလာမှာဖြစ်ပါတယ်။ နှစ်နိုင်ငံခေါင်းဆောင်များ အပြန်အလှန်လည်ပတ်မှုအပြင် အဆင့်မြင့်အရာရှိများ၊ ပုဂ္ဂလိကကဏ္ဍမှ ပုဂ္ဂိုလ်များ အပြန်အလှန်လည်ပတ်မှု ပိုမိုလုပ်ဆောင်နိုင်ရေးကိုလည်းအစ္စရေးဘက်က ကြိုးပမ်းနေပါတယ်။

**မေး။ ။ အစ္စရေးကုမ္ပဏီတွေအနေနဲ့ မြန်မာနိုင်ငံရဲ့ ဘယ်ကဏ္ဍတွေမှာ ပို၍စိတ်ဝင်စားကြပါသလဲ။**

ဖြေ။ ။အဓိကကတော့ ကျန်းမာရေး၊ ပညာရေး၊ လယ်ယာစိုက်ပျိုးရေး၊ ဆက်သွယ်ရေးနဲ့ ရေစီမံခန့်ခွဲမှု စတဲ့ကဏ္ဍတွေဖြစ်ပါတယ်။ လက်ရှိမှာလည်း ဆက်သွယ်ရေးတာဝါတိုင်များ တည်ဆောက်ရေးမှာ ပါဝင်ကြပါတယ်။ ရင်းနှီးမြှုပ်နှံမှု ပိုမိုထိရောက်ရေးအတွက် အစ္စရေးအနေနဲ့ နှစ်နိုင်ငံအကြားရှိပြီးသား ပူးပေါင်းဆောင်ရွက်မှုနဲ့ ချစ်ကြည်ရေးကို ပိုမိုခိုင်မြဲအောင် လုပ်ဆောင်လျက်ရှိပါတယ်။



# သရက်မြို့နယ်အတွင်း မိုးစပါး စံကွက်ရိတ်သိမ်းပွဲကျင်းပ

**သရက် နိုဝင်ဘာ ၁၇**

မကွေးတိုင်းဒေသကြီး သရက်မြို့နယ် ဘော်ကျေးရွာ၌ မိုးစပါးစံကွက်ရိတ်သိမ်းပွဲကို နိုဝင်ဘာ ၁၆ ရက်က တောင်သူဦးမြင့်ရွှေ၏ ကွင်းအမှတ်(၉၁၇)တွင် ကျင်းပရာ တစ်ဧကစပါး အထွက် ၁၄၄ ဒသမ ၅၃ တင်းထွက်ရှိကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

အဆိုပါ အခမ်းအနားသို့ မကွေးတိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်ဒေါ်ယဉ်ယဉ်လှ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးညွန့်လှိုင်၊ စိုက်ပျိုးရေးဌာနမှ ခရိုင်စိုက်ပျိုးရေးမှူး ဦးမင်းဇော်အောင်နှင့် မြို့နယ်စိုက်ပျိုးရေးညှိနှိုင်းမှုအဖွဲ့ စိုက်ပျိုးရေးဝန်ထမ်းနှင့် ကျေးရွာအုပ်စု ခုနစ်အုပ်စုမှ တောင်သူများ တက်ရောက်ကြသည်။

အဆိုပါ စံကွက်ရိတ်သိမ်းအပြီးတွင် မြို့နယ်စိုက်ပျိုးရေးဌာန မြို့နယ်ဦးစီးမှူး ဦးတင်နိုင်ဦးက ဗီယက်နမ်စပါးမျိုး စိုက်ပျိုးဖြစ်ထွန်းအောင်မြင်မှုနှင့် ဒေသနှင့် ကိုက်ညီမှုရှိပြီး (GAP) စနစ်ဖြင့် စနစ်တကျစိုက်ပျိုးကြရန် လိုကြောင်း ရှင်းလင်းဆွေးနွေးကာ တက်ရောက်လာသည့် တောင်သူများက သိရှိလိုသည်များ မေးမြန်းရာ တာဝန်ရှိသူများက ပြန်လည်ဖြေကြားပေးခဲ့ကြောင်း သိရသည်။

**ဇော်ထက်(သရက်)**

# ရန်ကုန်မြစ်အတွင်း ဒိုက်ပုံများ စက်တပ်သမ္ဗန်များဖြင့် ဆယ်ယူရှင်းလင်း

**ရန်ကုန် နိုဝင်ဘာ ၁၇**

ရန်ကုန်တောင်ပိုင်းခရိုင် ဒလမြို့နယ်တွင် သမ္မတကမ်းခြေ၊ ကမာအောင်၊ တံလျှပ်၊ ရေကန်ဆိပ်၊ ကမာကသွယ်၊ စက်မြေ၊ ကမာကဆစ်၊ မှော်စက်၊ ဆာပါချောင်နှင့် ကျောင်းစုဟူ၍ စက်တပ်သမ္ဗန်ကူးတို့ဆိပ် ၁၀ ဆိပ်ရှိသည်။ ထိုသမ္ဗန်ဆိပ် ၁၀ ဆိပ်မှ တစ်ဆိပ်လျှင် တစ်စင်းနှုန်း စုစုပေါင်း စက်တပ်သမ္ဗန် ၁၀ စင်းဖြင့် နိုဝင်ဘာ ၁၃ ရက် မှ ၁၅ ရက်အထိ သုံးရက်တိုင်တိုင် ရန်ကုန်မြစ်အတွင်းရှိ "ဒိုက်ပုံ(အမှိုက်ဖတ်)များ ဆယ်ယူရှင်းလင်းခြင်းလုပ်ငန်း" ကို ဒလမြို့နယ်ထွေ/အုပ်ဦးစီးဌာနမှ တာဝန်ရှိသူများနှင့် မြို့နယ်စက်တပ်ရေယာဉ်အဖွဲ့ဥက္ကဋ္ဌတို့က ကြီးကြပ်၍ ရေယာဉ်ဂိတ်မှူးများနှင့်ရေယာဉ်မောင်းများက ကိုယ့်အားကိုယ်ကိုး စုပေါင်းဆောင်ရွက်ခဲ့ကြသည်။

ထိုသို့ ရန်ကုန်မြစ်အတွင်း ရေပေါ်ရေအောက်မျောပါနေသော ဒိုက်ဖတ်များ သယ်ယူခြင်းလုပ်ငန်းကို JICA မှ လှူဒါန်းသော ချယ်ရီကူးတို့ရေယာဉ်သုံးစင်းပြေးဆွဲရာနေရာ ဒလ-ပန်းဆိုးတန်းသင်္ဘောဆိပ်နေရာ အနီးတစ်ဝိုက်တွင် အဓိကထားဆောင်ရွက်ကြပြီး ရန်ကုန်ဘက်ကမ်းတွင် ဗိုလ်အောင်ကျော်ဆိပ်ကမ်းမှ စဉ့်အိုးတန်းဆိပ်ကမ်းအထိ၊ ဒလဘက်ကမ်းတွင် သမ္မတကမ်းခြေမှ မှော်စက်ကူးတို့ဆိပ်အထိ ကမ်းရိုးတန်းတစ်ဝိုက်နှင့် မြစ်ရေကြောင်းတစ်လျှောက်တွင် နေ့စဉ်စက်တပ်သမ္ဗန် ၁၀ စင်းဖြင့် လိုက်လံဆယ်ယူဆောင်ရွက်ခဲ့ကြောင်း သိရသည်။

"ဒီဒိုက်ပုံတွေက တော်သလင်းလဆိုရင် မြက်ရိုင်းကြမ်းပင်၊ ဗေဒါပင်နှင့်တခြားအမှိုက်များ တသီတတန်းကြီး ရန်ကုန်မြစ်အတွင်းမှာ မျောနေတာစတွေ့ရပြီး အခုဒိုက်ဖတ်က ရေပေါ်မှာနည်းနည်းပဲမြင်ရပေမယ့် ဆယ်ယူလိုက်ရင် အစုလိုက်အပြုံလိုက်ပဲ။ သမ္ဗန်ပေါ်ရောက်အောင် အားစိုက်ပြီးဆယ်ယူရတယ်။ ငါးရှဉ့်၊ ကဏန်းတွေလည်းခိုအောင်းနေကြတာ၊ ဒိုက်ဖတ်တွေကြားမှာ အများကြီးပါလာတယ်"ဟု ရေကန်ဆိပ်မှ စက်တပ်သမ္ဗန် မောင်းသူတစ်ဦးက ၎င်း၏အတွေ့အကြုံများကို ပြောခဲ့သည်။

**သန်းဌေး(ဒလ)**






# ပုပ်ရဟန်းမင်းကြီး ဖရန်စစ် လာမည့်နှစ်တွင် အမေရိကန်သို့လည်ပတ်မည်

**နယူးယောက် နိုဝင်ဘာ ၁၇**

အသင်းသားအသင်းသူ လူဦးရေ ၁ ဒသမ ၂ ဘီလီယံရှိသော ရိုမန်ကက်သလစ်ဘုရားကျောင်းတော်၏ အကြီးအကဲဖြစ်သူ ပုပ်ရဟန်းမင်းကြီးသည် အသင်းတော်၏အကြီးအကဲအနေဖြင့် လာမည့်နှစ်တွင် အမေရိကန်ပြည်ထောင်စုသို့ သွားရောက်လည်ပတ်မည်ဖြစ်ကြောင်း ၎င်းက ယနေ့ ပြောကြားလိုက်သည်။

ပုပ်ရဟန်းမင်းကြီး ဖရန်စစ်က ဘာသာရေးကွန်ဖရင့်တစ်ခုတွင် ပြောကြားရာ၌ မိမိအနေဖြင့် ကမ္ဘာလုံးဆိုင်ရာ ရိုမန်ကက်သလစ်ဘုရားကျောင်းများ၏ မိသားစုများတွေ့ဆုံပွဲကို တက်ရောက်ရန် စက်တင်ဘာလတွင် ဖလယ် ဒီဖီးယားသို့ သွားရောက်ရန်ရှိကြောင်း ပြောကြားလိုက်သည်။၎င်း၏ခရီးစဉ်အတွင်း အိမ်ဖြူတော်၊ ဝါရှင်တန်ဒီစီရှိ ကွန်ဂရက်နှင့် ကမ္ဘာ့ကုလသမဂ္ဂရှိရာ နယူးယောက်တို့တွင် ခရီးတစ်ထောက် ဝင်ရောက်ရန်ရှိသော်လည်း ၎င်း၏မိန့်ခွန်းတွင် ထိုအချက်ကိုထည့်သွင်းပြောကြားခြင်းမရှိခဲ့ပေ။

ကက်သလစ်ဘာသာရေးတာဝန်ရှိသူများ၏ ပြောကြားချက်အရ ဖလယ်ဒီဖီးယားတွင်ကျင်းပမည့် ဘာသာရေးဝတ်ပြုဆုတောင်းပွဲတွင် လူတစ်သန်းခန့် တက်ရောက်မည်ဖြစ်ကြောင်း သိရသည်။

ပုပ်ရဟန်းမင်းကြီးသည် ဒုတိယအကြိမ်မြောက် အာရှခရီးစဉ်အဖြစ် ဇန်နဝါရီလက ဖိလစ်ပိုင်နှင့် သီရိလင်္ကာနိုင်ငံသို့ သွားရောက်ခဲ့သည်။

**ရိုက်တာ။**

# နိုင်ဂျီးရီးယားတွင် အမျိုးသမီးတစ်ဦးက အသေခံဗုံးခွဲတိုက်ခိုက်

**လေဂို့စ် နိုဝင်ဘာ ၁၇**

နိုင်ဂျီးရီးယားနိုင်ငံမြောက်ပိုင်း မိုဘိုင်းဖုန်းရောင်းချသည့်ဈေးတစ်ဈေးကို အမျိုးသမီးတစ်ဦးက အသေခံဗုံးခွဲတိုက်ခိုက်မှုကြောင့် ၁၃ ဦး သေဆုံးပြီး ၆၅ ဦးဒဏ်ရာရခဲ့ကြောင်း မျက်မြင်တွေ့ရှိသူများက ပြောကြားသည်။ ယင်းတိုက်ခိုက်မှုမှာ ဘိုကိုဟာရမ် အစ္စလာမ္မစ်များ၏ တိုက်ခိုက်မှုများ အဆိုးရွားဆုံးခံနေရသည့် ပြည်နယ်သုံးခုအနီးတွင်ရှိသော ဘာယူချီပြည်နယ် အဇာရီမြို့တွင် ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

ဗုံးဖောက်ခွဲခဲ့သည့် အမျိုးသမီးနှင့်အတူ ပါလာသူ အမျိုးသားတစ်ဦးအား ဒေါသထွက်နေသော လူတစ်စုက သတ်ဖြတ်ခဲ့သည်။

ဗုံးမဖောက်ခွဲမီ အမျိုးသမီးက ဈေးဝယ်သူ ဖောက်သည်များဆီသို့ တိုးဝှေ့ဝင်ရောက်ပြီး ဗုံးဖောက်ခွဲခဲ့ကြောင်း မျက်မြင်သက်သေတစ်ဦးက အေအက်ဖ်ပီသတင်းဌာနသို့ ပြောကြားခဲ့သည်။ ထိုအမျိုးသမီးက အမျိုးသား နှစ်ဦးနှင့် အတူလာရောက်ပြီး ၎င်းဝှက်ယူလာသော ဖောက်ခွဲရေးပစ္စည်းများကို လူပုံအလယ်တွင် ဖောက်ခွဲခဲ့ကြောင်း ၎င်းက ဆိုသည်။ ယင်းအမျိုးသား နှစ်ဦးအား ဖမ်းဆီးခဲ့စဉ် တစ်ဦးကို ဒေါသထွက်နေသော လူအုပ်က သတ်ခဲ့ပြီးနောက် တစ်ဦးကို လက်ရဖမ်းဆီးခဲ့သည်။

ဗုံးဖောက်ခွဲမှုကြောင့် မီးလောင်သွားသော ဖုန်းဆိုင်များကို မီးသတ်သမားများက အချိန်မီငြိမ်းသတ်နိုင်ခဲ့သည်။ အဇာရီအားကစားကွင်း အနီးပတ်ဝန်းကျင်တွင် ဖြစ်ပွားခဲ့သော ယခုဖောက်ခွဲမှုသည် လွန်ခဲ့သောရက်သတ္တပတ်အတွင်း မြို့တွင်းဖောက်ခွဲမှုများအနက် သုံးခုမြောက်ဖြစ်သည်။

လွန်ခဲ့သောသီတင်းပတ်က ငွေထုတ်စက် တစ်လုံးအနီးတွင် ဗုံးပေါက်ကွဲမှုဖြစ်ပွားရာ လူအများအပြားသေဆုံးခဲ့ရပြီး အောက်တိုဘာ ၂၃ ရက်နေ့တွင် ဘတ်စ်ကားမှတ်တိုင်တစ်ခုအနီးတွင် ဗုံးပေါက်ကွဲမှုကြောင့် အနည်းဆုံး လူ ၅ ဦး သေဆုံးခဲ့ကြောင်း သိရသည်။ **အေအက်ဖ်ပီ။**



# ဆွစ်ဇာလန်နှင့် အီတလီနိုင်ငံတို့၌ ရွှံ့မြေများပြိုကျ၍ လူလေးဦးထက်မနည်းသေဆုံး

**ဂျီနီဗာ နိုဝင်ဘာ ၁၇**

ဆွစ်ဇာလန်နိုင်ငံတောင်ပိုင်းနှင့် အီတလီနိုင်ငံမြောက်ပိုင်းဒေသများ၌ ရက်အတန်ကြာ သည်းထန်စွာ ရွာသွန်းခဲ့သောမိုးကြောင့် နိုဝင်ဘာ ၁၆ ရက်တွင် လူနေအိမ်များပေါ်သို့ ရွှံ့မြေများပြိုကျကာ လူလေးဦးထက်မနည်း သေဆုံးကြောင်း ဒေသဆိုင်ရာသတင်းများ၌ ဖော်ပြသည်။

ဆွစ်ဇာလန်နိုင်ငံ လူဂါနိုမြို့အနီးရှိ နေအိမ်တစ်လုံးပေါ်သို့ ရွှံ့ညွန်တံတိုင်းပြိုကျမှုကြောင့် အမျိုးသမီးနှစ်ဦး သေဆုံးခဲ့သည်။

လူဂါနိုမြို့နှင့် မျက်နှာချင်းဆိုင် အီတလီနယ်စပ်အနီးတွင် မြေပြိုကျမှုကြောင့် အငြိမ်းစားတစ်ဦးနှင့် ၎င်း၏မြေးမလေးတို့ သေဆုံးခဲ့သည်။

ဆွစ်ဇာလန်နှင့် အီတလီနှစ်နိုင်ငံ အာဏာပိုင်များက မိုးအဆက်မပြတ်ရွာသွန်းမည်ဟု ခန့်မှန်းထားပြီး အဆိုပါဒေသများ၌ ရေကြီးရေလျှံမှုများ ဖြစ်ပေါ်နိုင်ကြောင်း အသိပေးချက်ထုတ်ပြန်ထားသည်။

ဆွစ်ဇာလန်နှင့် အီတလီနိုင်ငံများအတွင်းရှိ လူဂါနိုနှင့် မက်ဂီသိုနီရေကန်ကြီးများတွင် ရေမျက်နှာပြင်များ ဘေးအန္တရာယ်ရှိသည့်အဆင့်သို့ မြင့်တက်လာနေသည်။

ယင်းဒေသအတွင်း၌ ရက်အနည်းငယ်အတွင်း ရွာသွန်းခဲ့သောမိုးယခုနှစ်အတွင်း ပုံမှန်ရွာသွန်းရာ၌ မျှော်လင့်ထားသည်ထက် ပိုမိုနေမည်ဟု သတင်းတွင်ဖော်ပြသည်။

မိုးသည်းထန်စွာရွာသွန်းမှု ကြောင့် အီတလီမြောက်ပိုင်းမှ ဗီဂျီဇာနိုမြို့အနီးရှိ တီစီနိုမြစ်ကမ်း၌ ရေလျှံမှုများ ဖြစ်ပေါ်နေကြောင်း သတင်းတွင် ဖော်ပြသည်။

**ဘီဘီစီ။**

# ဘိုကိုဟာရမ်အဖွဲ့သိမ်းယူထားသည့် ချီဘော့ခ်မြို့အား နိုင်ဂျီးရီးယား အစိုးရတပ်ဖွဲ့များ ပြန်လည်သိမ်းပိုက်

**လေဂို့စ် နိုဝင်ဘာ ၁၇**

ဘိုကိုဟာရမ်စစ်သွေးကြွအဖွဲ့က နိုဝင်ဘာ ၁၃ ရက်တွင် သိမ်းယူထားခဲ့သော နိုင်ငံအရှေ့မြောက်ပိုင်းမှ ချီဘော့ခ်မြို့အား ပြန်လည်သိမ်းယူခဲ့ကြောင်း နိုင်ဂျီးရီးယားအစိုးရတပ်က နိုဝင်ဘာ ၁၆ ရက်တွင် ပြောကြားသည်။

ယခုနှစ် ဧပြီလအတွင်းက အဆိုပါမြို့အနီးကျေးရွာမှ ကျောင်းသူ ၂၀၀ ကျော်ကို ဘိုကိုဟာရမ်စစ်သွေးကြွများက ပြန်ပေးဆွဲသွားခဲ့သည်။

ယင်းအဖွဲ့က နိုင်ဂျီးရီးယားနိုင်ငံအား အစ္စလာမ္မစ်နိုင်ငံ ထူထောင်ရေးအတွက် တိုက်ခိုက်မှုများ လုပ်ဆောင်သွားမည်ဟု ပြောကြားပြီး မကြာသေးမီလများအတွင်းက ဘိုနိုပြည်နယ်အတွင်းရှိ ကျေးရွာများအား ၎င်းတို့က ပစ်မှတ်ထားခဲ့ကြောင်း သတင်းများ ထွက်ပေါ်ခဲ့သည်။

နိုဝင်ဘာ ၁၆ရက်တွင် ချီဘော့ခ်မြို့အား နိုင်ဂျီးရီးယားတပ်ဖွဲ့များ ပြန်လည်သိမ်းယူရာ၌ ဘိုကိုဟာရမ်အဖွဲ့ဝင် အများအပြား သေဆုံးခဲ့သည်ဟု သတင်းတွင်ဖော်ပြသည်။

**ဘီဘီစီ။**

ခေတ်သစ်မြန်မာ 09-5029456
ကျိုက်ထီးရိုး/ချောင်းသာ (နေ့စဉ်)
တောင်ကြီး၊ အင်းလေး၊ ပင်းတယ၊ ကုံလုံ
မန္တလေး၊ ပြင်ဦးလွင်၊ စစ်ကိုင်း၊ မုံရွာ
ပုဂံ(စွယ်တော်လေးဆူ)၊ ပုပ္ပါး၊ ပခုက္ကူ
နေပြည်တော် ဧလွန် (တနင်္ဂနွေ)
09-450023156,09-254200684

COHABO
ချောင်းသာ/ငွေဆောင်
စရိတ်ငြိမ်း-70000
No-၁၁/၁၃၊ဒုတ္တာ၊ငှဲ့လမ်း၊ဗိုလ်တထောင်။
Ph-203519
09 516 1773, 09 731 61773

မူးယစ်
ဆန့်ကျင်
အောင်ပွဲဆင်

## မြန်မာ့ရုပ်မြင်သံကြားထုတ်လွှင့်မှုအစီအစဉ်အကျဉ်း

၁၈-၁၁-၂၀၁၄ (အင်္ဂါနေ့)

| | |
|---|---|
| ၆း၀၀ | တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော် |
| ၁၂း၀၀ | ပြည်တွင်းသတင်း၊ နိုင်ငံတကာ သတင်း၊ မိုးလေဝသအခြေအနေ |
| ၁၂း၃၀ | ပြည်သူ့အတွက်ကြိုးပမ်းမှုပုံရိပ်များ |
| ၁၂း၄၅ | မြန်မာဗီဒီယိုဇာတ်လမ်း"ဖေချစ်" (လူမင်း၊ မေသဥ္ဇာဦး၊ ဝတ်မှုန်ရွှေရည်) (ဒါရိုက်တာ-မောင်အောင်(ရှုပဗေဒ) |
| ၂း၁၅ | မှတ်မှတ်ထင်ထင်မြန်မာ့ရုပ်ရှင် (ဒါရိုက်တာ-ကြည်စိုးထွန်း၊ အကယ်ဒမီဒေစီကျော်ဝင်း) |
| ၂း၄၀ | မြန်မာ့ဓလေ့ရိုးရာလက်ဝှေ့ |
| ၄း၃၅ | အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ -ဒုတိယနှစ်(သမိုင်း၊ ပထဝီ၊ စိတ်ပညာအထူးပြုများ)(သမိုင်း) |
| ၈း၀၀ | ပြည်တွင်းသတင်း၊ နိုင်ငံတကာ သတင်း၊ မိုးလေဝသအခြေအနေ |
| ၈း၃၅ | "မျက်မှောက်ရေးရာ အဖြာဖြာ" |
| ၉း၀၀ | ပြည်တွင်းသတင်း၊ မိုးလေဝသအခြေအနေ |
| ၉း၃၀ | ပြည်သူ့အတွက်ကြိုးပမ်းမှုပုံရိပ်များ -ခြေခြေမြစ်မြစ်နှစ်နှစ်ကာကာချစ်တဲ့ ကာလပေါ်တေးအရသာ (အပိုင်း-၁၁၂) -နိုင်ငံခြားဇာတ်လမ်းတွဲ "ဂုဏ်ရည်မတူတဲ့အချစ်" (အပိုင်း-၄) |

# ပြန်ပေးဆွဲမှုကြောင့် ကိုလံဘီယာအစိုးရနှင့် လက်ဝဲအဖွဲ့တို့ ငြိမ်းချမ်းရေးဆွေးနွေးမှု ဆိုင်းငံ့

**ဘိုဂိုတာ နိုဝင်ဘာ ၁၇**

ကိုလံဘီယာတပ်မတော်မှ ဗိုလ်မှူးချုပ်တစ်ဦး ပြန်ပေးဆွဲခံရမှုကြောင့် ကိုလံဘီယာ လက်ဝဲအဖွဲ့(အက်ဖ်အေအာရ်စီ)နှင့် ငြိမ်းချမ်းရေးဆွေးနွေးနေမှုများကို ကိုလံဘီယာအစိုးရက ဆိုင်းငံ့ထားလိုက်ကြောင်း နိုဝင်ဘာ ၁၇ရက် ဘီဘီစီသတင်းတွင် ဖော်ပြသည်။

အောက်တိုဘာ ၁၆ ရက်က နိုင်ငံမြောက်ပိုင်းရှိ ချိုကိုပြည်နယ်တွင် ဗိုလ်မှူးချုပ် ရူဘင်ဒါရီယိုအယ်ဇိတ်မိုရာကို သူပုန်များက ပြန်ပေးဆွဲသွားသည်ဟု ကိုလံဘီယာတပ်မတော် တာဝန်ရှိသူက ပြောကြားသည်။

ကိုလံဘီယာနိုင်ငံသမ္မတ ဂျူအန်မန်နျူရယ်ဆန်းတိုးစ်က လက်ဝဲအဖွဲ့အား ပြန်ပေးဆွဲခံရသည့် ကိုလံဘီယာတပ်မတော်မှ ဗိုလ်မှူးချုပ်အား ဘေးအန္တရာယ်ကင်းရှင်းစွာဖြင့် ချက်ချင်းပြန်လွှတ်ပေးရန် တောင်းဆိုလိုက်သည်။

ကိုလံဘီယာအစိုးရနှင့် အက်ဖ်အေအာရ်စီအဖွဲ့တို့အကြား နှစ်နှစ်ကျော်ကြာမျှ ငြိမ်းချမ်းရေးဆွေးနွေးမှုများ ပြုလုပ်နေသော်လည်း ယနေ့တိုင် အပစ်အခတ်ရပ်စဲရေးသဘောတူညီချက် မရရှိသေးပေ။

သမ္မတ ဆန်းတိုစ်က နိုဝင်ဘာ ၁၇ ရက်တွင် အစိုးရ၏ ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့အား ကျူးဘားနိုင်ငံ ဟာဗားနားမြို့သို့ စေလွှတ်ရန် စီစဉ်ထားကြောင်း၊ သို့သော် ယခုအချိန်၌ ဗိုလ်မှူးချုပ် အယ်ဇိတ်အား ပြန်ပေးဆွဲထားသည့်အတွက် ငြိမ်းချမ်းရေးဆွေးနွေးမှုကို ဆိုင်းငံ့ထားလိုက်ပြီဖြစ်ကြောင်းနှင့် ၎င်းအား ပြန်လွှတ်ပေးမှသာ ငြိမ်းချမ်းရေးဆွေးနွေးမှုများ ဆက်လက်လုပ်ဆောင်မည်ဟု သတင်းထောက်များအား ပြောကြားသည်။

ဗိုလ်မှူးချုပ် အယ်ဇိတ်သည် ချိုကိုပြည်နယ် အက်ဖရာတိုမြစ်အတွင်း၌ ရေယာဉ်ဖြင့် ခရီးသွားနေစဉ် လက်မာဆီဒီးစ်ကျေးရွာအရောက်၌ အဖွဲ့က ၎င်းနှင့်အတူ ပါလာသူ ဗိုလ်ကြီး ရိုဒရီဂွတ်ဇ်ကွန်ထရာနှင့် ရှေ့နေ ဂလော်ရီယာ ယူရီနိုတို့ကိုပါ ဖမ်းဆီးခေါ်ဆောင်သွားကြောင်း သတင်းတွင် ဖော်ပြသည်။

**ဘီဘီစီ။**

# သစ်တောကဏ္ဍဖွံ့ဖြိုးမှုကို အထောက်အကူပြုနိုင်မည့် သုတေသနစာတမ်းဖတ်ပွဲ ကျင်းပ

ရာမည(ကြေးမုံ)

**နေပြည်တော် နိုဝင်ဘာ ၁၇**

နိုင်ငံတစ်နိုင်ငံဖွံ့ဖြိုးတိုးတက်ဖို့၊ အဖွဲ့အစည်းတစ်ခု ဖွံ့ဖြိုးတိုးတက်ဖို့၊ လုပ်ငန်းနယ်ပယ်တစ်ခု ဖွံ့ဖြိုးတိုးတက်ဖို့အတွက် ကြိုးပမ်းဆောင်ရွက်ရာတွင် လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးရေးနှင့် သုတေသနလုပ်ငန်းများသည် အလွန်အခြေခံကျပြီး အရေးကြီးလှပါကြောင်း၊ ရင်ဆိုင်တွေ့ကြုံနေကြရသည့် လူမှုရေး၊ စီးပွားရေး၊ ပတ်ဝန်းကျင်နှင့် နည်းပညာပိုင်းဆိုင်ရာ ပြဿနာများ၊ အခက်အခဲများကို ဖြေရှင်းနိုင်ရန်အတွက်သာမက ခေတ်စနစ်အလိုက် ဖြစ်ပေါ်ပြောင်းလဲမှုများနှင့်အညီ ဆန်းသစ်တီထွင်နိုင်ရန်အတွက် သုတေသနလုပ်ငန်းများကို ငွေကြေး၊ အချိန်နှင့် လူ့စွမ်းအားအရင်းအမြစ်များ ရင်းနှီးမြှုပ်နှံပြီး တစိုက်မတ်မတ်ဆောင်ရွက်ကြရပါကြောင်း၊ သုတေသန၏ အခြေခံဆောင်ပုဒ်ဖြစ်သည့် "သုတေသနမှသည် ဖွံ့ဖြိုးမှုဆီသို့ (Progress Through Research)" နှင့်အညီ လက်ရှိအခြေအနေမှသည် အသွင်သဏ္ဌာန်ရော အနှစ်သာရပါ ပိုမိုကောင်းမွန်သည်ထက် ကောင်းမွန်အောင် သုတေသနလုပ်ငန်းများကို စဉ်ဆက်မပြတ်ကြိုးပမ်းဆောင်ရွက်ကြဖို့လိုကြောင်း ယနေ့ နံနက်ပိုင်းက ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန ခန်းမ၌ကျင်းပသော သစ်တောသုတေသနစာတမ်းဖတ်ပွဲ ဖွင့်ပွဲအခမ်းအနားတွင် ဒုတိယဝန်ကြီး ဦးအေးမောင်မြင့်က ထည့်သွင်းပြောကြားခဲ့သည်။

အဆိုပါသုတေသနစာတမ်းဖတ်ပွဲတွင် သစ်တောဖွံ့ဖြိုးရေးဆိုင်ရာ စာတမ်း ခြောက်စောင်၊ သစ်အသုံးချရေး ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ စာတမ်း ခြောက်စောင်၊ သဘာဝအခြေခံ ခရီးသွားလုပ်ငန်းဆိုင်ရာ စာတမ်း တစ်စောင်၊ သစ်တောဖုံးလွှမ်းမှုပြောင်းလဲခြင်းဆိုင်ရာ စာတမ်း တစ်စောင်၊ သစ်ဆွေးမြေ၏ ကာဗွန်သိုလှောင်မှုဆိုင်ရာ စာတမ်း တစ်စောင်နှင့် ဒေသခံအစုအဖွဲ့ပိုင် သစ်တောလုပ်ငန်းဆိုင်ရာ စာတမ်းတစ်စောင် စုစုပေါင်း စာတမ်း ၁၆ စောင်ကို ဘာသာရပ်နယ်ပယ်အလိုက် ဖတ်ကြားတင်သွင်းကြကြောင်း သိရသည်။

သို့ဖြင့် စာတမ်းဖတ်ပွဲသို့ တက်ရောက်လာသူများအနက် နယ်ပယ်အသီးသီးမှ တာဝန်ရှိသူများနှင့် တွေ့ဆုံမေးမြန်းဖြစ်ခဲ့သည်များကို ပြန်လည်တင်ပြလိုက်ရပါသည်-



ဦးဇော်ဝင်းမြင့်



ဒေါက်တာစန်းဝင်း

**ဦးဇော်ဝင်းမြင့်**
**(ညွှန်ကြားရေးမှူး၊ သစ်တောသုတေသနဌာန၊ သစ်တောဦးစီးဌာန)**

"မြန်မာနိုင်ငံရဲ့ သစ်တောသုတေသနသမိုင်းကြောင်းကိုပြန်ကြည့်မယ်ဆိုရင် ၁၉၁၄ ခုနှစ်ကစပြီးတော့ သစ်တောသုတေသနလုပ်ငန်းများကို စတင်ဆောင်ရွက်ခဲ့ပါတယ်၊ ဒီထက်ပိုပြီး ကျယ်ကျယ်ပြန့်ပြန့်လုပ်ဆောင်နိုင်ဖို့အတွက် နိုင်ငံတော်နဲ့ ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ်(UNDP)တို့ ပူးပေါင်းပြီး သစ်တောသုတေသနဌာနကို ၁၉၇၈ ခုနှစ်က ပျဉ်းမနားမြို့နယ် ရေဆင်းမှာ စတင်တည်ထောင်ဖွင့်လှစ်ခဲ့ပါတယ်၊ အခုလို သုတေသနစာတမ်းဖတ်ပွဲကို နှစ်စဉ်ပြုလုပ်ခဲ့တာ အခုနှစ်ဆိုရင် (၂၅) နှစ်မြောက်ပြုလုပ်ခြင်းဖြစ်ပြီး စာတမ်းပေါင်း ၂၈၂ စောင်ကို ပြုစုထုတ်ဝေ အသိပညာဖြန့်ဖြူးပေးနိုင်ခဲ့ပါပြီ။

ဒီလိုလုပ်ရတဲ့ အဓိကရည်ရွယ်ချက်ကတော့ သုတေသနတွေ့ရှိချက်များကို လက်တွေ့နယ်ပယ်မှာ အသုံးချနိုင်ဖို့၊ သစ်တောပညာရှင်များ၊ သုတေသီများ အချင်းချင်း အတွေ့အကြုံ၊ အသိအမြင်၊ ဗဟုသုတများ ဖလှယ်နိုင်ဖို့နဲ့ သုတေသီများရဲ့ သုတေသနစွမ်းဆောင်ရည်ပိုမိုမြင့်မားလာဖို့၊ ပြောင်းလဲလာတဲ့ ခေတ်ကာလနဲ့အညီ သုတေသနလုပ်ငန်းတွေကို ဘယ်လိုတိုးမြှင့်လုပ်ဆောင်ကြရမယ်ဆိုတာ အဖြေရှာနိုင်ဖို့၊ တက်ရောက်လာသူတွေရဲ့ အကြံဉာဏ်ကောင်းတွေကိုရရှိနိုင်ဖို့ ဖြစ်ပါတယ်"။

**ဒေါက်တာစန်းဝင်း**
**(ဒုတိယပါမောက္ခချုပ်၊ သစ်တောတက္ကသိုလ်)**

"ဆရာ့အမြင်ပြောရရင်တော့ ဒီလိုစာတမ်းဖတ်ပွဲတွေလုပ်တာကောင်းပါတယ်၊ ဘာလို့လဲဆိုတော့ စာတမ်းဖတ်တယ်ဆိုတာက နှစ်ပိုင်းရှိတယ်လေ၊ တစ်ခုက မူဝါဒပိုင်းလိုအပ်ချက်တွေကို အလေးပေးပြီး နောက်တစ်ခုကတော့ သိပ္ပံပညာဆိုင်ရာ လိုအပ်ချက်တွေကို အလေးပေးတာဖြစ်ပါတယ်၊ စာတမ်းဖတ်တယ်ဆိုတာ တကယ်တော့ လူတွေကျန်းမာရေးပုံမှန်စစ်ဆေးသလိုပဲလေ၊ အားနည်းချက်တွေကို စစ်ဆေးရတာပဲ၊ အဲလိုလုပ်တဲ့အခါ အားနည်းချက်တွေပေါ်လာရင်လက်ခံနိုင်ရမယ်၊ အဲလိုစစ်ဆေးပြီး တွေ့ရှိလာတဲ့ အားနည်းချက်၊ အားသာချက်တွေကိုလက်ခံပြီး ပြုပြင်ဖော်ဆောင်ဖို့လိုတယ်လေ၊ အထူးသဖြင့် ဝေဖန်မှုတွေကိုခံနိုင်ရမယ်၊ အဲဒီလိုပဲမြင်ပါတယ်။

ဆရာတတ်ကျွမ်းတဲ့အပိုင်းကတော့ ဝါးကဏ္ဍဖြစ်တဲ့အတွက် အဲဒီအပိုင်းကိုပြောရရင် နိုင်ငံတစ်ဝန်းမှာရှိတဲ့ ဝါးတောအရေအတွက်ကတော့ သိသိသာသာ လျော့နည်းလာတာတော့ အမှန်ပဲ၊ ဘာလို့လျော့နည်းလာရလဲ ပြန်ကြည့်ရင် အခြေခံလူတန်းစားတွေက ဝါးကိုမှီခိုပြီးအသက်မွေးနေရတဲ့အတွက်ကြောင့်လို့ ယေဘုယျပြောလို့ရတယ်၊ ရှင်းရှင်းပြောရရင်တော့ သစ်ပင်တစ်ပင်ကို ခုတ်ယူဖို့အတွက်က နှစ် ၂၀ ကျော်၊ ၃၀ ကျော် စောင့်ရတယ်၊ ဝါးဆိုတာက နှစ်နှစ်၊ သုံးနှစ်အတွင်း ခုတ်လို့ရတယ်၊ သစ်က ကန့်သတ်မှုတွေရှိနေလို့ ထုတ်ယူလို့မလွယ်ဘူး၊ ဝါးကတော့ ထုတ်ယူရတာပိုလွယ်တယ်လို့ဆိုနိုင်တယ်လေ၊ အဲဒါကြောင့် ဝါးကို အခြေခံလူတန်းစားတွေက အဓိကမှီခိုရပ်တည်နေကြရတာ။

နောက်ပြီး ဝါးဆိုတာက လူမှုဘဝနေထိုင်မှုမှာ မပါမဖြစ်လို့တောင်ပြောလို့ရတယ်၊ အထောက်အကူပြုနေတယ်လေ၊ ဝါးက မြေ/ရေကို ထိန်းထားနိုင်ပြီး ကာဗွန်ထုတ်လွှတ်မှုကိုလည်း လျှော့ချနိုင်လို့ သေချာလေ့လာ၊ သေချာစိုက်ကြမယ်ဆိုရင် အကျိုးဖြစ်ထွန်းနိုင်မှာပါ၊ ကျေးလက်ဒေသတွေမှာ တစ်အိမ် ကျွန်းတစ်ပင် စိုက်သလိုမျိုး တစ်အိမ်ထောင် ဝါးတစ်ရုံစိုက်ကြမယ်ဆိုရင်တော့ ပိုကောင်းတာပေါ့၊ သဘာဝပတ်ဝန်းကျင်ကိုလည်း အထောက်အကူပြုနိုင်တယ်လေ၊ အဓိကပြောချင်တာကတော့ စိုက်ဖို့နေရာမရှိတာရယ်၊ စိုက်ရကောင်းမှန်း မသိတာရယ်တွေကြောင့် ဝါးတွေက တဖြည်းဖြည်း အရေအတွက်နည်းလာရတာပေါ့၊ ခုတ်မယ့်သူပဲရှိပြီး ပြန်စိုက်မယ့်သူက အတော်လေးကိုရှားနေတယ်လေ၊ အဲဒါတွေကို ဂရုပြုလုပ်ဆောင်ဖို့ တိုက်တွန်းချင်ပါတယ်"။

၂၁ ရာစု၏ စိန်ခေါ်မှုများဖြစ်သည့် ရာသီဥတုပြောင်းလဲမှု၊ စားနပ်ရိက္ခာရှားပါးလာမှု၊ ရေသယံဇာတရှားပါးလာမှု၊ စွမ်းအင်အရင်းအမြစ်များ လျော့နည်းလာမှု၊ ဇီဝမျိုးစုံမျိုးကွဲများ ပျောက်ကွယ်လာမှု၊ သဲကန္တာရဖြစ်ထွန်းမှု အစရှိသည့် ပတ်ဝန်းကျင်ဆိုင်ရာပြဿနာများကို သုတေသနစွမ်းပကားဖြင့် ဖြေရှင်းနိုင်ရန်၊ ကျော်ဖြတ်နိုင်ရန်အတွက် လုပ်ဆောင်လျက်ရှိကြောင်း သိရသည်။




## ချယ်ရီရေယာဉ်များ နိုဝင်ဘာ ၁၉ ရက်အထိ တိုးမြှင့်သယ်ယူပို့ဆောင်မည်

**ရန်ကုန် နိုဝင်ဘာ ၁၇**

ဂျပန်နိုင်ငံမှ ချစ်ကြည်ရေးလက်ဆောင်အဖြစ် ရောက်ရှိလာသည့် ချယ်ရီရေယာဉ်သစ်များသည် နိုဝင်ဘာ ၁၆ ရက် ညနေပိုင်းတွင် ရေယာဉ်အင်ဂျင်များ၏ အအေးပေးစနစ်ပိုင်းတွင် လိုအပ်ချက်ဖြစ်ပေါ်လာသဖြင့် ရေယာဉ်များပြေးဆွဲခြင်းကို ခေတ္တရပ်နားထားပြီး ဂျပန်အင်ဂျင်နီယာများက ပြုပြင်ပေးခဲ့ရာ ချယ်ရီရေယာဉ်သုံးစင်းမှာ နိုဝင်ဘာ ၁၇ ရက်တွင် မူလအတိုင်း သယ်ယူပို့ဆောင်ပေးလျက်ရှိကြောင်းနှင့် ပြည်သူများအား နိုဝင်ဘာ ၁၆ ရက်မှ ၁၈ ရက်အထိ ပို့ဆောင်ပေးမည့်အစီအစဉ်အစား နိုဝင်ဘာ ၁၉ ရက်အထိ ထပ်မံတိုးမြှင့်ပို့ဆောင်ပေးမည်ဖြစ်ကြောင်း ပြည်တွင်း ရေကြောင်းပို့ဆောင်ရေးမှ သတင်းထုတ်ပြန်ထားသည်။

**(ကြေးမုံ)**









# ဆက်တိုက်ကျင်းပခဲ့သည့် ကမ္ဘာ့နိုင်ငံများ၏ထိပ်သီးဆွေးနွေးပွဲများ

ဒေါက်တာ ဝါဝါမောင်

နှစ်တစ်နှစ်၏ ကုန်ဆုံးချိန်ရောက်ခါနီးမှ ကမ္ဘာ့နိုင်ငံများ၏ထိပ်သီးအစည်းအဝေးရာသီကျရောက်ခဲ့ပြီး ဖြစ်ပါသည်။ (၂၂) ကြိမ်မြောက် အေပက်ထိပ်သီး အစည်းအဝေးကို တရုတ်နိုင်ငံ ပေကျင်းမြို့တွင် ၂၀၁၄ ခုနှစ် နိုဝင်ဘာ ၈ရက်မှ ၁၀ ရက်အထိ လည်းကောင်း၊ (၂၅)ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေးနှင့်(၉) ကြိမ်မြောက် အရှေ့အာရှထိပ်သီးအစည်းအဝေးတို့ကို မြန်မာနိုင်ငံ နေပြည်တော်တွင် နိုဝင်ဘာ ၁၂ ရက်မှ ၁၃ ရက်အထိလည်းကောင်း၊ ၂၀၁၄ ခုနှစ် G-20 ထိပ်သီးအစည်းအဝေးကို နိုဝင်ဘာ ၁၅ ရက်မှ ၁၆ ရက်အထိလည်းကောင်း ကျင်းပခဲ့ပါသည်။

အဆိုပါထိပ်သီးအစည်းအဝေးများတွင် ဒေသဆိုင်ရာ ဖွံ့ဖြိုးမှုပူးပေါင်းဆောင်ရွက်ရေးနှင့်ကမ္ဘာ့စီးပွားရေး တည်ငြိမ်စေရန် ပြုပြင်ပြောင်းလဲမှုများအရှိန်အဟုန်မြှင့်တင်ရေးလုပ်ငန်းရပ်များ၊ နိုင်ငံများအကြားမျှတသော ဖွံ့ဖြိုးမှုဖြစ်ပေါ်စေရေး၊ အပြည်ပြည်ဆိုင်ရာ ဘဏ်လုပ်ငန်းဖွံ့ဖြိုးမှု၊ ဖွံ့ဖြိုးဆဲနိုင်ငံများ၏ဈေးကွက်ရရှိမှုအခြေအနေ၊ ကမ္ဘာ့ကုန်သွယ်မှုနှင့်ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေးလုပ်ငန်းများ၊ ဒေသများအကြားဘက်စုံဆက်သွယ်ယှက်နွယ်မှုနှင့်အခြေခံအဆောက်အအုံဖွံ့ဖြိုးမှုများအတွက် မည့်သည့် ဆောင်ပုဒ်များဖြင့် မည်သည့် နယ်ပယ်များအား ချဉ်းကပ်ဆွေးနွေးခဲ့ကြသည်ကို မျှဝေလိုပါသည်။

**အေပက်ထိပ်သီးအစည်းအဝေး(APEC CEO Summit 2014)**

(၂၂)ကြိမ်မြောက် အေပက်ထိပ်သီးအစည်းအဝေးကို **၂၀၁၄ ခုနှစ် နိုဝင်ဘာ ၈ ရက်မှ ၁၀ ရက်**အထိ တရုတ်နိုင်ငံပေကျင်းမြို့တွင် ကျင်းပခဲ့ပါသည်။ ၁၉၉၆ ခုနှစ်မှ စတင်ဆွေးနွေးခဲ့သည့် အာရှ-ပစိဖိတ် စီးပွားရေးပူးပေါင်းဆောင်ရွက်မှု အမှုဆောင်အရာရှိများ ထိပ်သီးအစည်းအဝေး(APEC CEO Summit)သည် ဒေသတွင်းနှင့် ဒေသတွင်းမဟုတ်သော စီးပွားရေးခေါင်းဆောင်များနှင့်အဆင့်မြင့် စီးပွားရေးခေါင်းဆောင်များ၏ အာရှ-ပစိဖိတ်ဒေသ၏ ကနဦးတွင် စီးပွားရေးလုပ်ငန်းများအကြောင်းဆွေးနွေးသည့် ဖိုရမ်ဖြစ်ပါသည်။ အာရှ-ပစိဖိတ်စီးပွားရေးပူးပေါင်းဆောင်ရွက်မှုအဖွဲ့(သို့မဟုတ်) အေပက်ကို ၁၉၈၉ ခုနှစ် နိုဝင်ဘာလတွင် ဩစတြေးလျနိုင်ငံ ကင်ဘာရာမြို့တွင် အဖွဲ့ဝင် ၁၂ နိုင်ငံဖြင့် စတင်ဖွဲ့စည်းခဲ့ရာ ယခုအခါ အဖွဲ့ဝင်နိုင်ငံပေါင်း ၂၁ နိုင်ငံရှိပါသည်။ ၂၀၁၅ ခုနှစ်တွင် ဖိလစ်ပိုင်နိုင်ငံမှ အလှည့်ကျဥက္ကဋ္ဌတာဝန်ထမ်းဆောင်မည်ဖြစ်ပါသည်။

အေပက်၏ ရည်မှန်းချက်ပန်းတိုင်မှာ အာရှ-ပစိဖိတ်ဒေသအတွင်း စဉ်ဆက်မပြတ် စီးပွားရေးဖွံ့ဖြိုးမှုနှင့် ကြွယ်ဝချမ်းသာမှုတို့ဖြစ်ပေါ်စေရန် ဖြစ်သည်။ အေပက်အဖွဲ့ဝင်အားလုံးတို့သည် ခေတ်မီ၍ ညီညွတ်မှုရှိသော အာရှ-ပစိဖိတ် လူ့အဖွဲ့အစည်းကို ထူထောင်ရန်ဖြစ်သည်။ ဤသို့ ထူထောင်ရန် ကြိုးပမ်းရာတွင် လွတ်လပ်ပွင့်လင်းမှုရှိသော ကုန်သွယ်မှု၊ ရင်းနှီးမြှုပ်နှံမှုများ၊ ဒေသဆိုင်ရာစီးပွားရေးပေါင်းစည်းမှုပိုမိုဖြစ်ထွန်းစေရေး၊ စီးပွားရေးနှင့်နည်းပညာပူးပေါင်းမှုများ၊ လူသားလုံခြုံမှု၊ စီးပွားရေးလုပ်ငန်းများလုပ်ကိုင်ရာတွင် အဆင်ပြေချောမွေ့စေမည့်ဝန်းကျင် စသည်တို့ဖြစ်ပေါ်စေနိုင်ရေးတို့ကို အဓိကထား၍ ဆောင်ရွက်ရန်ဖြစ်သည်။

အေပက်သည် လုပ်ဆောင်ချက်**မဏ္ဍိုင်သုံးရပ်**အဖြစ် ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုလွတ်လပ်ခွင့်၊ စီးပွားရေး လွယ်ကူချောမွေ့စေရေးနှင့် စီးပွားရေးနှင့် နည်းပညာပူးပေါင်းမှုတို့ကို လုပ်ကိုင်ဆောင်ရွက်ခဲ့ရာ ဒေသ၏ စီးပွားရေး၊ အလုပ်အကိုင်ဖန်တီးမှု၊ လူနေမှုအဆင့်အတန်းမြင့်မားရေးနှင့်နည်းပညာမြင့်မားရေးတို့ အပါအဝင်ဒေသတစ်ခုလုံး၏ ဖွံ့ဖြိုးမှုကိုလွှမ်းခြုံစေပါသည်။

၂၀၁၄ ခုနှစ် အာရှ-ပစိဖိတ် စီးပွားရေးပူးပေါင်းဆောင်ရွက်မှု အမှုဆောင် အရာရှိများ ထိပ်သီးအစည်းအဝေး ဆောင်ပုဒ်မှာ **"အာရှ-ပစိဖိတ် ပူးပေါင်းမှုမှတစ်ဆင့် အနာဂတ်အားပုံဖော်ခြင်း-Shaping the Future through Asia-Pacific Partnership."**ပင်ဖြစ်သည်။ အထူးအလေးပေး ဆွေးနွေးခဲ့သည့် ခေါင်းစဉ်များမှာ-

- ❖ဒေသဆိုင်ရာ စီးပွားရေး ပူးပေါင်းမှုများအား ခေတ်မီစေခြင်း(Advancing Regional Economic Integration)၊
- ❖တီထွင်ဆန်းသစ်မှုရှိသည့် ဖွံ့ဖြိုးမှု၊ စီးပွားရေးပြုပြင်ပြောင်းလဲမှုနှင့် တိုးတက်မှု (Promoting Innovative development,Economic Reform and Growth)၊
- ❖ဘက်စုံဆက်သွယ် ယှက်နွယ်မှုနှင့် အခြေခံအဆောက်အအုံ ဖွံ့ဖြိုးမှုအား အားကောင်းစေခြင်း "Strengthening Comprehensive Connectivity and Infrastructure Development" တို့ပင်ဖြစ်ပါသည်။

(၂၂)ကြိမ်မြောက် အေပက်ထိပ်သီးအစည်းအဝေးတွင် ဒေသတွင်းစီးပွားရေး ပူးပေါင်းဆောင်ရွက်မှုများအား ခေတ်မီစေခြင်း၊ တီထွင်ဆန်းသစ်သည့် ဖွံ့ဖြိုးမှုနည်းလမ်းများ မြှင့်တင်ခြင်း၊ စီးပွားရေးဆိုင်ရာ ပြုပြင်ပြောင်းလဲမှုများ၊ ဘက်စုံဖွံ့ဖြိုးစေသည့် ဘက်စုံဆက်သွယ်ယှက်နွယ်မှုနှင့် အခြေခံအဆောက်အအုံဖွံ့ဖြိုးမှုတို့အား အာရှ-ပစိဖိတ်ဒေသနိုင်ငံများ၏ ပူးပေါင်းဆောင်ရွက်မှုဖြင့် တိုးတက်ဖြစ်ပေါ်စေရန်နှင့် ငြိမ်းချမ်းရေး၊ ဖွံ့ဖြိုးမှုနှင့်ဘုံကြွယ်ဝမှုတို့ကို ဖြစ်ပေါ်စေရေးတို့အား ဦးတည်ဆွေးနွေးခဲ့ကြပါသည်။ အေပက်ခေါင်းဆောင်များ၏ ကြေညာချက်တွင်-

- ❖အာရှ-ပစိဖိတ်လွတ်လပ်သည့် ကုန်သွယ်မှု ဖြစ်ပေါ်စေရေးအတွက် အေပက်၏ ပေကျင်းလမ်းပြမြေပုံ (Beijing Roadmap for APEC's Contribution to the Realization of the Free Trade Area of the Asia-Pacific-FTAAP)
- ❖ကမ္ဘာ့တန်ဖိုးမြှင့် ကွင်းဆက်ဖွံ့ဖြိုးမှုနှင့်ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေးအတွက် အေပက်၏ မဟာဗျူဟာ လမ်းပြမြေပုံ(APEC Strategic Blueprint for promoting Global Value Chain Development and Cooperation)
- ❖တီထွင်ဆန်းသစ်သည့် ဖွံ့ဖြိုးမှု၊ စီးပွားရေးဆိုင်ရာ ပြုပြင်ပြောင်းလဲမှုများနှင့် ဖွံ့ဖြိုးမှုအတွက် အေပက်၏ ကြေညာချက် (APEC Accord on Innovative Development Economic Reform and Growth)
- ❖၂၀၁၅ မှ ၂၀၂၅ ခုနှစ်အထိ အေပက်၏ ဘက်စုံဆက်သွယ်ယှက်နွယ်မှုလမ်းပြမြေပုံ (APEC Connectivity Blueprint for 2015-2025) စသည့် လမ်းပြမြေပုံနှင့် ကြေညာချက်များအား ထုတ်ပြန်ခဲ့ပါသည်။

**အာဆီယံထိပ်သီးအစည်းအဝေးနှင့်**
**အရှေ့အာရှထိပ်သီး အစည်းအဝေး**

(၂၅)ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေးနှင့်(၉)ကြိမ်မြောက် အရှေ့အာရှထိပ်သီးအစည်းအဝေးတို့အား နိုဝင်ဘာ ၁၂ ရက်မှ ၁၃ ရက်အထိ မြန်မာနိုင်ငံ နေပြည်တော်တွင် ကျင်းပခဲ့ပါသည်။ ၂၀၁၅ ခုနှစ်ကုန်တွင် အာဆီယံအသိုက်အဝန်း ထူထောင်နိုင်ရေးအတွက် **အာဆီယံနိုင်ငံရေးနှင့်လုံခြုံရေးမဏ္ဍိုင်၊ အာဆီယံ စီးပွားရေးမဏ္ဍိုင်၊အာဆီယံလူမှုရေးနှင့်ယဉ်ကျေးမှုမဏ္ဍိုင်ဟူသည့် အဓိကမဏ္ဍိုင်ကြီးသုံးရပ်မှ ဒေါက်တိုင်သဖွယ်** ပံ့ပိုးလျက်ရှိရာ အဆိုပါ မဏ္ဍိုင်သုံးရပ်အတွက် သက်ဆိုင်ရာဝန်ကြီးဌာနများမှ တာဝန်ယူဆောင်ရွက်လျက်ရှိပါသည်။ အာဆီယံနိုင်ငံရေးနှင့်လုံခြုံရေးအသိုက်အဝန်း(ASEAN Political and Security Community-APSC)၊ အာဆီယံစီးပွားရေးအသိုက်အဝန်း(ASEAN Economic Community- AEC)၊ အာဆီယံလူမှုရေးနှင့် ယဉ်ကျေးမှုအသိုက်အဝန်း (ASEAN Social and Cultural Community - ASCC) ထူထောင်ရေးဟူ၍ **ဟန်ချက်ညီညီ**နှင့် ဆောင်ရွက်လျက်ရှိပါသည်။

အာဆီယံဒေသ၏တိုးတက်မှုနှုန်းသည် နှစ်စဉ်ပျမ်းမျှ ငါးရာခိုင်နှုန်းထက်ကျော်လွန်ခဲ့ပြီး ယခုအချိန်တွင် အာဆီယံသည် လူဦးရေ ၆၀၉ သန်းရှိသည့် ဈေးကွက်ကြီးဖြစ်ပါသည်။ စုစုပေါင်းကုန်ထုတ်တန်ဖိုး GDP မှာ အမေရိကန်ဒေါ်လာ ၂ ဒသမ ၅ ထရီလီယံမျှရှိလာခဲ့ပြီဖြစ်ပြီး လာမည့်နှစ်များတွင်လည်း ဒေသဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများကို ပိုမိုမြှင့်တင်နိုင်မည်ဖြစ်သည့်အတွက် ဆက်လက်တိုးတက်နိုင်စေရန် အလားအလာကောင်းမွန်လျက်ရှိသည်။

အာဆီယံအသိုက်အဝန်း တည်ထောင်ရေးသည် အာဆီယံ၏စည်းလုံးညီညွတ်မှုကိုအခြေခံထားပြီး မြန်မာနိုင်ငံအနေဖြင့် ၂၀၁၄ ခုနှစ် အာဆီယံအလှည့်ကျ ဥက္ကဋ္ဌတာဝန်ထမ်းဆောင်ချိန်တွင် ဆောင်ပုဒ်အဖြစ် "ရှေ့သို့တူညီတက်လှမ်း၍၊ ငြိမ်းချမ်းဝေစည် အသိုက်အဝန်းဆီ"ဟူ၍ အနှစ်သာရပြည့်ဝသည့် ဦးတည်ချက်ကို ရွေးချယ်သတ်မှတ်ပြီး အောင်မြင်စွာကျင်းပဆောင်ရွက်နိုင်ခဲ့ပါသည်။

အာဆီယံစီးပွားရေး အသိုက်အဝန်းထူထောင်ခြင်းဖြင့် ဒေသတွင်းမှာ ကုန်စည်များ၊ ဝန်ဆောင်မှုများ၊ ရင်းနှီးမြှုပ်နှံမှုများနှင့် ငွေကြေးများလွတ်လပ်စွာ စီးဆင်းစေနိုင်မည်ဖြစ်ပြီး ကျွမ်းကျင်လုပ်သားများလည်း လွတ်လပ်စွာရွှေ့ပြောင်းလုပ်ကိုင်နိုင်မည်ဖြစ်သည်။ ယခုအခါ အာဆီယံစီးပွားရေးအသိုက်အဝန်းထူထောင်မှုသည် ၈၀ ရာခိုင်နှုန်းကျော်ပြီးစီးနေပြီဖြစ်ပြီး မြန်မာ အာဆီယံအလှည့်ကျ ဥက္ကဋ္ဌတာဝန်ယူသည့်ကာလအတွင်း အာဆီယံစီးပွားရေးမဏ္ဍိုင်အနေဖြင့် ဦးစားပေးကဏ္ဍ (၃)ရပ်ကို ချမှတ်ဆောင်ရွက်လျက်ရှိရာ အသေးစားနှင့်အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် အစိုးရ-ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရေးတို့ ပါဝင်ပါသည်။

နိုင်ငံများ ဖွံ့ဖြိုးမှုအတွက် အခြေခံအဆောက်အအုံဖွံ့ဖြိုးတိုးတက်ရေးမှာ အဓိကကျသဖြင့် အခြေခံအဆောက်အအုံ ဖွံ့ဖြိုးတိုးတက်ရေးအပါအဝင် ရုပ်ပိုင်းဆိုင်ရာပေါင်းစည်းဆက်နွယ်ရေးအတွက် ရင်းနှီးမြှုပ်နှံမှုလိုအပ်ချက်များ ဖြည့်ဆည်းနိုင်ရန် ပုဂ္ဂလိက၏ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရေးကို အလေးပေးဆောင်ရွက်နိုင်ရန် (၂၅)ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေးတွင် အစိုးရနှင့် ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်မှု မူဘောင်ဆိုင်ရာအာဆီယံမူများကို မှတ်တမ်းတင်ခဲ့ပါသည်။ အခြေခံအဆောက်အအုံဖွံ့ဖြိုးတိုးတက်လာသည်နှင့်အမျှ ကုန်သွယ်မှုနှင့်ရင်းနှီးမြှုပ်နှံမှုများ ပိုမိုတိုးတက်လာခြင်းဖြင့် အလုပ်အကိုင်များ ဖန်တီးဖြစ်ပေါ်ကာ ဝင်ငွေပိုမိုတိုးတက်လာခြင်းဖြင့် ဖွံ့ဖြိုးမှုကွာဟချက်များအား လျော့နည်းစေမည်ဖြစ်ပါသည်။

ဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်ရာတွင် လူငယ်များ၏အခန်းကဏ္ဍမှာ အလွန်အရေးပါသဖြင့် အရည်အသွေးပြည့်ဝသည့်အလုပ်အကိုင်ဖန်တီးပေးရေး၊ လူသားရင်းမြစ်နှင့် စွမ်းရည်မြှင့်တင်ပေးရေး၊ စွန့်ဦးတီထွင်သူများပေါ်ပေါက်လာရေးတို့ကိုလုပ်ဆောင်ပေးရမည်ဖြစ်ခြင်းကြောင့် မြန်မာနိုင်ငံ၏ဥက္ကဋ္ဌရာထူးရယူစဉ်အချိန်အတွင်း အာဆီယံဒေသတွင်း လူငယ်စွန့်ဦးတီထွင်သူများ (Young Entrepreneurs) ပေါ်ပေါက်လာရေးအတွက် Initiative ဖြင့် ဆောင်ရွက်နိုင်ခဲ့ပါသည်။

အလားတူပင် နဝမအကြိမ်မြောက် အရှေ့အာရှထိပ်သီးအစည်းအဝေးတွင်လည်း အာဆီယံဥက္ကဋ္ဌနိုင်ငံမြန်မာအနေဖြင့် အာဆီယံနိုင်ငံများ၏ ရပ်တည်ချက်ဖြစ်သည့် အာဆီယံဗဟိုပြုမှု (ASEAN Centrality)၊ အာဆီယံ၏ခိုင်မာသည့် စည်းလုံးညီညွတ်မှု (ASEAN Solidarity)အပေါ်အခြေခံ၍ အရှေ့အာရှနိုင်ငံများနှင့် ဒေသဆိုင်ရာပူးပေါင်းဆောင်ရွက်ရေး၊ စီးပွားရေး ပိုမိုတိုးတက်ခိုင်မာရေး၊ ရေရှည်တည်တံ့ခိုင်မြဲရေးနှင့် လူမှုရေးဆိုင်ရာတိုးတက်မှုများ အတွက်ပါ ဦးဆောင်ဆွေးနွေးနိုင်ခဲ့ပါသည်။ ထို့ပြင် အာဆီယံအနေဖြင့် အေပက်၊ G 20 နိုင်ငံများနှင့်လည်း ဘက်စုံဆက်သွယ်ယှက်နွယ်မှုနှင့် အခြေခံအဆောက်အအုံ ဖွံ့ဖြိုးမှု၊ စားနပ်ရိက္ခာဖူလုံမှု၊ စဉ်ဆက်မပြတ်ဖွံ့ဖြိုးမှု၊ စွမ်းအင်ဆိုင်ရာ လုံခြုံမှု၊ ရာသီဥတုပြောင်းလဲမှု၊ သဘာဝဘေးအန္တရာယ်အပေါ် တုံ့ပြန်မှုနှင့် ပြင်ဆင်မှုများစသည့် နယ်ပယ်များတွင် ပူးပေါင်းမှုများ မြှင့်တင်ရန် ကိစ္စရပ်များအားလည်း ထုတ်ပြန်ကြေညာခဲ့ပါသည်။ လာမည့် ၂၀၁၅ ခုနှစ်တွင် အာဆီယံဥက္ကဋ္ဌနိုင်ငံအဖြစ် မလေးရှားနိုင်ငံမှ ထမ်းဆောင်မည်ဖြစ်ပါသည်။

**G20 ထိပ်သီးအစည်းအဝေး**

၂၀၁၄ ခုနှစ် G-20 ထိပ်သီးအစည်းအဝေးအား ဩစတြေးလျနိုင်ငံ ဘရစ္စဘိန်းမြို့ Brisbane Convention and Exhibition Centre(BCEC) တွင် ၂၀၁၄ ခုနှစ် နိုဝင်ဘာ ၁၅ ရက်မှ ၁၆ ရက်အထိ ရေရှည်တည်တံ့၍ ခိုင်မာပြီး ဘက်ညီမျှတသော ဖွံ့ဖြိုးမှုဖြစ်ပေါ်စေရေး (Strong,Sustainable and Balanced Growth) ဟူသည့် ဆောင်ပုဒ်ဖြင့် ကျင်းပပြုလုပ်ခဲ့ပါသည်။

G20 အုပ်စုသည် စုစုပေါင်း ကမ္ဘာ့ထုတ်လုပ်မှု၏ ၈၅ ရာခိုင်နှုန်းရှိပြီး ကမ္ဘာ့ကုန်သွယ်မှု၏ ၈၀ ရာခိုင်နှုန်းနှင့် ကမ္ဘာ့လူဦးရေ၏ သုံးပုံနှစ်ပုံသော ဈေးကွက်ရှိခြင်းကြောင့် နိုင်ငံရေး၊ စီးပွားရေးအရ အင်အားကြီးမားသောနိုင်ငံများဖြစ်ပါသည်။ G20 သည် ၁၉၉၉ ခုနှစ်တွင် ကမ္ဘာ့စီးပွားရေးအဆောက်အအုံ၏ အဓိကကိစ္စရပ်များကို ဆွေးနွေးနိုင်ရန် ဖွံ့ဖြိုးပြီးစက်မှုနိုင်ငံအချို့နှင့်အရေးပါသည့် ဖွံ့ဖြိုးဆဲနိုင်ငံအချို့တို့ စနစ်တကျပူးပေါင်းကာ ဘဏ္ဍာရေးဝန်ကြီးများနှင့်ဗဟိုဘဏ်ဥက္ကဋ္ဌများ (Finance Ministers and Central Bank Governors) တို့ ဖွဲ့စည်းထူထောင်ထားသည့် စီးပွားရေးဆိုင်ရာ အဖွဲ့အစည်းတစ်ရပ်ဖြစ်ပါသည်။ G20 သည် ၂၀၀၇-၂၀၀၉ ခုနှစ်များအတွင်းဖြစ်ပေါ်ခဲ့သည့် ကမ္ဘာ့ဘဏ္ဍာရေးအကျပ်အတည်းကို ကျော်လွှားရာတွင် အရေးပါသည့် ဦးဆောင်ဦးရွက်များပြုလုပ်နိုင်ခဲ့ပြီး ကမ္ဘာ့စီးပွားရေးအဆောက်အအုံနှင့်ဘဏ္ဍာရေးစနစ်ကို စီမံခန့်ခွဲရာတွင် လွှမ်းမိုးနိုင်မှု ဒီဂရီပိုမိုမြင့်မားစေသည့် အဖွဲ့ဖြစ်ပါသည်။

G20 သည် ကမ္ဘာ့စီးပွားရေး အဆောက်အအုံအား တည်ငြိမ်မှု ရရှိစေရန် စက်မှုနိုင်ငံများနှင့် တိုးတက်နေသည့် နိုင်ငံများ (Emerging-market countries) တို့အကြားအဓိကကိစ္စရပ်များကို ပွင့်ပွင့်လင်းလင်းနှင့် အပေါင်းလက္ခဏာဆောင်သော (Open and Constructive Discussion) ပြုလုပ်သည့် Informal forum တစ်ခု ဖြစ်ပါသည်။

၂၀၁၄ ခုနှစ် ဩစတြေးလျနိုင်ငံ G20 ဥက္ကဋ္ဌ တာဝန်ထမ်းဆောင်စဉ် အချိန်အတွင်း G20 ၏ အခန်းကဏ္ဍအားဖွံ့ဖြိုးစေရန်၊ ကမ္ဘာလုံးဆိုင်ရာ စီမံအုပ်ချုပ်မှု (Global Governance) ဆက်လက်မြှင့်တင် ဆောင်ရွက်ရာတွင် အဖွဲ့ဝင်မဟုတ်သော နိုင်ငံများ၊ အဖွဲ့အစည်းများ၏ပါဝင်မှု တိုးမြှင့်စေရေး ဆောင်ရွက်ရာတွင် အာဆီယံ ဥက္ကဋ္ဌရာထူးထမ်းဆောင်နေစဉ်အချိန်အတွင်း မြန်မာနိုင်ငံအား ထိပ်သီးအစည်းအဝေးသို့ တက်ရောက်ရန် ဖိတ်ကြားခြင်းဖြစ်ပါသည်။

G20 ထိပ်သီးအစည်းအဝေးတွင် ကမ္ဘာ့စီးပွားရေး ပြန်လည်ဦးမော့လာစေရေး၊ ပိုမိုခိုင်မာသော၊ စဉ်ဆက်မပြတ်ဖြစ်၍ ဘက်ညီသည့် စီးပွားရေးတိုးတက်မှုများ ဖြစ်ပေါ်စေရေး၊ အပြည်ပြည်ဆိုင်ရာ ဘဏ္ဍာရေးပုံသဏ္ဍာန်နှင့်လုပ်ထုံးလုပ်နည်းများ ပြုပြင်ပြောင်းလဲမှု၊ ကမ္ဘာ့စီးပွားရေးနှင့်ဘဏ္ဍာရေးအကျပ်အတည်းများ ထပ်မံမဖြစ်ပေါ်စေရေးအတွက် အရေးပါသည့် ပူးပေါင်းဆောင်ရွက်မှုများကို ဆွေးနွေးခဲ့ပါသည်။ G20 အဖွဲ့အစည်း၏ လက်တွေ့ဆောင်ရွက်မှု(Legitimacy) နှင့်အဖွဲ့ အစည်းဆိုင်ရာ ထိရောက်မှု (Institutional Effec tiveness) ဖြစ်ပေါ်စေရေးအတွက် ဖွံ့ဖြိုးမှုအတွက်သက်ဆိုင်သည့် ပါဝင်သူများ (Stakeholder) များအပြည့် အဝပါဝင်စေရေး၊ ကျယ်ပြန့်သည့်အမြင်နှင့်ထင်မြင်ယူဆချက်များ ဖြစ်ပေါ်စေရန် G20 အဖွဲ့ဝင်မဟုတ်သည့် နိုင်ငံများ၊ အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများ၊ စီးပွားရေးလုပ်ငန်းများ၊ အလုပ်သမားသမဂ္ဂများ၊ လူမှုအဖွဲ့အစည်းများ၊ လူငယ်များ၊ ပညာရှင်နှင့် Think Tank များတို့ လုပ်ငန်းအဖွဲ့များဖြင့် ပါဝင်တက်ရောက် ဆွေးနွေးခဲ့ကြသည်။

G20 ကမ္ဘာ့ထိပ်သီးခေါင်းဆောင်များအပြင် ဖိတ်ကြားထားသည့် ဧည့်သည်တော်များအနေဖြင့် စင်ကာပူ၊ နယူးဇီလန်၊ စပိန်၊ အာဖရိကသမဂ္ဂမှ ဥက္ကဋ္ဌ နိုင်ငံဖြစ်ကြသည့် မာရီတာနီးယား၊ အာဆီယံဥက္ကဋ္ဌနိုင်ငံဖြစ်သည့် မြန်မာ၊ အာဖရိကဖွံ့ဖြိုးမှုအတွက် ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ (NEPAD) ဥက္ကဋ္ဌနိုင်ငံဖြစ်သည့်ဆီနီဂေါနိုင်ငံတို့မှ ခေါင်းဆောင်များ၊ **အပြည်ပြည်ဆိုင်ရာ ငွေကြေးရန်ပုံငွေအဖွဲ့ (IMF)၊ ကမ္ဘာ့ဘဏ်(WB)၊ ကမ္ဘာ့ဘဏ္ဍာရေးတည်ငြိမ်မှု ဘုတ်အဖွဲ့(FSB)၊ အိုအီးစီဒီ၊ ကမ္ဘာ့ကုလသမဂ္ဂ(UN)၊ ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့(WTO)၊ ကမ္ဘာ့အလုပ်သမားအဖွဲ့(ILO)စသည်ဖြင့် အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများမှ ခေါင်းဆောင်များ၊ အကြီးအကဲများ စုစုပေါင်း ၃၄ ဦးတို့ တစ်ပြိုင်တည်း တွေ့ဆုံဆွေးနွေးခဲ့ကြသည့် အစည်းအဝေး**ဖြစ်ပါသည်။ ၂၀၁၁ ခုနှစ်မှ စတင်၍ ထိပ်သီးအစည်းအဝေးကို နှစ်စဉ်ကျင်းပခဲ့ကြရာ ၂၀၁၅ ခုနှစ်တွင် တူရကီနိုင်ငံတို့မှ အလှည့်ကျဥက္ကဋ္ဌ တာဝန်ထမ်းဆောင်မည်ဖြစ်ပါသည်။

ကမ္ဘာ့စီးပွားရေးမူဝါဒများ၊ ပိုမိုခိုင်မာသော၊ စဉ်ဆက်မပြတ်ဖြစ်၍ ဘက်ညီသည့် စီးပွားရေးတိုးတက်မှုများ ဖြစ်ပေါ်စေရေးအတွက် G20 နိုင်ငံများအနေဖြင့် ၎င်းတို့၏ ကမ္ဘာလုံးဆိုင်ရာ မူဝါဒဆိုင်ရာ ပြုပြင်ပြောင်းလဲမှုများ ဆောင်ရွက်ရာတွင် G20 အဖွဲ့ဝင်နိုင်ငံ မဟုတ်သည့် နိုင်ငံများ၊ ဒေသဆိုင်ရာ အဖွဲ့အစည်းများ၏ အလှည့်ကျဥက္ကဋ္ဌများ၊ အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများမှ ထိပ်တန်းခေါင်းဆောင်များ စုစုပေါင်း ၃၄ ဦးအားဖိတ်ကြားတက်ရောက်စေခြင်းဖြစ်ပါသည်။

ကမ္ဘာ့စီးပွားရေးတွင် ဝယ်လိုအားအရ ပြည့်ပြည့်ဝဝမရှိသကဲ့သို့ ရောင်းလိုအားဘက်တွင်လည်း တိုးတက်ရန် အတားအဆီးများရှိနေသဖြင့် ရေရှည်အားနည်းမှုများ ရင်ဆိုင်နေရပါသည်။ ဘဏ္ဍာရေး (financial markets)၊ ပထဝီဒေသအရ စိုးရိမ်ရမှု(geopolitical tensions) အပါအဝင် စွန့်စားရမှုများလည်းရှိနေပါသည်။

**စာမျက်နှာ ၇ ကော်လံ ၁ သို့**

ပြည်တွင်းရေးရာ

# ပြည်ထောင်စုလွှတ်တော်နာယက ဖြူးမြို့နယ် ကညွတ်ကွင်းဒေသရှိ ထူးချွန်ကျောင်းသား ကျောင်းသူများနှင့် ကြီးကြပ်သူ ဆရာ ဆရာမများအားတွေ့ဆုံ

**နေပြည်တော် နိုဝင်ဘာ ၁၇**

ပြည်ထောင်စုလွှတ်တော်နာယက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် ပထမအကြိမ် ပြည်ထောင်စုလွှတ်တော်(၁၁)ကြိမ်မြောက် အစည်းအဝေး (၂၇)ရက်မြောက်နေ့သို့ လာရောက်လေ့လာကြသည့် ပဲခူးတိုင်းဒေသကြီး ဖြူးမြို့နယ် ကညွတ်ကွင်းဒေသရှိ အထက်တန်း၊ အလယ်တန်း၊ မူလတန်းများမှ ထူးချွန်ကျောင်းသား ကျောင်းသူများနှင့် ကြီးကြပ်သူ ဆရာ ဆရာမများ စုစုပေါင်းလေ့လာရေးအဖွဲ့ဝင် ၁၈၃ ဦးအား ယနေ့ နံနက် ၉ နာရီ ၁၅ မိနစ်တွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံဇမ္ဗူသီရိခန်းမဆောင်၌ တွေ့ဆုံသည်။**(ယာပုံ)**

ထိုသို့တွေ့ဆုံစဉ် ပြည်ထောင်စုလွှတ်တော်နာယကက အမှာစကားပြောကြားပြီး ဖြူးမြို့နယ် ကညွတ်ကွင်းဒေသရှိ အထက်တန်း၊ အလယ်တန်း၊ မူလတန်းများမှ ထူးချွန်ကျောင်းသား ကျောင်းသူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်သည်။

အဆိုပါတွေ့ဆုံပွဲသို့ ပြည်ထောင်စုလွှတ်တော်ဒုတိယနာယက ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးနန္ဒကျော်စွာ၊ ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်အဖွဲ့ဝင် ဦးခင်မောင်ထွန်း၊ ပြည်သူ့လွှတ်တော်ရုံးမှတာဝန်ရှိသူများ၊ ဖြူးမြို့နယ်ပညာရေးမှူးဒေါ်အုံးကျင်ခေါင်းဆောင်သည့် အထက်တန်း၊ အလယ်တန်း၊ မူလတန်းများမှ ထူးချွန်ကျောင်းသား ကျောင်းသူများနှင့် ကြီးကြပ်သူ ဆရာ ဆရာမများ တက်ရောက်ခဲ့ကြသည်။ **(သတင်းစဉ်)**





ပြည်ထောင်စုလွှတ်တော်အစည်းအဝေး

# ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်နိုင်ရေးအကောင်အထည်ဖော်မှုကော်မတီ၏ အစီရင်ခံစာအပေါ် လွှတ်တော်ကိုယ်စားလှယ်များ ဆွေးနွေး

**နေပြည်တော် နိုဝင်ဘာ ၁၇**

ပြည်ထောင်စုလွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန် အစည်းအဝေး (၂၇)ရက်မြောက်နေ့ကို ယနေ့ နံနက် ၁၀ နာရီတွင် ကျင်းပရာ **ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်နိုင်ရေးအကောင်အထည်ဖော်မှုကော်မတီ၏ လုပ်ငန်းဆောင်ရွက်မှုအစီရင်ခံစာအပေါ်** လွှတ်တော်ကိုယ်စားလှယ်များက ဆက်လက်ဆွေးနွေးခဲ့ကြသည်။



ပြည်ထောင်စုလွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၂၇)ရက်မြောက်နေ့ကျင်းပစဉ်။ (သတင်းစဉ်)

ထိုသို့ဆွေးနွေးကြရာတွင် **တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးချုပ်သက်ထွန်းအောင်**က တရားစီရင်ရေးမဏ္ဍိုင်အကြီးအကဲအတွက် အုပ်ချုပ်ရေးမဏ္ဍိုင်နှင့် ဥပဒေပြုရေးမဏ္ဍိုင်တို့မှ အပြန်အလှန်ထိန်းကျောင်းမှုကို ကျင့်သုံး၍ ခန့်အပ်ခြင်းဖြစ်သကဲ့သို့ ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေအရကျင့်သုံးသည့် အစိုးရစနစ်သည် သမ္မတဦးဆောင်သည့် အစိုးရစနစ်၊ ဒီမိုကရေစီစနစ်ဖြစ်သည့်အတွက် ပြည်ထောင်စုတရားသူကြီးချုပ်၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးများနှင့် တိုင်းဒေသကြီး၊ ပြည်နယ်တရားသူကြီးချုပ်နှင့် တရားသူကြီးများကို နိုင်ငံတော်သမ္မတကသာ ခန့်အပ်သင့်ပါကြောင်းဖြင့် ဆွေးနွေးသည်။

**ထန်းတပင်မဲဆန္ဒနယ်မှ ဦးစိန်ထွန်း**က နိုင်ငံရေးပါတီများဆိုင်ရာ ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ ညွှန်ကြားချက်များကို သက်ဆိုင်ရာဥပဒေများနှင့်အညီ ပြည်ထောင်စုလွှတ်တော်က ထုတ်ပြန်ပေးသင့်ပါကြောင်း၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ သက်တမ်းကာလသည် ပါတီစုံဒီမိုကရေစီရွေးကောက်ပွဲဆိုင်ရာ အပြီးသတ်အစီရင်ခံစာတင်သွင်းပြီးသည်အထိ ဖြစ်သည်ဟူ၍ ကော်မရှင်၏ သက်တမ်းကာလကို ပြဋ္ဌာန်းသင့်ပါကြောင်း၊ ရွေးကောက်ပွဲကော်မရှင်သည် ရွေးကောက်ပွဲဆိုင်ရာကိစ္စရပ်များကိုသာ တိကျစွာဆောင်ရွက်ရန်ဖြစ်ပါကြောင်းဖြင့် ဆွေးနွေးသည်။

**ကျိုက်မရောမဲဆန္ဒနယ်မှ ဒေါ်မိယဉ်ချမ်း**က ပြည်ထောင်စုလွှတ်တော်အစည်းအဝေးသို့တက်ရောက်၍ မိန့်ခွန်းပြောကြားလိုကြောင်း သို့မဟုတ် ပြည်ထောင်စုလွှတ်တော်အစည်းအဝေးသို့ တက်ရောက်လိုကြောင်း နိုင်ငံတော်သမ္မတက အကြောင်းကြားလျှင် နိုင်ငံတော်သမ္မတအား ဖိတ်ကြားရမည်ဟု ပြင်ဆင်သင့်ပါကြောင်းဖြင့် ဆွေးနွေးသည်။

**လက်ပံတန်းမဲဆန္ဒနယ်မှ ဦးကျော်မင်း**က ဖွဲ့စည်းပုံအခြေခံဥပဒေအား ပြည်ထောင်စုလွှတ်တော်တွင် ရွေးကောက်တင်မြှောက်ခြင်းခံရသော ကိုယ်စားလှယ်အားလုံး၏ သုံးပုံနှစ်ပုံ သို့မဟုတ် ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ် ထက်ဝက်ကျော်၏ ဆန္ဒမဲဖြင့် ပြင်ဆင်နိုင်ရန် လိုအပ်ပါကြောင်းဖြင့် ဆွေးနွေးသည်။

**မူဆယ်မဲဆန္ဒနယ်မှ ဦးစိုင်းဘိုးအောင်**က ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်အချိုးသည် ၂ အချိုး ၁ ဖြစ်သဖြင့် ဥပဒေပြုအာဏာ ချိန်ခွင်လျှာညီမျှစေရန် အမျိုးသားလွှတ်တော်ဖွဲ့စည်းပုံဦးရေကို တိုးချဲ့သင့်ပါကြောင်း၊ တိုင်းရင်းသားအများစုက ပြင်ဆင်ရန် အကြံပြုထားသော ဖက်ဒရယ်နှင့်သက်ဆိုင်သည့် နိုင်ငံတော်အခြေခံမူ၊ ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေးကဏ္ဍများနှင့် အာဏာခွဲဝေမှု၊ သယံဇာတခွဲဝေမှုဆိုင်ရာ နောက်ဆက်တွဲဇယားများ ပြင်ဆင်နိုင်ရေးကို လက်တွေ့ကျကျဆောင်ရွက်ရန် တိုက်တွန်းအပ်ပါကြောင်းဖြင့် ဆွေးနွေးသည်။

**ထန်တလန်မဲဆန္ဒနယ်မှ ဒေါ်ဇာတလဲမ်း**က ဒီမိုကရေစီနှင့် ပြည်သူ့အစိုးရစစ်စစ်ကို ပုံဖော်လာနိုင်အောင် နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးအပိုင်းကို သီးသန့်ထားရှိသင့်ပါကြောင်း၊ ပြည်ထောင်စုဝန်ကြီးများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ၊ ဝန်ကြီးများကို လွှတ်တော်ကိုယ်စားလှယ်များထဲမှသာ ခန့်ထားရန် ပြင်ဆင်သင့်ပါကြောင်းဖြင့် ဆွေးနွေးသည်။

**ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၆)မှ ဒေါ်နန်းနီနီအေး**က ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော် ကော်မတီ၊ ကော်မရှင်များနှင့် အဖွဲ့များ၏အဆင့်ကို တိကျစွာဖော်ပြထားခြင်း မရှိသည်ကို တွေ့ရှိရပါကြောင်း၊ ကော်မတီ၊ ကော်မရှင်နှင့်အဖွဲ့များသည် နိုင်ငံတော်၏ အရေးပါဆုံးလုပ်ငန်းများဖြစ်သည့် ဥပဒေပြုရေးဆိုင်ရာ လုပ်ငန်းများ၊ နိုင်ငံတော်၏ဘဏ္ဍာရန်ပုံငွေများ စိစစ်ခြင်း၊ ဆွေးနွေးခြင်း၊ ဖြတ်တောက်ခြင်း၊ လျှော့ချခြင်း၊ အတည်ပြုခြင်း စသည့်လုပ်ငန်းများကို ဆောင်ရွက်ခြင်းကြောင့် ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်ဖြစ်မှသာ လုပ်ငန်းများဆောင်ရွက်ရာတွင် လွယ်ကူချောမွေ့နိုင်ပြီး အချင်းချင်း အပြန်အလှန်ထိန်းကျောင်းနိုင်မည် ဖြစ်ပါကြောင်းဖြင့် ဆွေးနွေးသည်။ **(သတင်းစဉ်)**

✪ **စာမျက်နှာ ၆ မှ**

G20 နိုင်ငံများအနေဖြင့် တိုးတက်မှုမြင့်တင်ရန်၊ စီးပွားရေးအဆောက်အအုံအား ပိုမိုရေရှည်တည်တံ့စေရန်နှင့် ကမ္ဘာ့အဖွဲ့အစည်းများ၊ ဘဏ္ဍာရေးအဖွဲ့အစည်းများ ခိုင်မာအားကောင်းလာစေရန် လိုအပ်ကြောင်း ဆွေးနွေးခဲ့ကြပါသည်။

G20 နိုင်ငံများ၏ ဖွံ့ဖြိုးမှုမဟာဗျူဟာဖြစ်သည့် နိုင်ငံစုံကုန်သွယ်မှု၊ အရည်အသွေးပြည့်ဝသည့် ရင်းနှီးမြှုပ်နှံမှု၊ ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးတိုးတက်မှု၊ စွမ်းအင်ဆိုင်ရာ စွမ်းဆောင်ရည်တိုးတက်မှုနှင့် စွမ်းအင်ဈေးကွက်အတွက် ပူးပေါင်းမှုများ၊ စားနပ်ရိက္ခာဖူလုံရေး၊ အပြည်ပြည်ဆိုင်ရာဖွံ့ဖြိုးမှု၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေး၊ အခွန်အကောက်နှင့် အပြည်ပြည်ဆိုင်ရာ ဘဏ္ဍာရေးပုံသဏ္ဌာန်နှင့်လုပ်ထုံးလုပ်နည်းများ ပြုပြင်ပြောင်းလဲမှုကိစ္စရပ်များ၊ အရည်အသွေးရှိသည့် အလုပ်အကိုင်ဖန်တီးရေးနှင့် အမျိုးသမီး လုပ်သားအင်အားစုတိုးတက်စေရေးကို ချဉ်းကပ်ဖြေရှင်းဆွေးနွေးခဲ့ကြပြီး အဆိုပါကိစ္စရပ်များဖွံ့ဖြိုးရေးအတွက် ချဉ်းကပ်မည့် ဘရစ္စဘိန်းလုပ်ငန်းစဉ်ကို ကြေညာခဲ့ပါသည်။

G20 နိုင်ငံများ၏ စုစုပေါင်း GDP အား လာမည့်ငါးနှစ်တွင် နှစ်ရာခိုင်နှုန်း တိုးတက်လာစေရန်အတွက် ရည်မှန်းချက်တစ်ခုအနေဖြင့် ချမှတ်ဆောင်ရွက်မည်ဖြစ်ပါသည်။ ကမ္ဘာ့စီးပွားရေးအား အမေရိကန်ဒေါ်လာ ၂ ထရီလီယံ တိုးတက်လာမည်ဖြစ်ပြီး အလုပ်အကိုင်သစ် သန်းပေါင်းများစွာအား ဖန်တီးနိုင်မည်ဖြစ်ပါသည်။ ရင်းနှီးမြှုပ်နှံမှုမြင့်တင်ရန်၊ ကုန်သွယ်မှုနှင့် ယှဉ်ပြိုင်နိုင်မှု တိုးတက်စေရန်နှင့် အလုပ်အကိုင်တိုးတက်စေသည့် ကျွန်ုပ်တို့၏ ပြုပြင်ပြောင်းလဲမှုများသည် ဖွံ့ဖြိုးတိုးတက်မှုနှင့် အလုံးစုံတိုးတက်မှုတို့ကို အထောက်အကူဖြစ်စေမည်ဖြစ်ပြီး မညီမျှမှုများကို ဖြေရှင်းရေးနှင့်ဆင်းရဲမှုလျှော့ချရေးတို့ကို ကူညီနိုင်မည်ဖြစ်ပါသည်။

G20 ၏ အောင်မြင်မှုများအနေဖြင့် ကမ္ဘာ့ဖွံ့ဖြိုးမှုမူဝါဒများ တိုးတက်ကောင်းမွန်လာစေခြင်း၊ အဂတိလိုက်စားမှုများ လျော့ပါးစေခြင်း၊ ဘဏ္ဍာရေးအကျပ်အတည်းများကို ဖြေရှင်းနိုင်ခြင်း၊ ဘဏ္ဍာရေးနှင့်ပတ်သက်သော အကြမ်းဖက်မှုများကို တိုက်ဖျက်နိုင်ခြင်း၊ ဖွံ့ဖြိုးမှုတို့အပါအဝင် ကိစ္စရပ်များကို ပါဝင်ဖြေရှင်းနိုင်ခဲ့သည်။ G20 သည် အဖွဲ့ဝင်နိုင်ငံများအား ဘဏ္ဍာရေးမူဝါဒ ပွင့်လင်းစေခြင်း၊ အကောက်အခွန်နှင့်စပ်လျဉ်း၍ ပွင့်လင်းထင်သာမြင်သာရှိစေသည့် စံချိန်မြင့်မားလာခြင်း၊ သတင်းအချက်အလက်ဖလှယ်မှုတိုးတက်လာမှု၊ အပြည်ပြည်ဆိုင်ရာကော်ပိုရေးရှင်း၊ ကုမ္ပဏီများ၏ အခွန်ရှောင်ခြင်း (Tax Evasion) တို့ကိုတိုက်ဖျက်ရန် တိုက်တွန်းဆောင်ရွက်ခဲ့သည်။ အပြည်ပြည်ဆိုင်ရာဘဏ္ဍာရေးအဆောက်အအုံတည်ငြိမ်စေရန် ပြုပြင်ပြောင်းလဲမှုများ ပြုလုပ်ခဲ့သည်။ အထူးသဖြင့် ကမ္ဘာ့ဘဏ္ဍာရေးဈေးကွက်တည်ငြိမ်စေရန်အတွက် စည်းမျဉ်းစည်းကမ်းများ၊ ကြီးကြပ်မှုများပြုလုပ်ရာတွင် နက်ရှိုင်းသောပူးပေါင်းဆောင်ရွက်မှုများပြုလုပ်နိုင်ခဲ့ပါသည်။ **G20 သည် ကမ္ဘာ့စီးပွားရေးနှင့် ဘဏ္ဍာရေးစနစ်အား ပိုမိုဖွံ့ဖြိုးစေရန် ဘုံအမြင် (Common view)ကို ဖွံ့ဖြိုးစေခဲ့သည်။**

G20 တွင်အရေးပါသော အဖွဲ့ဝင် ဖွံ့ဖြိုးပြီးနိုင်ငံများ၊ ထွန်းသစ်စပြုနေသည့် ဖွံ့ဖြိုးဆဲနိုင်ငံများအပြင် အပြည်ပြည်ဆိုင်ရာ ဘဏ္ဍာရေးအဖွဲ့အစည်းများ၏ အကြီးအကဲများလည်း တက်ရောက်ခြင်းကြောင့် စီးပွားရေးအရအရေးပါမှု (Economic weight)နှင့် ကျယ်ပြန့်သည့် အဖွဲ့ဝင်နိုင်ငံများ (Broad membership)ပါဝင်နေမှုသည် **ကမ္ဘာ့စီးပွားရေးအဆောက်အအုံနှင့် ဘဏ္ဍာရေးစနစ်ကို စီမံခန့်ခွဲရာတွင် လွှမ်းမိုးနိုင်မှုဒီဂရီ ပိုမိုမြင့်မားစေသည့်အဖွဲ့** ဖြစ်ပါသည်။ ကမ္ဘာ့စီးပွားရေးအကျပ်အတည်းနှင့် ဘဏ္ဍာရေးအကျပ်အတည်းများပေါ်ပေါက်ပါက တုံ့ပြန်ရန်၊ ထပ်မံဖြစ်ပွားမှုမရှိစေရန်၊ ကမ္ဘာ့စီးပွားရေးအခြေအနေ ပိုမိုကောင်းမွန်စေရန်၊ **နိုင်ငံများအကြား မျှတသောဖွံ့ဖြိုးမှုဖြစ်ပေါ်စေရန် အဖွဲ့အစည်းတစ်ရပ်အဖြစ်** ဖွဲ့စည်းခဲ့ခြင်းဖြစ်ပါသည်။ ကမ္ဘာ့စီးပွားရေးအခြေအနေများကို ဆွေးနွေးရန် **အဓိကကျသည့် ဈေးကွက်စီးပွားရေးနိုင်ငံများ၊ ဖွံ့ဖြိုးဆဲနိုင်ငံများအနေဖြင့် အပြည့်အဝပါဝင်နိုင်မှုမရှိခဲ့သည့် အားနည်းချက်ကို ဖြည့်ဆည်းသည့်အနေဖြင့်** ဖွဲ့စည်းခြင်းဖြစ်သည်။

နိုင်ငံတစ်ခု၏ စီးပွားရေးသည် ဒေသဆိုင်ရာစီးပွားရေး၊ ကမ္ဘာ့စီးပွားရေးအဆောက်အအုံများနှင့် ချိတ်ဆက်နေရာ ဈေးကွက်တိုးတက်မှုနှင့် ယှဉ်ပြိုင်မှုများတိုးမြှင့်ရန်၊ နည်းပညာပူးပေါင်းမှုများ ဆောင်ရွက်ရန် ပူးပေါင်းမှုများလိုအပ်ပါသည်။ အေပက်အဖွဲ့ဝင်နိုင်ငံများ၊ အာဆီယံနှင့် အရှေ့အာရှအဖွဲ့ဝင်နိုင်ငံများ၊ G20 နိုင်ငံများအနေဖြင့် နိုဝင်ဘာလအတွင်း ဆက်တိုက်ကျင်းပခဲ့သည့် ထိပ်သီးအစည်းအဝေးများတွင် ဆွေးနွေးချက်များအရ ဒေသဆိုင်ရာနှင့် ကမ္ဘာလုံးဆိုင်ရာ အဖွဲ့အစည်းများအကြား ဦးတည်ဆွေးနွေးခဲ့သည့် ကိစ္စရပ်များနှင့် ဆောင်ပုဒ်များသည် မည်သို့ဆက်စပ်နေသည်၊ ကမ္ဘာ့စီးပွားရေးမူဝါဒများသည် မည်သည့်လားရာသို့ ဦးတည်နေသည်ကို စုစည်းရေးသားတင်ပြအပ်ပါသည်။ ။

# မြန်မာ-အိန္ဒိယနယ်စပ် နယ်ဘက်အာဏာပိုင်များ၏ (၁၉)ကြိမ်မြောက် အစည်းအဝေးကျင်းပ

**ရန်ကုန် နိုဝင်ဘာ ၁၇**

မြန်မာ-အိန္ဒိယနယ်စပ် နယ်ဘက်အာဏာပိုင်များ၏ (၁၉) ကြိမ်မြောက် နိုင်ငံတော်အဆင့် အစည်းအဝေးကို ယနေ့နံနက်ပိုင်းက ရန်ကုန်မြို့ အင်းယားလိတ်ဟိုတယ်၌ ကျင်းပခဲ့သည်။**(ဓာတ်ပုံ)**

အဆိုပါအစည်းအဝေးတွင် နှစ်နိုင်ငံ နယ်စပ်ဒေသတစ်လျှောက် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးလုပ်ငန်းများ၊ အပြန်အလှန်သတင်းဖလှယ်ရေးလုပ်ငန်းစဉ်များနှင့် နယ်စပ်ဖြတ်ကျော်မှုခင်းများ ပူးပေါင်းကိုင်တွယ်ဖြေရှင်းရေးလုပ်ငန်းစဉ်များ၊ နယ်စပ်လုံခြုံရေးလုပ်ငန်းစဉ်များ၊ နယ်နိမိတ်ကိစ္စများနှင့် နှစ်နိုင်ငံနယ်စပ် သောင်းကျန်းသူများ အရေးနှင့်ပတ်သက်၍ ကျယ်ကျယ်ပြန့်ပြန့် ဆွေးနွေးခဲ့ကြသည်။

ဆွေးနွေးပွဲတွင် မြန်မာကိုယ်စားလှယ်အဖွဲ့ကို ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဇံမြင့်က ဦးဆောင်ဆွေးနွေးပြီး အိန္ဒိယကိုယ်စားလှယ်အဖွဲ့ကို အိန္ဒိယပြည်ထဲရေးဝန်ကြီးဌာန ဒုတိယအတွင်းဝန် မစ္စတာ ဆအနီလ် ဂိုဆွာမီက ဦးဆောင်ဆွေးနွေးခဲ့သည်။

ဆွေးနွေးပွဲအပြီးတွင် အိန္ဒိယကိုယ်စားလှယ်အဖွဲ့သည် ရွှေတိဂုံဘုရားနှင့် အိန္ဒိယနိုင်ငံ၏ နောက်ဆုံး မင်္ဂုမင်းဆက် မဟာဒူး ဇဖားရှားဂူဗိမာန်တို့ကို သွားရောက်လေ့လာခဲ့ကြသည်။ မြန်မာ-အိန္ဒိယနယ်စပ် နယ်ဘက်အာဏာပိုင်များ၏ (၁၉)ကြိမ်မြောက် နိုင်ငံတော်အဆင့် အစည်းအဝေးကို နိုဝင်ဘာ ၁၈ ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်သည်။

မြန်မာ-အိန္ဒိယနယ်စပ် နယ်ဘက်အာဏာပိုင်များ၏ (၁၇) ကြိမ်မြောက် နိုင်ငံတော်အဆင့် အစည်းအဝေးတွင် မြန်မာရေလုပ်သားများအနေဖြင့် အိန္ဒိယရေပိုင်နက်အတွင်းသို့ တရားမဝင် ပင်လယ်မျှောဝင်ရောက်ဖမ်းဆီးပါက အိန္ဒိယဥပဒေအရ ပြင်းထန်စွာ အရေးယူခံရမည်ဖြစ်ကြောင်း ဆွေးနွေးခဲ့ကြသည်။

**အောဝမ်းစိုး(ကြေးမုံ)**



## အတည်ပြုပြဋ္ဌာန်းထားသော အမျိုးသားပညာရေးဥပဒေနှင့် စပ်လျဉ်း၍...

**မြန်မာနိုင်ငံ၏ အမျိုးသားပညာရေးဥပဒေသည် စက်တင်ဘာ ၃၀ ရက်က ပြဋ္ဌာန်းခဲ့သည်။ အဆိုပါဥပဒေ၌ ပါဝင်သော အချို့သောအချက်များနှင့် စပ်လျဉ်း၍ ဆန္ဒသဘောထားဖော်ထုတ်ပြသမှုများ ဖြစ်ပေါ်လာသည်။ ထိုကိစ္စနှင့်ပတ်သက်၍ သိရှိလိုသည်များကို ရန်ကုန်အနောက်ပိုင်းတက္ကသိုလ် ပါမောက္ခချုပ်ဒေါက်တာခိုင်မြဲအား မြန်မာ့သတင်းစဉ်အဖွဲ့က သွားရောက်မေးမြန်းခဲ့ပါသည်။**

**မေး။ ။ အခုဆန္ဒသဘောထားဖော်ထုတ်နေတဲ့ ကျောင်းသား ကျောင်းသူတွေက အချက်(၆)ချက် တောင်းဆိုထားတယ်လို့ ကြားသိရပါတယ်။ ဆရာတို့ ဘယ်လိုဆောင်ရွက်သွားမလဲဆိုတာ ပြောပြပေးပါ။**

ဖြေ။ ။ တောင်းဆိုတဲ့အချက် (၆)ချက်ကို ခြုံငုံကြည့်ရင် အဓိကအချက်(၃)ချက် ပါပါတယ်။ ပြဋ္ဌာန်းပြီးတဲ့အမျိုးသားပညာရေးဥပဒေဟာ ကျောင်းသားထုတစ်ရပ်လုံးရဲ့ ဆန္ဒမပါဘဲနဲ့ အတည်ပြုခဲ့တယ်ဆိုတဲ့ အချက်ဖြစ်ပါတယ်။

ဒုတိယအချက်ကတော့ အမျိုးသားပညာရေး ဥပဒေမှာ ပါဝင်တဲ့အချက်တွေဟာ ဗဟိုချုပ်ကိုင်မှုဆက်လက်ရှိနေတယ်ဆိုတဲ့အချက်ဖြစ်တယ်။

တတိယအချက်ကတော့ ကျောင်းသားသမဂ္ဂဖွဲ့စည်းခွင့်ရရှိရေးအချက်ဖြစ်ပါတယ်။

အဲဒီအချက်(၃)ချက်ထဲက ပထမအချက်ဖြစ်တဲ့ အမျိုးသားပညာရေးဥပဒေကို စတင်ရေးဆွဲစဉ်ကာလကတည်းက ကျောင်းသားတွေရော၊ ဆရာ ဆရာမတွေရော၊ နောက်အဖွဲ့အစည်းအသီးသီးက ပုဂ္ဂိုလ်တွေ၊ မြန်မာအမျိုးသားပညာရေးကွန်ရက် ဒေါက်တာသိန်းလွင် ဦးဆောင်တဲ့ ကိုယ်စားလှယ်တွေ၊ မြန်မာနိုင်ငံ ပါတီမျိုးစုံက ကိုယ်စားလှယ်တွေ၊ လွှတ်တော်ကိုယ်စားလှယ်တွေ၊ INGO / NGO က ကိုယ်စားလှယ်တွေ၊ ကျောင်းသားမိဘတွေ အကြိမ်ကြိမ်ဆွေးနွေးပြီးတဲ့အခါကြမှ ဒေသန္တရဆွေးနွေးပွဲလုပ်တယ်။ အဲဒါက တစ်ဆင့်အမျိုးသားအဆင့်ဆွေးနွေးပြီးမှ ညှိနှိုင်းရရှိတဲ့ ဥပဒေမူကြမ်းကို လုပ်ထုံးလုပ်နည်းနဲ့အညီ လွှတ်တော်ကိုတင်ပြတယ်။ လွှတ်တော်နှစ်ရပ်ကလည်း နှစ်နှစ်နီးပါးအချိန်ယူကာ အပြန်အလှန်ဆွေးနွေးပြီးမှ စက်တင်ဘာ ၃၀ ရက်က အမျိုးသားပညာရေးဥပဒေပေါ်ထွက်လာတာဖြစ်တယ်။ ကျောင်းသားအသင်းအဖွဲ့ပါတဲ့ အထောက်အထားဓာတ်ပုံတွေကို တိတိကျကျထုတ်ဖော်ပြသနိုင်ပါတယ်။

အမျိုးသားပညာရေးဥပဒေမှာ ဗဟိုချုပ်ကိုင်မှုရှိနေတယ်ဆိုတာနဲ့ပတ်သက်ပြီးတော့လည်း အမျိုးသားပညာရေးဥပဒေထဲမှာ တက္ကသိုလ်တွေက ကိုယ်ပိုင်စီမံခန့်ခွဲမှုရှိတယ်။ အမျိုးသားပညာရေးကော်မရှင်ဆိုတာကလည်း မူဝါဒနဲ့ ဘဏ္ဍာရေးကိစ္စကိုပဲ အဓိကဆောင်ရွက်မှာ ဖြစ်တယ်။ အဆင့်မြင့်ပညာပေါင်းစပ်ညှိနှိုင်းရေးမှူး ကော်မတီဆိုတာကလည်း မူဝါဒတွေ၊ ဘဏ္ဍာရေးကိစ္စတွေ တောင်းခံပေးဖို့ရယ်၊ နောက်ပညာရေးအဆင့်အတန်း စံနှုန်းတွေ ညီ၊မညီ အကဲဖြတ်တဲ့ကိစ္စတွေ၊ နိုင်ငံတကာဆက်သွယ်ရေးကိစ္စတွေ၊ နိုင်ငံတကာဖွံ့ဖြိုးမှုကိစ္စတွေ၊ ဆက်သွယ်ပေါင်းစပ်ပေးမယ့်ကိစ္စတွေကို ဆောင်ရွက်မှာဖြစ်ပါတယ်။

စီမံခန့်ခွဲမှုကိစ္စတွေကို လွတ်လပ်စွာစီမံခန့်ခွဲဖို့ အမျိုးသားပညာရေးဥပဒေမှာ အတိအကျဖော်ညွှန်းထားတာဖြစ်ပါတယ်။ ဒီလိုအချက်တွေကို ဆောင်ရွက်နိုင်ဖို့ ရှေ့ဆက်ရေးဆွဲမယ့် အမျိုးသားပညာရေး နည်းဥပဒေနဲ့ တကွ တက္ကသိုလ်ပဋိညာဉ်ဥပဒေခေါ်တဲ့ တက္ကသိုလ်ပဋိညာဉ်စာတမ်းတွေမှာ တိတိကျကျ ထည့်သွင်းဖို့လိုပါတယ်။ ဒီလိုထည့်သွင်းနိုင်ဖို့လည်း ခုနပြောသလို ဆရာ ဆရာမတွေ၊ ကျောင်းသားကျောင်းသူတွေ၊ ကျောင်းသားမိဘတွေ၊



ရန်ကုန်အနောက်ပိုင်းတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာခိုင်မြဲ။

Stake Holder တွေအားလုံးက ဝိုင်းဝန်းဆွေးနွေးကြဖို့လိုပါတယ်။

တတိယအချက်ဖြစ်တဲ့ ကျောင်းသားသမဂ္ဂဖွဲ့စည်းခွင့်ရရှိရေး၊ ဒါကလည်း ခုနပြောသလို ရှေ့ဆက်ပြီးတော့ တက္ကသိုလ်အလိုက်ရေးဆွဲနေတဲ့ တက္ကသိုလ်ပဋိညာဉ်စာတမ်းတွေမှာ ဝိုင်းဝန်းဆွေးနွေးပြီးတော့ ထည့်သွင်းဖို့ဖြစ်ပါတယ်။

လောလောဆယ်မှာ ပေါ်ပေါက်လာမယ့် တက္ကသိုလ်ကျောင်းသားအဖွဲ့အစည်းတွေမှာ သမဂ္ဂပဲခေါ်ခေါ်၊ ဒီအဖွဲ့အစည်းတွေကို ဘယ်လိုအနေအထားမျိုးနဲ့ ဖွဲ့စည်းမယ်ဆိုတာကို ကြိုတင်စဉ်းစားနိုင်ဖို့အတွက် ကျောင်းသားအသင်း ယာယီကိုဖွဲ့စည်းခွင့်ပြုထားပါတယ်။ ကျောင်းသားအသင်း ယာယီကို ကျောင်းဖွင့်တဲ့အခါ ဖွဲ့စည်းတဲ့အခါမှာ တန်းခွဲအလိုက်၊ အတန်းအလိုက်၊ အထူးပြုဘာသာအလိုက် ဖွဲ့မယ်။ ဖွဲ့ပြီးတဲ့အခါကျတော့ အဲဒီအဖွဲ့တွေဟာ ကျောင်းသားတွေရဲ့ဆန္ဒတွေကို ရယူမယ်။ ကျောင်းသားတွေက တက္ကသိုလ်ပဋိညာဉ်ဥပဒေတွေနဲ့ အဆင့်မြင့်ပညာဥပဒေမှာ ဘယ်အချက်တွေပါချင်တယ်ဆိုတဲ့ ဆန္ဒတွေနဲ့ စုမယ်။ ဆန္ဒတူတာတွေကိုယူမယ်။ ဆန္ဒတူပြီးတော့ နိုင်ငံရဲ့ ပကတိအခြေအနေနဲ့ ကိုက်ညီပြီးတော့ ဆောင်ရွက်နိုင်တဲ့ အခြေအနေကိုယူပြီးတော့ ဒီစုစည်းချက်တွေကို တစ်ပြည်လုံးမှာရှိတဲ့ တက္ကသိုလ်တွေအားလုံးဝိုင်းဝန်း ညှိနှိုင်းပြီးတော့ ဥပဒေကြမ်းတွေ ပြုစုဖို့ ဖြစ်တယ်။

ဥပဒေကြမ်းတွေကို လုပ်ထုံးလုပ်နည်းနဲ့အညီ လွှတ်တော်နှစ်ရပ်ကိုတင်ပြပြီးတော့ အတည်ပြုချက်ရယူသွားမှာဖြစ်တယ်။ ဒါကြောင့်မို့လို့ ကျောင်းသားသမဂ္ဂဖွဲ့စည်းခွင့်ရရှိရေးသည် တက္ကသိုလ် ပဋိညာဉ်ဥပဒေပေါ်ပြီးတဲ့အခါက ပေါ်ပေါက်လာမှာဖြစ်တယ်။ ပဋိညာဉ်ဥပဒေမပေါ်ပေါက်ခင် ဒီကြားထဲမှာလည်း ကျောင်းသားအသင်း (ယာယီ) ဖွဲ့စည်း ပြီးတော့ ဆောင်ရွက်နိုင်မယ့်အနေအထားဖြစ်ပါတယ်။

**မေး။ ။ တက္ကသိုလ်များလွတ်လပ်စွာ အုပ်ချုပ်ခွင့်က ဘယ်အချိန်မှာ သက်ဝင်လှုပ်ရှားလာမလဲ ဆရာ။**

ဖြေ။ ။ အခုပညာရပ်လွတ်လပ်ခွင့်က အကုန်ရနေပါပြီ။ ဘာလို့လဲဆိုတော့ တက္ကသိုလ်တွေအနေနဲ့ မိမိကိုယ်တိုင်စာသင်လို့ရတယ်။ ဘယ်သူ့လွှမ်းမိုးမှုမှမပါဘူး။ ကိုယ့်ဟာကိုသင်၊ ကိုယ့်မေးခွန်းကိုယ်ထုတ်၊ အောင်စာရင်း ကိုယ့်ဘာသာကို သတ်မှတ်လို့ရတယ်။ သုတေသနကို လွတ်လွတ်လပ်လပ်နဲ့ပြုလုပ်လို့ရတယ်။ တက္ကသိုလ်တွေမှာ အခုကတည်းကိုက နိုင်ငံခြားဆက်သွယ်မှုတွေ၊ နားလည်မှုစာချွန်လွှာရေးထိုးတာတွေကို မည်သူ့ထံမှ ခွင့်ပြုချက် တောင်းခံစရာမလိုဘဲ ရေးထိုးလို့ရတယ်။ ပညာရပ်လွတ်လပ်ခွင့်က အပြည့်အဝ ရရှိပြီးသားဖြစ်ပါတယ်။

စီမံခန့်ခွဲမှုအပိုင်းမှာတော့ နည်းဥပဒေတွေ ပဋိညာဉ်တွေ ပေါ်ပေါက်လာပြီးတဲ့အချိန်မှာ အဲဒီမှာပါတဲ့အချက်အလက်တွေက ဗဟိုချုပ်ကိုင်မှု ကင်းလွတ်ပြီးတော့ ခုနက လွတ်လပ်စွာစီမံခန့်ခွဲမှုကိုအကောင်အထည်ဖော်နိုင်အောင် အချက်အလက်တွေကို ထည့်သွင်းပြီးရင် အကောင်အထည်ဖော်လို့ရမှာဖြစ်ပါတယ်။

**မေး။ ။ ကျောင်းသားသမဂ္ဂဖွဲ့စည်းဖို့ကို ကျောင်းသားတွေကိုယ်တိုင် လွတ်လပ်စွာနဲ့ ဖွဲ့စည်းခွင့်ပြုမယ်ဆိုတဲ့ သဘောလားဆရာ။**

ဖြေ။ ။ ကျောင်းသားအသင်း(ယာယီ)ကို ဘယ်သူကမှ By Forceနဲ့ လုပ်လို့မရပါဘူး။ သူတို့ဘာသာ သူတို့ တန်းခွဲအလိုက်၊ အတန်းလိုက်၊ အထူးပြုဘာသာအလိုက်၊ လွတ်လွတ်လပ်လပ် ဖွဲ့စည်းခွင့်ပြုတယ်။ အခုကတည်းကိုက လွတ်လွတ်လပ်လပ် ဖွဲ့စည်းခွင့်ပေးပြီးတော့ နောင်တစ်ချိန်မှာ ဘယ်လိုလွတ်လွတ်လပ်လပ် ဖွဲ့စည်းမယ်၊ ကျောင်းသားသမဂ္ဂကို ဘယ်လို ဖွဲ့ကြမယ်။ ဘယ်လိုအဖွဲ့အစည်းတွေနဲ့ ဖွဲ့မယ်ဆိုတာကို ဒီကိစ္စကို ကိုယ့်ဟာကိုပဲ လွတ်လွတ်လပ်လပ်လုပ်နိုင်မယ့် အနေအထားကို ရေးဆွဲရမှာဖြစ်တယ်။ ဘယ်မှာရေးဆွဲရမယ်ဆိုရင် တက္ကသိုလ်ပဋိညာဉ်ဥပဒေထဲမှာ မိမိဆောင်ရွက်ရမယ့်အစီအစဉ်ကို မိမိထည့်ပြီး တော့ မိမိတို့ကပဲ လွတ်လွတ်လပ်လပ်ဆောင်ရွက်ရမှာဖြစ်တယ်။

ကျောင်းသားလူငယ်တွေဆိုတာ နိုးကြားတက်ကြွပြီးတော့ အားမာန်ပြည့်ဝတယ်။ မြန်မာနိုင်ငံရဲ့ အနာဂတ်ပိုင်ဆိုင်တဲ့ မျိုးဆက်လူငယ်တွေဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ သူတို့ရဲ့အားက အလွန်အရေးကြီးပါတယ်။ အခုအချိန်မှာ ကျောင်းသားလူငယ်တွေက ဘာကို သဘောပေါက်ရမလဲဆိုရင် ပြဋ္ဌာန်းလိုက်တဲ့အမျိုးသားပညာရေးဥပဒေဟာ ပင်မဥပဒေ (Mother Law)ခေါ်တဲ့အတွက် ရွှေတံခါးကြီးပွင့်တာလည်းဖြစ်တယ်။ ရွှေတံခါးကြီးပွင့်တာက လုပ်ခွင့်သာဖို့အတွက် ဖွင့်ပေးလိုက်တာပဲဖြစ်တယ်။ အဲဒါကြောင့်မို့လို့ ဒီအထဲမှာပါတဲ့ အချက်တွေက တံခါးပွင့်တဲ့အဆင့်ပဲရှိတယ်။ ဘာလုပ်ရမယ်၊ ဘာလုပ်သင့်တယ်၊ ဘယ်လိုလုပ်လို့ရှိရင် ညီမျှမှု၊ လွတ်လပ်မှု၊ တရားမျှတမှု ရှိမယ်ဆိုတာ ရှေ့ဆက်ရမယ့် နည်းဥပဒေနဲ့ ကဏ္ဍဥပဒေတွေက အရေးကြီးပါတယ်။ အဲဒါကြောင့်မို့လို့ ဒီဥပဒေတွေကို ကျောင်းသားထုတစ်ရပ်လုံး ပါဝင်ဆွေးနွေးညှိနှိုင်းပြီးတော့ ရရှိတဲ့အချက်တွေကို ရှေ့ဆက်ရေးဆွဲမယ့် ဥပဒေမှာ ထည့်သွင်းရေးဆွဲလို့ရှိရင် အနာဂတ်မြန်မာနိုင်ငံတော်ကို အကောင်းဆုံး ဖော်ဆောင်နိုင်ပါမယ်။ ဖော်ဆောင်တဲ့အခါမှာလည်း ဒို့ပြင်လူဖော်ဆောင်တာမဟုတ်ဘူး။ ကျောင်းသားတွေကိုယ်တိုင်က ဖော်ဆောင်တာပဲဖြစ်ပါတယ်။

**မေး။ ။ ယာယီကျောင်းသားအသင်းအဖွဲ့ကို ဘယ်အချိန်ကာလမှာ စတင်ဖွဲ့ခွင့်ရမှာလဲဆရာ။**

ဖြေ။ ။ ယာယီကျောင်းသားအသင်းကို ဒီဇင်ဘာ ၁ ရက်၊ ၂ ရက် ကျောင်းစဖွင့်တဲ့အခါမှာ တန်းခွဲအလိုက်၊ အတန်းလိုက်၊ အထူးပြုဘာသာရပ်အလိုက်၊ ကျောင်းသားအသင်း (ယာယီ)တွေ ဖွဲ့စည်းကြရမှာဖြစ်ပါတယ်။ ဖွဲ့စည်းတဲ့အခါမှာ ဘယ်သူ့ရဲ့ ချုပ်ကိုင်မှုမှမပါပါဘူး။ ကျောင်းသားတွေ မိမိဘာသာမိမိ လွတ်လွတ်လပ်လပ် ရွေးကောက်တင်မြှောက်တဲ့စနစ်နဲ့ ဖွဲ့စည်းကြရမှာဖြစ်ပါတယ်။ ဖွဲ့စည်းပြီးတော့ အဲဒီယာယီအဖွဲ့ကပဲ ပေါင်းစပ်ညှိနှိုင်းမှုတွေလုပ်ရမှာ၊ ကျောင်းသားတွေက ရှေ့ဆက်ရေးဆွဲမယ့် နည်းဥပဒေနဲ့ ဆက်စပ်ဥပဒေမှာ ဘာတွေပါချင်သလဲဆိုတဲ့ အချက်ကို သူတို့က ပေါင်းစပ်ညှိနှိုင်းရမယ်။ အနာဂတ်ဖြစ်လာမယ့် သမဂ္ဂဖြစ်ဖြစ်၊ ဘယ်လိုပဲခေါ်ခေါ် အဲဒီဖြစ်ပေါ်လာမယ့် ကျောင်းသားအသင်းဟာ ဘယ်လိုအနေအထားဖြစ်ရမယ်ဆိုတဲ့ အနာဂတ်အသင်းရဲ့ ပုံစံမျိုးကို စိတ်ကူးပြီးတော့ ပုံဖော်ကြရမှာဖြစ်တယ်။ အဲဒီလိုစိတ်ကူး ပုံဖော်နိုင်ဖို့အတွက် ဆရာတို့က ယာယီဖွဲ့စည်းပေးခြင်းဖြစ်ပါတယ်။

**မေး။ ။ ဆရာဆရာမတွေ အသင်းဖွဲ့စည်းဖို့ကိုလည်း ဆရာတို့ ဘယ်လိုစဉ်းစားထားပါသလဲ။**

ဖြေ။ ။ ကျောင်းသားအဖွဲ့(ယာယီ)နည်းတူ ဆရာ ဆရာမ (ယာယီ)အဖွဲ့ကိုလည်း ဖွဲ့စည်းနိုင်ဖို့ ရည်ရွယ်ထားပါတယ်။

**အမေး၊ အရေး၊ ဓာတ်ပုံ - ခင်ချိုဝင်း၊ ဝင်းဝင်းမော်**

## သားကောင်းသမီးကောင်းရတနာ

- မိသားစုအကျိုး ရှုက်သယ်ပိုး ကြိုးစားဆောင်ရွက်ပါ၊
- ရပ်ရွာအကျိုး ရှုက်သယ်ပိုး ကြိုးစားဆောင်ရွက်ပါ၊
- နိုင်ငံအကျိုး ရှုက်သယ်ပိုး ကြိုးစားဆောင်ရွက်ပါ၊
- အဲဒါမှ ဝေဆာဖြိုးလှစ် အားခွန်သစ် မျိုးဆက်သစ်ရတနာ ဖြစ်ကြမှာ ဖြစ်ကြမှာ၊ ကြိုးစားပါ... ကြိုးစားပါ။

(သာသနာရေး)

ပြည်တွင်းရေးရာ

# ၂၀၁၅ ခုနှစ်အတွင်း နှစ်နိုင်ငံဆက်သွယ်သည့် ချစ်ကြည်ရေးတံတားပြီးစီးမည်ဖြစ် နှစ်နိုင်ငံဖွံ့ဖြိုးတိုးတက်မှုအတွက် အခွင့်အရေးများကို ရယူအသုံးချရန်လို

**နေပြည်တော် နိုဝင်ဘာ ၁၇**

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ဇေယျာသီရိဗိမာန်ရှေ့၌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသို့ ချစ်ကြည်ရေးခရီးရောက်ရှိလာသော လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ အမျိုးသားကာကွယ်ရေးဝန်ကြီး Lt. Gen. Sengnuan Saiyalath အား ဂုဏ်ပြုအခမ်းအနားဖြင့် ကြိုဆိုနှုတ်ဆက်သည်။

အဆိုပါဂုဏ်ပြုကြိုဆိုပွဲသို့ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အတူ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ တက်ရောက်ကြပြီး ဧည့်သည်တော်ဝန်ကြီးနှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ လာအိုနိုင်ငံ သံအမတ်ကြီး H.E.Mr. Nilahat Xayalate နှင့် အဖွဲ့ဝင်များ၊ လာအိုနိုင်ငံ စစ်သံမှူး Colonel Daokai Lertlivanh တို့ တက်ရောက်ကြသည်။

ရှေးဦးစွာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် ဧည့်သည်တော်ဝန်ကြီးတို့သည် အလေးပြုခံစင်မြင့်၌ ဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြုခြင်းကိုခံယူကြပြီး ဂုဏ်ပြုတပ်ဖွဲ့ကို စစ်ဆေးသည်။

ထို့နောက် လာအိုအမျိုးသားကာကွယ်ရေးဝန်ကြီးက ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်အား ၎င်းနှင့်အတူ လိုက်ပါလာကြသူများနှင့် မိတ်ဆက်ပေးပြီး တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကလည်း ၎င်းနှင့်အတူ ကြိုဆိုကြသူများနှင့် ပြန်လည်မိတ်ဆက်ပေးသည်။

ယင်းနောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် ဇေယျာသီရိဗိမာန် ဧည့်ခန်းမဆောင်၌ လာအိုအမျိုးသားကာကွယ်ရေးဝန်ကြီးအား လက်ခံတွေ့ဆုံသည်။**(အပေါ်ပုံ)**



တွေ့ဆုံပွဲ၌ ဧည့်သည်တော်ဝန်ကြီးက လက်ရှိကမ္ဘာပေါ်နှင့် ဒေသတွင်း အခြေအနေသည် ငြိမ်းချမ်းသည်ဟုဆိုနိုင်သော်လည်း စိန်ခေါ်မှုများနှင့် ရင်ဆိုင်နေရကြောင်း၊ ကမ္ဘာ့ဘဏ္ဍာရေးနှင့် ငွေကြေးဆိုင်ရာပြဿနာများသည်လည်း မိမိတို့နိုင်ငံများ၏ စီးပွားရေးနှင့် လူမှုဘဝတိုးတက်ရေးတို့တွင် သက်ရောက်မှုများရှိပါကြောင်း၊ ကမ္ဘာကြီးပူနွေးလာမှုကြောင့် ရာသီဥတုပြောင်းလဲမှုများ၊ ကူးစက်ရောဂါဆိုးများ၊ လေကြောင်းပိုင်နက် လုံခြုံရေးဖြစ်စဉ်ကိစ္စရပ်များနှင့် ရင်ဆိုင်နေရမှုများ၊ နှစ်နိုင်ငံနယ်စပ်ဒေသတည်ငြိမ်အေးချမ်းရေး ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပူးပေါင်းဆောင်ရွက်ရေးတို့အား ဆွေးနွေးခဲ့သည်။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ၂၀၁၅ ခုနှစ်အတွင်း နှစ်နိုင်ငံဆက်သွယ်သည့် ချစ်ကြည်ရေးတံတားပြီးစီးမည်ဖြစ်၍ မြေချင်းဆက်သွားပြီဟု ဆိုနိုင်ကြောင်း၊ နှစ်နိုင်ငံကူးလူးဆက်ဆံမှုများစွာ ကောင်းမွန်လာမည်ဖြစ်၍ နှစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်မှုအတွက် အခွင့်အရေးများကို ရယူအသုံးချရန်လိုကြောင်း၊ နှစ်နိုင်ငံဆက်ဆံရေး၌ သာမက ကမ္ဘာပေါ်တွင် မူးယစ်ဆေးဝါးသည် စိန်ခေါ်မှုတစ်ရပ်ဖြစ်၍ ထိထိရောက်ရောက်ပူးပေါင်းဆောင်ရွက်ရန် လိုကြောင်း၊ တပ်မတော်အနေဖြင့် ပါတီစုံဒီမိုကရေစီစနစ်နှင့် ဈေးကွက်စီးပွားရေးစနစ် အောင်မြင်စေရန် အပြည့်အဝပူးပေါင်း ဆောင်ရွက်လျက်ရှိကြောင်း၊ အလားတူဒေသတွင်း တည်ငြိမ်အေးချမ်းရေး၊ ချစ်ကြည်ရင်းနှီးရေးတို့တွင်လည်း ပါဝင်ဆောင်ရွက်လျက်ရှိကြောင်း ပြောကြားသည်။

ထို့နောက် နှစ်နိုင်ငံတပ်မတော် နှစ်ရပ်အကြား ပူးပေါင်းဆောင်ရွက်ရေး၊ နှစ်နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် တူညီသောစိုက်ပျိုးရေးအခြေခံသည့် စီးပွားရေးလုပ်ငန်းများ၊ ခရီးသွားလုပ်ငန်းဆိုင်ရာများကို ရင်းနှီးစွာ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့သည်။

ယင်းနောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က လာအိုအမျိုးသားကာကွယ်ရေးဝန်ကြီးနှင့် အဖွဲ့အား ဂုဏ်ပြုနေ့လယ်စာဖြင့် တည်ခင်းဧည့်ခံသည်။

မြန်မာနှင့်လာအိုနိုင်ငံတို့အကြား သံတမန်ဆက်သွယ်မှုကို ၁၉၅၅ ခုနှစ် ဇူလိုင် ၁၂ ရက်တွင် စတင်ထူထောင်ခဲ့သည်။ မြန်မာ-လာအိုနှစ်နိုင်ငံကုန်သွယ်မှုအခြေအနေဖြင့် မြန်မာနိုင်ငံမှ အဓိကပို့ကုန် ကုလားပဲတင်ပို့ရောင်းချပြီး သွင်းကုန်များအဖြစ် လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးနှင့် တပ်ဆင်ရေးပစ္စည်းများ၊ ပလတ်စတစ်ကုန်ကြမ်းပစ္စည်းများ၊ ဆေးဝါးပစ္စည်းများ အဓိကတင်သွင်းသည်။ မြန်မာနှင့်လာအိုနှစ်နိုင်ငံအကြား ဆောက်လုပ်လျက်ရှိသည့် မြန်မာ-လာအို ချစ်ကြည်ရေးတံတားသည် ၂၀၁၅ ခုနှစ် မတ်လအတွင်း တည်ဆောက်မှုလုပ်ငန်းများ ပြီးစီးမည်ဖြစ်ကြောင်းနှင့် အဆိုပါတံတားပြီးစီးပါက နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုများ ပိုမိုတိုးတက်ခိုင်မာလာပြီး ကုန်စည်စီးဆင်းမှုများလည်း ပိုမိုလွယ်ကူချောမွေ့လာမည်ဖြစ်ကြောင်း သိရသည်။

**(မြဝတီ)**

**❍ နိုင်ငံတကာမှ**

Miss.Heidy Heffner (အမေရိကန်)က ဒုတိယ၊ Miss.Natasha Martin (ကနေဒါ)က တတိယတို့ရရှိခဲ့ကြပြီး မာရသွန်ပြိုင်ပွဲ အမျိုးသားတွင် Mr. Oliver Carey (နယူးဇီလန်)က ပထမ၊ Mr.Lars Henrik Mattfolk (ဆွီဒင်)က ဒုတိယ၊ Mr.Luis Arturo Vieyra Buenfil (မက်ဆီကန်)က တတိယ၊ မာရသွန်ပြိုင်ပွဲ အမျိုးသမီးတွင် Miss. Alma Edith Gomez-Vanallman (အမေရိကန်)က ပထမ၊ Miss.Ingrid Helene Jensen(နော်ဝေ)က ဒုတိယ၊ Miss.Nicola Jean Simpson (တောင်အာဖရိက)က တတိယတို့ ရရှိခဲ့ကြသည်။

အဆိုပါပြိုင်ပွဲသို့ ဒိန်းမတ်၊ အမေရိကန်နှင့် မြန်မာအပါအဝင် နိုင်ငံပေါင်း ၂၀ မှ အားကစားသမား ၉၇ ဦး ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြသည်။

**(ခရိုင်ပြန်/ဆက်)**

ဥတုရာသီ
တောကိုမှီ၏




**❒ ကျောဖုံးမှ**

ဒီလို ပြုပြင်ပြောင်းလဲရာမှာ အခက်အခဲအနေနဲ့ online မီဒီယာအပါအဝင် sensational မီဒီယာတွေနဲ့ ရင်ဆိုင်ရမှာပါ” ဟုပြောပြသည်။

ထို့ပြင် အများပြည်သူဝန်ဆောင်မှု ဆောင်ရွက်ရာတွင် ဝန်ထမ်းများနှင့် ပတ်သက်၍လည်း “ဝန်ထမ်းတွေအနေနဲ့လည်း တစ်သားတည်းဖြစ်ဖို့ အရေးကြီးပါတယ်။ ဘီဘီစီမှာတော့ ဝန်ထမ်းအားလုံးရဲ့ အမြင်ကို အလေးထားပါတယ်၊ ယေဘုယျအားဖြင့် ဘီဘီစီမှာတော့ သတင်းအစီအစဉ်က ၄၀ ရာခိုင်နှုန်း၊ ဖျော်ဖြေရေး အစီအစဉ်က ၄၀ ရာခိုင်နှုန်းနှင့် ပညာပေးအစီအစဉ်က ၂၀ ရာခိုင်နှုန်းသတ်မှတ်ထားပါတယ်။ ဒါပေမယ့် သတင်းထဲမှာပဲ ပြည်သူလူထုကို ပညာပေးနိုင်တဲ့သတင်းတွေကို များများတင်ဆက်ပါတယ်။

“ပြည်သူ့ဝန်ဆောင်မှုမီဒီယာဆိုတာ ပြည်သူတွေကို အကျိုးပြုတဲ့ မီဒီယာဖြစ်ပါတယ်။ လက်ရှိ တိုးတက်ပြောင်းလဲနေတဲ့အချိန်အဟုန်ကို တာဝန်ရှိသူတွေအနေနဲ့ ထိန်းသိမ်းဖို့လိုအပ်ပါတယ်။ ပြည်သူ့အသံနဲ့ အမြင်တွေကို အလေးထားဖို့က အရေးကြီးပါတယ်။ မြန်မာနိုင်ငံရဲ့ ဒီမိုကရေစီပြုပြင်ပြောင်းလဲရေးအနေနဲ့ လွန်ခဲ့တဲ့ ဆယ်နှစ်ကထက်စာရင် အများကြီးတိုးတက်လာပါတယ်။ ဆက်လက်ပြီး ဒီမိုကရေစီစံညွှန်းနဲ့ညီအောင် လုပ်ဆောင်သွားရမှာဖြစ်ပါတယ်။ နိုင်ငံမှာ ဒီမိုကရေစီစနစ် ကျင့်သုံးမှုနဲ့အတူ သတင်းလွတ်လပ်ခွင့်လည်းအများကြီးရှိ လာမှာဖြစ်ပါတယ်” ဟု ပြောပြသည်။

ဆက်လက်၍ ၎င်းက “ပြည်သူ့ဝန်ဆောင်မှုမီဒီယာဆိုတာ ပြည်သူ့အတွက်ကိုပဲ ဆောင်ရွက်ပေးရတာပါ။ အစိုးရမူဝါဒတွေထက် ပြည်သူ့အကျိုးကို ရှေးရှုဖော်ဆောင်သော မီဒီယာအဖြစ် ရပ်တည်ရမှာပါ။

“မီဒီယာဆိုတာနဲ့သတ်မှတ်ထားတဲ့ စံသတ်မှတ်ချက်တွေ၊ မီဒီယာကျင့်ဝတ်တွေ၊ တာဝန်ယူမှုတွေရှိဖို့ လိုအပ်ပါတယ်။ ဒါ့အပြင်ပြည်သူစိတ်ဝင်စားတဲ့ အကြောင်းအရာတွေကိုလည်း ပုဂ္ဂိုလ်ရေးမပါဘဲ ရေးသားတင်ပြဖို့လည်း လိုပါတယ်။ သတင်းကို မျှမျှတတနဲ့ အကြောင်းအရာမျိုးစုံချပြဖို့လိုပါတယ်။ ပြည်သူကလက်ခံမယ်ဆိုရင် ဘယ်မီဒီယာမဆို ရပ်တည်နိုင်မှာပါ”ဟု ပြောပြသည်။

## လယ်ယာထွက်ကုန်ဈေးကွက်များ အက်ဥပဒေကို ရုပ်သိမ်းသည့်ဥပဒေကြမ်း

လယ်ယာထွက်ကုန်ဈေးကွက်များ အက်ဥပဒေကို ရုပ်သိမ်းသည့်ဥပဒေကြမ်း

( ၂၀၁၄ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ။ )
၁၃၇၆ခုနှစ်၊ လ ရက်
( ၂၀၁၄ခုနှစ်၊ လ ရက် )

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေအား လယ်ယာထွက်ကုန်ဈေးကွက်များ အက်ဥပဒေကို ရုပ်သိမ်းသည့် ဥပဒေဟု ခေါ်တွင်စေရမည်။

၂။ လယ်ယာထွက်ကုန်ဈေးကွက်များအက်ဥပဒေ( ၁၉၄၁ ခုနှစ် အက်ဥပဒေအမှတ် ၁၇ ကို ) ဤဥပဒေဖြင့် ရုပ်သိမ်းလိုက်သည်။

**ပြည်သူအများ သိရှိလေ့လာအကြံပြုနိုင်ရန် ဖော်ပြခြင်းဖြစ်ပါသည်။**

## ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင် ဝမ်းမြောက်ကြောင်းသဝဏ်လွှာပေးပို့

**နေပြည်တော် နိုဝင်ဘာ ၁၈**

၂၀၁၄ ခုနှစ် နိုဝင်ဘာ ၁၈ ရက်တွင်ကျရောက်သော လတ်ဗီးယားသမ္မတနိုင်ငံ၏ လွတ်လပ်ရေးနေ့အခါသမယ၌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်ထံမှ လတ်ဗီးယားသမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး မစ္စတာ အဒ်ဂါစ် ရင်းကဲဗစ်ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ **(သတင်းစဉ်)**

## မြန်မာ- အင်ဒိုနီးရှား နှစ်နိုင်ငံကုန်သွယ်မှုပမာဏ ၂၀၁၆ ခုနှစ်တွင် အမေရိကန်ဒေါ်လာ သန်းတစ်ထောင်အထိ တိုးမြှင့်နိုင်ရေး ဆောင်ရွက်မည်

**နေပြည်တော် နိုဝင်ဘာ ၁၇**

မြန်မာနိုင်ငံနှင့် အင်ဒိုနီးရှားနိုင်ငံတို့အကြား နှစ်နိုင်ငံကုန်သွယ်မှုပမာဏကို လာမည့် ၂၀၁၆ ခုနှစ်တွင် အမေရိကန်ဒေါ်လာသန်း တစ်ထောင်အထိ တိုးမြှင့်သွားနိုင်ရေးဆောင်ရွက်မည်ဟု သတင်းရရှိသည်။

မြန်မာနိုင်ငံနှင့် အင်ဒိုနီးရှားနိုင်ငံတို့အကြား ကုန်သွယ်မှုကဏ္ဍကို ၂၀၁၀ ပြည့်နှစ်နောက်ပိုင်းတွင် တိုးမြှင့်လာခဲ့ရာ လက်ရှိအစိုးရ လက်ထက်တွင် ကုန်သွယ်မှုလုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်နိုင်ခဲ့ပြီး လာမည့် ၂၀၁၆ ခုနှစ်တွင် အမေရိကန်ဒေါ်လာ သန်းတစ်ထောင်အထိ တိုးမြှင့်သွားနိုင်ရန်အတွက် အင်ဒိုနီးရှားသမ္မတ မစ္စတာဂျိုကိုဝီဒိုဒိုက မြန်မာနိုင်ငံတွင် ကျင်းပခဲ့သည့် အာဆီယံထိပ်သီးအစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးပွဲများသို့ တက်ရောက်ခဲ့စဉ် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် သီးသန့်တွေ့ဆုံစဉ်၌ အဆိုပြုခဲ့ခြင်း ဖြစ်သည်။

အင်ဒိုနီးရှားနိုင်ငံမှ စီးပွားရေးလုပ်ငန်းရှင်များအနေဖြင့် မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံရန် အထူးစိတ်ဝင်စားလျက်ရှိပြီး မြန်မာနိုင်ငံ၏ စွမ်းအင်ကဏ္ဍ၊အစားအစာနှင့် အခြေခံအဆောက်အအုံပိုင်းဆိုင်ရာတို့တွင် ရင်းနှီးမြှုပ်နှံလိုကြသည်ဟု သိရသည်။

မြန်မာနိုင်ငံနှင့် အင်ဒိုနီးရှားနိုင်ငံတို့အကြား ကုန်သွယ်မှုကဏ္ဍတွင် ၂၀၁၀-၂၀၁၁ ဘဏ္ဍာရေးနှစ်တွင် အမေရိကန်ဒေါ်လာ ၁၁၆ ဒသမ ၅၉၉သန်းရှိခဲ့ပြီး နှစ်နိုင်ငံ ကုန်သွယ်မှုကဏ္ဍ တိုးမြှင့်ခဲ့ရာတွင် ယခင်သမ္မတဟောင်း မစ္စတာ ဆူဆီလို ဘန်ဘန်းလက်ထက်တွင် ၂၀၁၅မတိုင်မီ နှစ်နိုင်ငံကုန်သွယ်မှုကဏ္ဍကို အမေရိကန်ဒေါ်လာ သန်း ၅၀၀ အထိ တိုးမြှင့်သွားရန် နှစ်နိုင်ငံချစ်ကြည်ရေးခရီးစဉ်များ၌ အဆိုပြုခဲ့ကြသည်။

ယင်းနောက် ၂၀၁၃ ခုနှစ်တွင် နှစ်နိုင်ငံကုန်သွယ်မှုတန်ဖိုး အမေရိကန်ဒေါ်လာ ၄၉၈ သန်းရှိခဲ့ပြီး လာမည့် ၂၀၁၆ ခုနှစ်တွင် ကုန်သွယ်မှုတန်ဖိုး အမေရိကန်ဒေါ်လာ သန်းတစ်ထောင်အထိ တိုးမြှင့်ဆောင်ရွက်သွားရန် အဆိုပြုခဲ့ကြခြင်းဖြစ်သည်။

အင်ဒိုနီးရှားနိုင်ငံသည် မြန်မာနိုင်ငံ၏ အဓိကကုန်သွယ်ဖက်နိုင်ငံများစာရင်းတွင် ပါဝင်နေပြီး စားအုန်းဆီ၊ ဆောက်လုပ်ရေးသုံးသံနှင့် သံမဏိပစ္စည်းများ၊ အီလက်ထရွန်နစ်ပစ္စည်းများ၊ ပလတ်စတစ်ကုန်ကြမ်း၊ ဆေးပစ္စည်းများ၊ စက္ကူများ၊ မော်တော်ယာဉ်ပစ္စည်းများကို အင်ဒိုနီးရှားနိုင်ငံမှ မြန်မာနိုင်ငံသို့ တင်သွင်းလျက်ရှိပြီး မြန်မာနိုင်ငံမှ လယ်ယာထွက်ကုန်ပစ္စည်းများကို တင်ပို့လျက်ရှိကြောင်း သိရသည်။ **(၀၀၁)**

**❖ ဇလွန်မှ**

ထို့ပြင် မိုင်တိုင်အမှတ် (၂၂/၁) မှ (၂၂/၂) တွင်လည်း ကမ်းပါးနှင့်တာတမံမှာ ပေ ၂၅၀ သာ ကွာဝေးနေပါ၍ တာတမံကျိုးပေါက်မည်ကို စိုးရိမ်လျက်ရှိသည်။

ထို့ကြောင့် ဒေသခံများက မြစ်ဟောင်းပေါက်အား မြစ်ကြောင်းအမှန်ဖြစ်ပေါ်စေရန် အချိန်နှင့် တစ်ပြေးညီ ဆောင်ရွက်ပေးစေလိုကြောင်း သိရသည်။

**(ဇလွန်-အေးခိုင်)**

# ပညာရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများနှင့် အမျိုးသားပညာရေးဥပဒေအပေါ် ဆန္ဒဖော်ထုတ်နေကြသော ကျောင်းသား ကျောင်းသူများ တွေ့ဆုံညှိနှိုင်း

**နေပြည်တော် နိုဝင်ဘာ ၁၇**

၂၀၁၄ ခုနှစ် စက်တင်ဘာ ၃၀ ရက်တွင်ထုတ်ပြန်ခဲ့သော အမျိုးသားပညာရေးဥပဒေအား ကျေနပ်မှုမရှိသဖြင့် ကျောင်းသားကျောင်းသူအချို့က နိုဝင်ဘာ ၁၄ ရက်တွင် ဆူးလေဘုရားတစ်ဝိုက်၌လည်းကောင်း၊ နိုဝင်ဘာ ၁၅ ရက်တွင် လှည်းတန်းခုံးတံတားအောက်၌လည်းကောင်း ဟောပြောပွဲများ ပြုလုပ်ခဲ့ကြသည်။

ပညာရေးဝန်ကြီးဌာန အဆင့်မြင့်ပညာဦးစီးဌာန (အောက်မြန်မာပြည်) ညွှန်ကြားရေးမှူးချုပ် ဦးဇော်ဌေး ဦးဆောင်၍ အမှတ်(၃) အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမင်းဇော်၊ ရန်ကုန်တက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာအောင်သူ၊ ရန်ကုန်စီးပွားရေးတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာခင်နိုင်ဦး၊ ရန်ကုန်ပညာရေးတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာအောင်မင်း၊ ရန်ကုန်အနောက်ပိုင်းတက္ကသိုလ်ပါမောက္ခချုပ် ဒေါက်တာခိုင်မြ၊ မြန်မာစာအဖွဲ့ ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးသန့်ဇင်ထွန်းတို့ ပါဝင်သောအဖွဲ့သည် နိုဝင်ဘာ ၁၆ ရက် နံနက်ပိုင်းတွင် ဗဟန်းမြို့နယ် ကြားတောရလမ်းရှိ ကြေးသွန်းဘုရားကြီးအတွင်း၌ ဆန္ဒဖော်ထုတ်နေကြသော ကျောင်းသားကျောင်းသူများနှင့်တွေ့ဆုံကာ ညှိနှိုင်းဆွေးနွေးမှုများ ပြုလုပ်ခဲ့ကြသည်။

ထိုသို့ညှိနှိုင်းဆွေးနွေးကြရာတွင် ဆန္ဒဖော်ထုတ်နေကြသော ကျောင်းသား ကျောင်းသူအချို့က တောင်းဆိုချက် (၆)ချက်ကို တောင်းဆိုကြပြီး ပညာရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများက တောင်းဆိုချက်(၆)ချက်နှင့် ပတ်သက်၍ ဆက်လက်ဆွေးနွေးညှိနှိုင်းရမည့်အချက်များ ရှိနေသကဲ့သို့ ပညာရေးဌာနက ဆက်လက်ရေးဆွဲမည့် နည်းဥပဒေများတွင်ပါဝင်လာမည့် အချက်များနှင့်တူညီလျက်ရှိပါကြောင်းစသည်ဖြင့် နှစ်ဖက်အမြင်ချင်းဖလှယ်ကာ ပွင့်ပွင့်လင်းလင်း ရင်းရင်းနှီးနှီး ညှိနှိုင်းဆွေးနွေးခဲ့ကြသည်။ အဆိုပါ ကျောင်းသားအဖွဲ့များသည် နိုဝင်ဘာ ၁၇ ရက်တွင် မြို့တော်ခန်းမရှေ့ရှိ မဟာဗန္ဓုလပန်းခြံအနီး၌ ဆန္ဒဖော်ထုတ်ပွဲကျင်းပပြီးနောက် ရပ်နားသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

---

# ပညာရေးမြှင့်တင်မှုအကောင်အထည်ဖော်ရေးကော်မတီ ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်

၁။ တက္ကသိုလ်များအားလုံးသည် မိမိတက္ကသိုလ်အလိုက် ဖွဲ့စည်းထားသည့် စီမံခန့်ခွဲရေးအဖွဲ့၏ စီစဉ်ပံ့ပိုးမှုဖြင့်-

| စဉ် | ဆောင်ရွက်ရန်အကြောင်းအရာ |
|---|---|
| ၁ | တန်းခွဲအလိုက်၊ အတန်းအလိုက်၊ အထူးပြုအလိုက် စသည်ဖြင့် ကျောင်းသားကိုယ်စားလှယ်များ အဆင့်ဆင့်ရွေးချယ်ပြီး ကျောင်းသားအဖွဲ့(ယာယီ) ဖွဲ့စည်းရန်၊ |
| ၂ | မိမိကျောင်းသားများအားလုံးကို အသိပေးဖိတ်ကြား၍ အမျိုးသားပညာရေးဥပဒေပါ ပညာရေးမူဝါဒများ၊ ပြဋ္ဌာန်းချက်များ၊ ဦးတည်ချက်များနှင့် ဆက်လက်ဆောင်ရွက်နိုင်သည့်အချက်များကို ရှင်းလင်းဆွေးနွေးရန်၊ |
| ၃ | စိတ်ပါဝင်စားသူ မိမိကျောင်းသားများပါဝင်စေလျက် ကျောင်းသားများ၏ဆန္ဒနှင့်အညီ ဆောင်ရွက်လိုသည့် လုပ်ငန်းအကြောင်းအရာ အချက်အလက်များကို ပြုစုဖော်ထုတ်ရန်၊ |
| ၄ | ပြုစုရရှိသည့်ဆောင်ရွက်လိုသည့် အချက်တစ်ချက်ချင်းအပေါ် ကျိုးကြောင်းဆီလျော်မှုရှိ/မရှိ၊ တစ်ချက်နှင့် တစ်ချက် ဆန့်ကျင်နေမှုရှိ/မရှိ၊ အများဆန္ဒနှင့်ကိုက်ညီမှုရှိ/မရှိနှင့် လက်တွေ့ဆောင်ရွက်နိုင်သော အချက်များ ဟုတ်/မဟုတ်ကို ကျောင်းသားများကိုယ်တိုင် ပြန်လည်စိစစ်ပြီး အများဆန္ဒနှင့်ကိုက်ညီ၍ လက်တွေ့ဆောင်ရွက်နိုင်သောအချက်များကို ပြန်လည်ပြုစုရန်၊ |
| ၅ | အပိုဒ် ၂၊ ၃၊ ၄ ပါလုပ်ငန်းများဆောင်ရွက်ရာတွင် အပိုဒ် ၁ အရ ဖွဲ့စည်းထားသည့် ကျောင်းသားအဖွဲ့(ယာယီ)က ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်သည့်အနေအထားဖြင့် ဆောင်ရွက်ရန်၊ |
| ၆ | ဖော်ပြပါ ညှိနှိုင်းရရှိချက်သည် ထိုတက္ကသိုလ်ကျောင်းသားများ၏ ဆန္ဒနှင့်အညီရရှိသောအချက်များအဖြစ် ဆက်လက်ရေးဆွဲပြဋ္ဌာန်းမည့် အမျိုးသားပညာရေးနည်းဥပဒေ၊ ကဏ္ဍအလိုက်ဥပဒေနှင့် တက္ကသိုလ်ပဋိညာဉ်တို့အနက် ဆိုင်ရာဥပဒေတွင် ပါဝင်ရမည့်အချက်များဖြစ်စေရန်၊ |
| ၇ | တက္ကသိုလ်အသီးသီးမှ အပိုဒ် ၆ ပါ ညှိနှိုင်းရရှိချက်ကို အခြေခံ၍ ဆက်လက်ရေးဆွဲပြဋ္ဌာန်းမည့် အမျိုးသားပညာရေးနည်းဥပဒေမူကြမ်း၊ ကဏ္ဍအလိုက်ဥပဒေမူကြမ်းနှင့် တက္ကသိုလ်ပဋိညာဉ်မူကြမ်းတို့ကို ရေးဆွဲပြုစုရန်၊ |

၂။ **တက္ကသိုလ်များအားလုံးသည် မိမိတက္ကသိုလ်အလိုက် ဖွဲ့စည်းထားသည့် စီမံခန့်ခွဲရေးအဖွဲ့၏စီစဉ်ပံ့ပိုးမှုဖြင့် တက္ကသိုလ်ဆရာများအဖွဲ့အစည်း ဖွဲ့စည်းရေးနှင့် ဥပဒေရေးဆွဲရေးတွင် ပါဝင်ရေးအတွက် အထက်ပါအတိုင်း ဆောင်ရွက်ရန်၊**

---

**အမျိုးသားပညာရေးဥပဒေနှင့် ပတ်သက်၍ ကျောင်းသားအချို့၏ ၁၆-၁၁-၂၀၁၄ ရက်နေ့တွင် ထုတ်ပြန်သည့် အချက်(၆)ချက်အပေါ် အောက်ပါအတိုင်း သုံးသပ်တွေ့ရှိရပါသည်-**

# အမျိုးသားပညာရေးဥပဒေနှင့်ပတ်သက်၍ ကျောင်းသားအချို့၏ ထုတ်ပြန်ချက် (၆)ချက်အပေါ် ရှင်းလင်းချက်နှင့် ပူးပေါင်းဆောင်ရွက်နိုင်ရေး ဖိတ်ခေါ်ချက်

**တွေ့ရှိချက်**

၁။ ထုတ်ပြန်ချက်(၁)သည် ခိုင်လုံသော အကြောင်းအချက်ပေါ် အခြေမခံဘဲ မှတ်ယူသုံးသပ်ချက်သာ ဖြစ်သည်။ မည်သည့်တောင်းဆိုချက်မျှ မပါဝင်ပါ။

၂။ ထုတ်ပြန်ချက်(၂)နှင့်ပတ်သက်၍ ၂၀၁၄ ခုနှစ် စက်တင်ဘာ ၃၀ ရက်တွင် ပြဋ္ဌာန်းခဲ့သည့် အမျိုးသားပညာရေးဥပဒေပုဒ်မ ၂၆ တွင် "အဆင့်မြင့်ပညာရေးကို အကောင်အထည်ဖော်သည့် ကျောင်းများတွင် လွတ်လပ်သည့် သင်ကြားသင်ယူမှုနှင့် လွတ်လပ်စွာ စီမံခန့်ခွဲရေးစနစ်ကို ကျင့်သုံးရမည်"ဟု ပြဋ္ဌာန်းထားပြီးဖြစ်ပါသည်။ ဆက်လက်ရေးဆွဲမည့် တက္ကသိုလ်အသီးသီး၏ ပဋိညာဉ်ဥပဒေတွင် လွတ်လပ်စွာ သင်ကြားသင်ယူမှုနှင့်ပတ်သက်သည့် အသေးစိတ်အချက်အလက်များ ထည့်သွင်းသွားမည်ဖြစ်ပါသည်။

၃။ ထုတ်ပြန်ချက်(၃)တွင် ရည်ညွှန်းထားသည့် အမျိုးသားပညာရေးမူဝါဒများနှင့်စပ်လျဉ်း၍ အမျိုးသားပညာရေးဥပဒေနှင့်အညီ ပညာရေးမူဝါဒများ ချမှတ်ဆောင်ရွက်လျက်ရှိပါသည်။ အထူးသဖြင့် အမျိုးသားပညာရေးဥပဒေ အခန်း(၃)အမျိုးသားပညာရေးဆိုင်ရာ အခြေခံမူများ ပုဒ်မ(၄)အပိုဒ်ခွဲ(ဃ)တွင် "နိုင်ငံသားတိုင်း ပညာသင်ယူခွင့်ရရှိပြီး ဘဝတစ်လျှောက် စဉ်ဆက်မပြတ်လေ့လာသင်ယူနိုင်သော ပညာရေးအခွင့်အလမ်းများ ဖန်တီးပေးရေး"နှင့် အပိုဒ်ခွဲ(ဆ)တွင် "တက္ကသိုလ်နှင့် ကောလိပ်များသည် လွတ်လပ်သော ကိုယ်ပိုင်စီမံခန့်ခွဲခွင့်ဖြင့် ရပ်တည်ရေး"ဟု အတိအလင်းဖော်ပြထားသည့်အတိုင်း ပညာရေးမူဝါဒတွင် ယင်းအချက်များကို အထူးပြု ထည့်သွင်းအကောင်အထည်ဖော်လျက်ရှိပါသည်။

၄။ ထုတ်ပြန်ချက်(၄)နှင့်စပ်လျဉ်း၍ ကျောင်းတွင်းအသင်းအဖွဲ့များ လွတ်လပ်စွာဖွဲ့စည်းခွင့်ကို အမျိုးသားပညာရေးဥပဒေ၏ ဆက်စပ်ဥပဒေဖြစ်သော တက္ကသိုလ်တစ်ခုချင်း၏ ပဋိညာဉ်ဥပဒေရေးဆွဲရာတွင် သက်ဆိုင်ရာတက္ကသိုလ် စီမံခန့်ခွဲသူများ၊ ဆရာ ဆရာမများနှင့် ကျောင်းသားကျောင်းသူများ၏ ညှိနှိုင်းသဘောတူညီချက်ဖြင့် ထည့်သွင်းသွားရန် ဖြစ်ပါသည်။

အမျိုးသားပညာရေးဥပဒေတွင် ဖော်ပြထားသည့် အဆင့်မြင့်ပညာပေါင်းစပ်ညှိနှိုင်းရေးကော်မတီသည် ပညာရေးစီမံကိန်းများ အကောင်အထည်ဖော်ရန် လိုအပ်သည့် နိုင်ငံတော်ဘဏ္ဍာငွေကို တောင်းခံခြင်း၊ ပညာရေးအရည်အသွေးစံများ သတ်မှတ်ခြင်း၊ နိုင်ငံတကာဖွံ့ဖြိုးမှုမိတ်ဖက်များနှင့် ပူးပေါင်းဆောင်ရွက်ခြင်း၊ နိုင်ငံတကာအဆင့်နှင့် ဒေသတွင်းအဆင့်ပညာရေးအာမခံမှုရှိအောင် ဆောင်ရွက်ခြင်းတို့ကို ဆောင်ရွက်နိုင်ရန် ဖွဲ့စည်းထားခြင်းဖြစ်ပါသည်။ တက္ကသိုလ်၊ ကောလိပ်များကို အုပ်ချုပ်မည့်အဖွဲ့အစည်းမဟုတ်ပါ။

၅။ ထုတ်ပြန်ချက်(၅)နှင့် စပ်လျဉ်း၍ ဥပဒေပညာသဘောတရားအရ ပင်မဥပဒေဖြစ်သော အမျိုးသားပညာရေးဥပဒေတွင် မဖော်ပြထားသော်လည်း အမျိုးသားပညာရေးဥပဒေ ဥပဒေပုဒ်မ ၂၆ တွင် "အဆင့်မြင့်ပညာရေးကို အကောင်အထည်ဖော်သည့်ကျောင်းများတွင် လွတ်လပ်သည့် သင်ကြားသင်ယူမှုနှင့် လွတ်လပ်စွာ စီမံခန့်ခွဲရေးစနစ်ကို ကျင့်သုံးရမည်" ဟု ပြဋ္ဌာန်းသည့်အတွက် အထက်တွင် ဖော်ပြခဲ့သည့်အတိုင်း ကျောင်းတွင်း အသင်းအဖွဲ့များ လွတ်လပ်စွာဖွဲ့စည်းခွင့်ကို အမျိုးသားပညာရေးဥပဒေ၏ ဆက်စပ်ဥပဒေဖြစ်သော တက္ကသိုလ် တစ်ခုချင်း၏ ပဋိညာဉ်ဥပဒေရေးဆွဲရာတွင် သက်ဆိုင်ရာတက္ကသိုလ် စီမံခန့်ခွဲသူများ၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ၏ ညှိနှိုင်းသဘောတူညီချက်ဖြင့် ထည့်သွင်းသွားရန်ဖြစ်ပါသည်။

၆။ ထုတ်ပြန်ချက်(၆)နှင့် စပ်လျဉ်း၍ ဥပဒေပြုခြင်းမှာ ဥပဒေပြုလွှတ်တော်နှင့်သာ သက်ဆိုင်ပါသည်။ ဆန္ဒပြကျောင်းသားကိုယ်စားလှယ်များအနေဖြင့် ဥပဒေပြုလွှတ်တော် တာဝန်ရှိကော်မတီများ တွေ့ဆုံ၍ ဆွေးနွေးညှိနှိုင်းတောင်းဆိုလိုပါက ကူညီဆောင်ရွက်ပေးနိုင်ပါသည်။

**ဖိတ်ခေါ်ချက်**

နိုးကြားတက်ကြွ၍ အားမာန်ပြည့်ဝသော ကျောင်းသားလူငယ်များသည် မြန်မာနိုင်ငံ၏ အနာဂတ်ကို ပိုင်ဆိုင်သည့် မျိုးဆက်သစ်လူငယ်များ ဖြစ်ပါသည်။ အမျိုးသားပညာရေးဥပဒေ ရေးဆွဲခဲ့ရာတွင် ကျောင်းသားလူငယ်များ၊ ဆရာ ဆရာမများ၊ မိဘပြည်သူများနှင့် ပညာရေးနှင့်ပတ်သက် ဆက်နွှယ်သူများအားလုံးထံသို့ တင်ပြခြင်း၊ အားလုံး၏ ဝိုင်းဝန်းဆွေးနွေးအကြံပြုချက်များအပေါ် စုစည်း၍ အကြိမ်ကြိမ် ညှိနှိုင်းဆောင်ရွက်ပြီး ညှိနှိုင်းရရှိသော ဥပဒေမူကြမ်းကို လွှတ်တော်က အမျိုးသားပညာရေးဥပဒေအဖြစ် အတည်ပြုပြဋ္ဌာန်းပြီးဖြစ်ပါသည်။

ဥပဒေများအတည်ပြုခြင်း၊ ပြင်ဆင်ခြင်း၊ ဖြည့်စွက်ခြင်း၊ ပယ်ဖျက်ခြင်း စသည့် ဥပဒေပြုရေးအာဏာမှာ ဥပဒေပြုလွှတ်တော်တွင် ရှိနေသည့်အတွက် ကျောင်းသားလူငယ်များ၏ ဆန္ဒနှင့်သဘောထားများကို သက်ဆိုင်ရာလွှတ်တော်ကော်မတီများထံ တင်ပြဆွေးနွေးနိုင်ရန်အတွက် ပညာရေးမြှင့်တင်မှုအကောင်အထည်ဖော်ရေးကော်မတီက အကျိုးဆောင်အဖြစ် စေ့စပ်ညှိနှိုင်းပေးရန် အဆင်သင့်ရှိပါသည်။

ယခုအခါ ဆက်လက်ရေးဆွဲပြုစုလျက်ရှိသည့် အမျိုးသားပညာရေးနည်းဥပဒေ၊ ကဏ္ဍအလိုက်ဥပဒေများနှင့် တက္ကသိုလ်ပဋိညာဉ်မူကြမ်းများကိုရေးဆွဲပြီး မိဘပြည်သူများအားလုံးထံသို့တင်ပြမည်ဖြစ်ရာ ကျောင်းသားလူငယ်များ၊ ဆရာ ဆရာမများ၊ မိဘပြည်သူများနှင့် ပညာရေးနှင့်ပတ်သက်ဆက်နွှယ်သူများအနေဖြင့် တက္ကသိုလ်အလိုက်ဖြစ်စေ၊ အစုအဖွဲ့အလိုက်ဖြစ်စေ၊တစ်ဦးချင်းအနေဖြင့်ဖြစ်စေ တင်ပြဆွေးနွေးချက်များအပေါ် ဝိုင်းဝန်းညှိနှိုင်းရေးဆွဲနိုင်ရေးအတွက် ပူးပေါင်းပါဝင်ကြပါရန် ဖိတ်ခေါ်အပ်ပါသည်။

**ပညာရေးမြှင့်တင်မှုအကောင်အထည်ဖော်ရေးကော်မတီ**

---

## မြန်မာ့ရုပ်ရှင်ဖွံ့ဖြိုးတိုးတက်မှု အများနှင့်သက်ဆိုင်သောကုမ္ပဏီလီမိတက် ကုမ္ပဏီ၏ နှစ်ပတ်လည်အထွေထွေအစည်းအဝေးဖိတ်ကြားစာ

မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေပုဒ် ၇၆ နှင့် အညီ နှစ်ပတ်လည်အထွေထွေအစည်းအဝေးကြီးကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပမည်ဖြစ်၍ "က" အစုရှယ်ယာဝင်နှင့် "ခ" အစုရှယ်ယာဝင်များအားလုံးကိုယ်တိုင် တက်ရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။ အမှုဆောင်ဒါရိုက်တာအဖွဲ့ ပြန်လည်ဖွဲ့စည်းမည်ဖြစ်ပါ၍ ကိုယ်တိုင်မတက်ရောက်နိုင်သူများသည် မြန်မာနိုင်ငံ ကုမ္ပဏီများအက်ဥပဒေပုဒ်မ ၇၆ (၂)(ဆ) အရ အခြားအစုရှယ်ယာဝင်တစ်ဦးဦးကို ကုမ္ပဏီသင်းဖွဲ့စည်းမျဉ်းနှင့်အညီ အစည်းအဝေး မကျင်းပမီ (၇၂)နာရီ ကြိုတင်စာရင်း ပေးသွင်း၍ ဆန္ဒမဲပေးနိုင်ရန်အလို့ငှာ ကိုယ်စားတက်ရောက်စေနိုင်ပါသည်။ ဆွေးနွေးလိုသည့် မေးခွန်းနှင့်အဆိုများကို (၇) ရက် ကြိုတင်ပေးပို့ပါရန် မေတ္တာရပ်ခံအပ်ပါသည်။

ဒါရိုက်တာအဖွဲ့

**နေ့ရက် – ၉ – ၁၂ – ၂၀၁၄ (အင်္ဂါနေ့)၊ အချိန် – နံနက် (၉း၀၀) နာရီမှ (၁၂း၀၀) နာရီ၊ နေရာ – ဆူးလေ(Shangri-La Hotel)**

အသေးစိတ်သိရှိလိုပါက စုံစမ်းရန် ဖုန်း-၀၉ ၂၅၄၂၀၂၀၃၀၊၀၁ ၃၉၈၀၈၁



# စစ်တွေခရိုင် ကယ်ဆယ်ရေးစခန်းများ၌ ကျန်းမာရေး၊ ပညာရေးတို့ လစ်ဟင်းမှုမရှိအောင် စီမံဆောင်ရွက်ပေး

ဧေယျာ(မိုင်ရာ)


လွတ်လပ်စွာသွားလာနေထိုင်လျက်ရှိသည့် ဘင်္ဂါလီကယ်ဆယ်ရေးစခန်း။


ကယ်ဆယ်ရေးစခန်းရှိ ယာယီစာသင်ကျောင်းဆောင်။


နယ်စည်းမခြား ဆရာဝန်များအဖွဲ့က ဘင်္ဂါလီကယ်ဆယ်ရေးစခန်းအတွက် ဆောက်လုပ်ပေးထားသည့် ဆေးပေးခန်း။


ဘင်္ဂါလီလေးထောင်ကျော် နေထိုင်လျက်ရှိသည့် ကြိမ်နီပြင် ကယ်ဆယ်ရေးစခန်း။


AYARWADDY LEGEND TRAVELS & TOURS CO.,LTD
IATA

| | |
|---|---|
| ဗန်ကောက်-ပတ္တရား-အယုဒ္ဓယ | (၅ ရက်) 25 Dec / 29 Dec<br>(၆ ရက်) 27 Dec / 1 Jan |
| ချင်းမိုင်-ချင်းရိုင် | (4 ရက်) 30 Dec ~ 2 Jan |
| စင်ကာပူ သီးသန့် | (၄ ရက်) 26 Dec ~ 29 Dec<br>(၅ ရက်) 29 Dec ~ 2 Jan |
| စင်ကာပူ-မလေးရှား | (၇ ရက်) 28 Dec ~ 3 Jan |
| ဗီယက်နမ် သီးသန့် | (၅ ရက်) 25 Dec ~ 29 Dec |
| ဗီယက်နမ်-ကမ္ဘောဒီးယား | (၆ ရက်) 25 Dec ~ 30 Dec |
| ကမ္ဘောဒီးယား သီးသန့် | (၅ ရက်) 27 Dec ~ 31 Dec |
| သီရိလင်္ကာ- ဗန်ကောက် | (၆ ရက်) 25 Dec ~ 30 Dec |
| ဘေကျင်း-ရှန်ဟိုင်း-ကူမင်း | (၆ ရက်) 24 Dec ~ 30 Dec |
| ဂျပန် သီးသန့် | (၉ ရက်) 25 Dec ~ 2 Jan |
| ကိုရီးယား (ဂျေဂျူး + နမ်မိ + ဆိုးလ်) | (၆ ရက်) 25 Dec ~ 31 Dec |

ရန်ကုန် Tel : 01 - 252007~8, 377697, 250909
Fax : 01252007
မန္တလေး Tel : 0940269 4848, 098600 218
Fax : 011 201243
အမှတ် (၁၀၄)၊ ၃၇-လမ်း (အောက်ဘလောက်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
အမှတ် (၇၆)၊ လမ်း ၃၀၊ (၇၃-၇၄) လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။

Chrismas နဲ့ New Year မှာလဲ... တိုး ဗီ နဲ့ GO ပြီ

- ဗုဒ္ဓဂယာ(၁၁)ရက် 21~31 Dec
- မော်လ်ဒိုက်(၄ ရက်) 22~25 Nov
- စင်ကာပူ(၅)ရက် 28 Dec ~1 Jan
- ဂျပန်(၈)ရက် 23~30 Nov, 5~12 Dec
- ကိုရီးယား(၈)ရက် 6~13 Dec
- ဟောင်ကောင်(၇)ရက် 23~29 Nov, 25 Dec~01 Jan
- တရုတ်ပြည်(၇)ရက် 4~10 Dec
- ဗန်ကောက်(၆) ရက် 6~11 Dec, 28 Dec~02 Jan

Costa သင်္ဘောခရီးစဉ်
December 17~22 (5D/6N)
စင်ကာပူ - လန်ကာဝီ - ဖူးခက်
Only $-1100

HUNT LINE : 01-378 503, 01-378 127, 01-250 734, 09-5150 195, 09-514 5539, 09-7321 7457

မေဃဝတီ ခရီးသွားလုပ်ငန်း
အိန္ဒိယနိုင်ငံ၊ နီပေါနိုင်ငံ မဇ္ဈိမဒေသ
ဗုဒ္ဓဂယာဘုရားဖူး ပို့ဆောင်ရေး
ဒီဇင်ဘာ၊ ဇန်နဝါရီ၊ ဖေဖော်ဝါရီ၊ မတ်၊ ဧပြီ လစဉ်ပုံမှန်ခရီးစဉ်
၁၄ ညအိပ် ၁၅ ရက်၊ ၁၁ ညအိပ် ၁၂ ရက်၊ ၇ ညအိပ် ၈ ရက်၊ ၄ ညအိပ် ၅ ရက်၊ ခရီးစဉ်များကို စီစဉ်ပို့ဆောင်ပေးနေပါပြီ . . .
ခရီးစဉ်အတွင်း ကျန်းမာရေးစောင့်ရှောက်မှု ပါရှိပါသည်။
ယခင်ခရီးစဉ်များတွင် လိုက်ပါခဲ့ကြသော ဘုရားဖူးများအား ကျေးဇူးအထူးတင်ရှိပါသည်။
ခရီးစဉ်အတွင်းမည်သည့်ငွေကြေးတစ်စုံတရာမှ လုံးဝ(လုံးဝ)ထပ်မံမကောက်ခံပါ။
အမှတ် (၁၇) မဟူရာလမ်း၊ ကျိုက္ကဆံရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။ email :maygawaddy02@gmail.com

ရခိုင်ဘုရားစုံ
ရခိုင်ပြည်အနှံ့ ဘုရားဖူးသွားကြစို့
- မြောက်ဦးမြို့ရှိ ရခိုင်ရှေးဟောင်းဘုရားစုံ
- ဝေသာလီမြို့ဟောင်း
- ကျောက်တော် မဟာမြတ်မုနိဘုရား
- ပုဏ္ဏားကျွန်း ဦးရာဇ်တော်ဓါတ်စေတီ
- စစ်တွေ ပင်လယ်ကမ်းခြေအလှ
- သဘာဝရှုခင်း မျိုးစုံကိုခံစားရမည်
(၄)ညအိပ် (၅)ရက် လစဉ်ပုံမှန်
DEC, JAN, FEB, MAR, APR

MTS Myanmar Tourism Services Co., Ltd.
your premium travel specialist
သင့်ရဲ့အကောင်းဆုံးခရီးသွားအဖော်မွန်
OVER 10 YEARS

| | | |
|---|---|---|
| ဗီယက်နမ် ခရီးစဉ် | (5 Days ~ 4 Nights) | (27 Nov to 1 Dec) ~ (11 Dec to 15 Dec) |
| ဗီယက်နမ် – ကမ္ဘောဒီးယား ခရီးစဉ် | (5 Days ~ 4 Nights) | (27 Nov to 1 Dec) ~ (20 Dec to 24 Dec) |
| စင်ကာပူ ခရီးစဉ် | (5 Days ~ 4 Nights) | (26 Nov to 30 Nov) ~ (20 Dec to 24 Dec) |
| ဗန်ကောက် ခရီးစဉ် | (5 Days ~ 4 Nights) | (5 Dec to 9 Dec) ~ (25 Dec to 29 Dec) |
| ဗုဒ္ဓဂယာ ခရီးစဉ် | (15 Days ~ 14 Nights) | (05 Dec to 19 Dec) |
| ဂျပန် ခရီးစဉ် | (5 Days ~ 4 Nights) | (15 Dec to 19 Dec) |
| ချင်းမိုင် ခရီးစဉ် | (4 Days ~ 3 Nights) | (27 Dec to 30 Dec) |
| ဟောင်ကောင် – မကာအို ခရီးစဉ် | (4 Days ~ 3 Nights) | (14 Jan to 17 Jan - 2015) |

FAIR & SQUARE Travels and Tours Co.,Ltd.
'ပုဂံ–ညောင်ဦး–ပုပ္ပါး–ပခုက္ကူ' ခရစ္စမတ် အထူးအစီအစဉ်
ပြည်တွင်ခရီးစဉ် (၅) ဦးဝယ်လျှင် (၁) ဦးအခမဲ့
- အေးချမ်းပြီး ပျော်ရွှင်စရာကောင်းတဲ့ ဒီဇင်ဘာလလေးမှာ ပုဂံဘုရားစုံဖူးရအောင် .......
- ပုဂံ (စွယ်တော်လေးဆူ)၊ ပုဂံဘုရားအစုံ၊ ပုဂံပြတိုက်၊ နေဝင်ဆည်းဆာ၊
- ညောင်ဦး ၊ ပုပ္ပါးတောင်၊ ပခုက္ကူဘုရားစုံ ၄ ည/၅ ရက် ခရီးစဉ် ဒီဇင်ဘာလ (၂၄–၂၈) ရက်
ခရစ်စမတ် အဆင့်မြင့်ခရီးစဉ် ၁၇၀,၀၀၀–ကျပ်
'အပတ်စဉ်စနေနေ့တိုင်း ပြည်–ထုံးဘို–အကောက်တောင်'
- ဧရာဝတီမြစ်အတွင်း စက်လှေဖြင့် သွားရသော ခရီး၊ သာယာလှပသော အကောက်တောင် ရှုခင်းများ၊ အကောက်တောင်နံရံပေါ်မှ ကြည်ညိုဖွယ် ဗုဒ္ဓရုပ်ပွားတော်များ၊ ပြည်ရွှေဆံတော်၊ ရွှေဘုံသာမုနိ၊ ရွှေတောင်မြို့မှ ရွှေမျက်မှန်ဘုရား၊
တစ်ဦးလျှင် ၃၀၀၀၀–ကျပ်
Tel : 01 377688, 01 245993, 09 7300 2211, 09 7300 5511

# ပြည်တွင်းစားသုံးမှုဖူလုံစေပြီး နိုင်ငံခြားငွေရှာဖွေပေးနေသည့် မြန်မာ့ပင်လယ်ပြင်

**ဖျာပုံ နိုဝင်ဘာ ၁၇**

မြန်မာနိုင်ငံသည် ရေသယံဇာတပေါကြွယ်ဝသော နိုင်ငံဖြစ်ပြီး မြစ်ချောင်း အင်းအိုင်၊ ကန်ကြီးများနှင့် ဆည်တမံများသည် ဧရိယာဟက်တာ ၈ ဒသမ ၂ သန်းကျယ်ဝန်းပြီး ရေချိုရေငန် ငါး၊ ပုစွန် ပင်လယ်ပြင်ဧရိယာသည် စီးပွားရေးဇုန် ၁၂ မိုင်အတွင်း ၃၃၃၆၈ စတုရန်းမိုင်နှင့် ကုန်းတွင်းရေပြင်ဧရိယာမိုင် ၄၂၁၁ ဒသမ ၅၉ စတုရန်းမိုင် အကျယ်အဝန်းရှိကြောင်း သိရသည်။

မြန်မာ့သားငါးကဏ္ဍတွင် ရေလုပ်ငန်းကဏ္ဍသည် ၂၈၃၂ ကီလိုမီတာ ရှည်လျားသော မြန်မာ့ကမ်းရိုးတန်းဒေသကိုလည်း ပိုင်ဆိုင်ထားသည်။ မြန်မာ့ပင်လယ်ပြင်၏ အကျိုးကျေးဇူးကြောင့် မြန်မာနိုင်ငံ၏ ငါး၊ ပုစွန်ထုတ်လုပ်မှုသည် အာဆီယံဒေသအဆင့် ၄ တွင်ရှိနေပြီး ကမ္ဘာတွင် အဆင့် ၁၄ တွင်ရှိနေသည်ဟု သိရသည်။

၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် ပထမလေးလပတ် အစည်းအဝေးတွင် နိုင်ငံတော်သမ္မတက သားငါးကဏ္ဍကို ၈ ဒသမ ၇ ရာခိုင်နှုန်းတိုးတက်ဖြစ်ပေါ်စေရန် လမ်းညွှန်ထားရှိရာ လျာထားချက်ပြည့်မီရန် မြန်မာ့ပင်လယ်ပြင်မှ ငါး၊ ပုစွန်များ တိုးမြှင့်ဖမ်းဆီးထုတ်လုပ်ရရှိရေးသည် အဓိကပင်ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်၏ ငါး၊ ပုစွန်ဖမ်းဆီးထုတ်လုပ်ရရှိမှုကို လေ့လာရာ ၁၉၇၉-၁၉၈၀ ခုနှစ်များတွင် ကမ္ဘာ့စားနပ်ရိက္ခာအဖွဲ့ (FAO)အကူအညီဖြင့် မြန်မာ့ပင်လယ်ပြင် စီးပွားရေးဇုန် (EEZ)ရေအနက်မီတာ ၂၀၀ မှ ၄၀၀ အတွင်း ငါး၊ ပုစွန်သယံဇာတအခြေအနေကို ရက်ပေါင်း ၁၀၂ ရက်ကြာ ပထမအကြိမ် သုတေသနပြုလုပ်ခဲ့ရာ ရေချိုရေငန် ငါး၊ ပုစွန်မျိုးစုံ နှစ်စဉ်တန်ချိန်တစ်သန်းကျော်အထိ ပမာဏကိုမျိုးမသုဉ်းစေဘဲ ဖမ်းယူရရှိနိုင်ကြောင်း မှတ်တမ်းများအရ သိရသည်။

ပထမအကြိမ် သုတေသနပြုလုပ်ပြီး နောက်ပိုင်းကာလများတွင် မြန်မာ့လူဦးရေ တိုးပွားလာသကဲ့သို့ ကမ္ဘာ့လူဦးရေတိုးပွားလာခဲ့ပြီး လူတို့သည် အသားစားသုံးမှုထက် ငါး၊ ပုစွန်ကိုအားထားစားသုံးလာကြရာ ငါး၊ ပုစွန်လိုအပ်ချက် မြင့်မားလာခဲ့သည်။ သို့အတွက် ငါး၊ ပုစွန်များဖမ်းဆီးရာတွင် သမားရိုးကျမဟုတ်တော့ဘဲ ပိုက်ကွက်များစိပ်၍ ငါးအသေးရော အကြီးပါမချန် ဖမ်းဆီးလာကြသည်။ ငါးလုပ်ငန်းဦးစီးဌာန၏ "စားလည်းစား ထားလည်းထား၊ ငါးရစ်ငါးသန် ဘေးမဲ့ချန် ပုံမှန်စားသုံးမျိုးမသုဉ်း၊ သေးတဲ့ငါးကို ကြီးစေလို ဖမ်းကိုမဖမ်းနှင့်"စသည့် ဆောင်ပုဒ်များကို မျက်ကွယ်ပြုသည့်အပြင် မျိုးပွားရန်ဥချရာသီပင်မချန် တရားမဝင်ဖမ်းဆီးလျက်ရှိနေကြသည်။ ထို့အပြင် မြန်မာ့ပင်လယ်ပြင်နှင့် ဆက်စပ်နေသည့် အချို့နိုင်ငံများမှ မြန်မာနိုင်ငံရှိ ငါးဖမ်းရေယာဉ်များထက် အဘက်ဘက်မှ နည်းပညာမြင့်မားစွာဖြင့် ခိုးယူဖမ်းဆီးခြင်းတို့နှင့် ရာသီဥတု မမှန်ကန်ခြင်းတို့ကြောင့် မြန်မာ့ပင်လယ်ပြင်၏ ငါး၊ ပုစွန်ဖမ်းဆီးရရှိမှုအခြေအနေမှာ အနာဂတ်ကာလအတွက် မျှော်မှန်းရခက်ခဲနေသည်ဟု ပညာရှင်တို့က သုံးသပ်ထားရှိကြသည်။




**မြန်မာ့ပင်လယ်ပြင်မှ ဖမ်းယူရရှိသည့် ငါးမုတ်ငါးများ။**

သို့အတွက် မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာနသည် ဒုတိယအကြိမ်အဖြစ် ၂၀၁၃ ခုနှစ် နိုဝင်ဘာ ၁၃ ရက်မှ ဒီဇင်ဘာ ၁၉ ရက်ထိ ၃၈ ရက်ကြာ နော်ဝေနိုင်ငံ Norwegian Agency For Development Coorperation (NORAD) နှင့် EAF-Nansen စီမံကိန်းအကူအညီဖြင့် အမေရိကန်ဒေါ်လာ ငါးသိန်းကျော် အကုန်အကျခံကာ သုတေသနပြုလုပ်ခဲ့ရာတွင် ငါးသယံဇာတသည် ၄၀ ရာခိုင်နှုန်းသာရှိတော့ကြောင်း ငါးလုပ်ငန်းဦးစီးဌာနက ထုတ်ပြန်ခဲ့သည့် မှတ်တမ်းအရသိရသည်။

ငါးလုပ်ငန်းဦးစီးဌာနအနေဖြင့် ရေသယံဇာတ ထိန်းချုပ်သောအားဖြင့် နှစ်စဉ် ဧပြီ ၁ ရက်မှ မေ ၃၁ ရက်အထိ ငါးဖမ်းရေယာဉ် ၆၅ ရာခိုင်နှုန်းသာ ခွင့်ပြုထားပြီး ဇွန် ၁ ရက်မှစတင်၍ ကမ်းနီးကမ်းဝေးရေယာဉ်အားလုံး မြန်မာ့ပင်လယ်ပြင်တွင် ငါးများဖမ်းဆီးခွင့်ပြုထားကြောင်း သိရသည်။

ပြည်တွင်းစားသုံးမှု ဖူလုံစေပြီး နိုင်ငံခြားငွေရှာဖွေပေးနေသည့် မြန်မာ့ပင်လယ်ပြင်တွင် ငါး၊ ပုစွန်များ တိုးမြှင့်ဖမ်းဆီးရရှိရေးအတွက် နိုင်ငံတော်၊ ပြည်သူ၊ ရေလုပ်ငန်းရှင်များနှင့် ရေလုပ်သားတို့ အနာဂတ်အရေး အစဉ်မြော်တွေးလျက် ဝိုင်းဝန်းအဖြေရှာသင့်ပြီဖြစ်ပါသည်။

**အောင်ဝင်း(ဖျာပုံ)**

■

# (၉၄)နှစ်မြောက် အမျိုးသားနေ့ ကျင်းပ

**ရန်ကုန် နိုဝင်ဘာ ၁၇**

ရန်ကုန်မြို့မ ကျောင်းသား ကျောင်းသူဟောင်းအသင်း၏ (၉၄) နှစ်မြောက် အမျိုးသားနေ့အခမ်းအနားကို ယမန်နေ့နံနက် ၉ နာရီခွဲက ဒဂုံမြို့နယ် မြို့မကျောင်းသား ကျောင်းသူဟောင်းအသင်း၏ မြတ်မွန်ရတနာခန်းမ၌ ကျင်းပသည်။ အခမ်းအနားသို့ ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးနန္ဒကျော်စွာ၊ တာဝန်ရှိသူများ၊ ကျောင်းသား ကျောင်းသူဟောင်းများ၊ အထက(၂)ဒဂုံ၊ အထက(၃) ဒဂုံတို့မှ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများနှင့် ကင်းထောက်လူငယ်များ တက်ရောက်ကြသည်။

အခမ်းအနားတွင် နိုင်ငံတော်သမ္မတ၏ (၉၄)နှစ်မြောက် သဝဏ်လွှာကို ဦးခင်မောင်သိန်းက ဖတ်ကြားပြီး မြို့မကျောင်းသား ကျောင်းသူဟောင်းအသင်းဥက္ကဋ္ဌ ဦးညွှန့်မြိုင်က ကျေးဇူးတင်စကားပြောကြားသည်။ ထို့နောက် ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးနန္ဒကျော်စွာက အမျိုးသားနေ့ အမှာစကားပြောကြားပြီးနောက် ၂၀၁၂-၂၀၁၃ ပညာသင်နှစ်တွင် ခြောက်ဘာသာဂုဏ်ထူးရှင် အထက(၂)ဒဂုံမှ မဆောင်းဟေမာန်အား သမီးမြို့မစလွယ်ဆုကိုလည်းကောင်း၊ သူရဦးတင်ဦးက အထက(၃)ဒဂုံမှ ခြောက်ဘာသာဂုဏ်ထူးရှင် မအေးဖြူသန့်အား သမီးမြို့မစလွယ်ဆုကိုလည်းကောင်း ချီးမြှင့်ခဲ့ကြသည်။

**ခင်မောင်ဝင်း(ကြေးမုံ)**

■

# တနင်္သာရီမြို့နယ် ဥပဒေရုံးအဆောက်အအုံသစ်ဖွင့်

**မြိတ် နိုဝင်ဘာ ၁၇**

တနင်္သာရီတိုင်း ဒေသကြီး တနင်္သာရီမြို့နယ် ဥပဒေရုံးအဆောက်အအုံသစ်ဖွင့်ပွဲကို နိုဝင်ဘာ ၁၆ ရက် နံနက် ၉ နာရီက အဆိုပါရုံးသစ်ရှေ့၌ ကျင်းပရာ အဆောက်အအုံသစ်အား တနင်္သာရီတိုင်းဒေသကြီး ဥပဒေအရာရှိ ဦးသိန်းတင်၊ မြိတ်ခရိုင်ဥပဒေအရာရှိဦးလှထွန်းနှင့် တနင်္သာရီမြို့နယ် အုပ်ချုပ်ရေးမှူး ဦးကျော်သူတို့က ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ကြသည်။ ဆက်လက်၍ တနင်္သာရီတိုင်းဒေသကြီး ဥပဒေချုပ် ဦးစိုးမြင့်က တနင်္သာရီမြို့နယ် ဥပဒေရုံးဆိုင်းဘုတ်အား စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

ယင်းနောက် တိုင်းဒေသကြီး ဥပဒေချုပ်နှင့် တက်ရောက်လာကြသူများက ဥပဒေရုံးအဆောက်အအုံသစ်အား လှည့်လည်ကြည့်ရှုခဲ့ကြသည်။ အဆိုပါဥပဒေရုံးအဆောက်အအုံသစ်ကို တနင်္သာရီတိုင်းဒေသကြီး အစိုးရအဖွဲ့ ရန်ပုံငွေကျပ် ၃၉၁ သိန်းဖြင့် အလျားပေ ၄၀၊ အနံ ပေ ၆၀၊ အမြင့် ၂၂ ပေ RC နှစ်ထပ်အမျိုးအစားဖြစ်ပြီး မြိတ်အားမာန်ကုမ္ပဏီမှ တာဝန်ယူတည်ဆောက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**ခိုင်ထူး(ခရိုင်ပြန်/ဆက်)**

■

## မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး ရွေးကောက်ပွဲကြီးကြပ်ရေး ကော်မရှင်

## ကြေညာချက်–၀၄/၁၄

မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး အမှုဆောင်သစ်များ ပြန်လည်ရွေးချယ်ပွဲအတွက် အဆိုပြုလွှာများ တင်သွင်းရန် နောက်ဆုံးရက်ကို ၁၈-၁၁-၂၀၁၄ ရက် အစား ၂၆-၁၁-၂၀၁၄ ရက်ထိ တင်သွင်းနိုင်ပါသည်။

အစည်းအရုံးဝင် ကတ်ပြားအဟောင်း ကိုင်ဆောင်ထားသူများ ၂၀၁၄ခုနှစ်၊ ဒီဇင်ဘာလ ၃၁ ရက် နောက်ဆုံးထားပြီး ကတ်ပြားအသစ်ဖြင့် လဲလှယ်ကြပါရန် နှိုးဆော်လိုက်ပါသည်။

ရွေးကောက်ပွဲကြီးကြပ်ရေးကော်မရှင်

## လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံး အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးရုံးတွင် အသုံးပြုရန် လိုအပ်သော ရုံးသုံးစာရေး ကိရိယာပစ္စည်း(၃၃)မျိုးနှင့် လုပ်ငန်းသုံးပစ္စည်း(၄)မျိုး (မိတ္တူကူးဆေးနှင့် Printer Cartridge)တို့အား မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသဖြင့် အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ အိတ်ဖွင့်တင်ဒါတင်သွင်းလွှာများကို ၂၆-၁၀-၂၀၁၄ ရက်၊ ညနေ ၁၆:၃၀ နာရီတွင် နောက်ဆုံးထား၍ တင်သွင်းရပါမည်။

၃။ အိတ်ဖွင့်တင်ဒါ စည်းကမ်းချက်များနှင့် တင်ဒါခေါ်ယူမည့် ပစ္စည်းများ၏ အသေးစိတ်အချက်အလက်များကို အောက်ဖော်ပြပါလိပ်စာတွင် ရုံးချိန်အတွင်း (၁)စောင်လျှင် ကျပ် ၅၀၀၀/-(ကျပ်ငါးထောင်တိတိ)နှုန်းဖြင့် လာရောက်ဝယ်ယူနိုင်ပါသည်။

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန
ပြည်ထောင်စုဝန်ကြီးရုံး၊ ရုံးအမှတ်(၄၈)၊ နေပြည်တော်
ဖုန်း-၀၆၇-၄၃၁၀၁၁၊ ၀၆၇-၄၃၁၀၀၂

စေတနာရှင်
ကျိုက်ထီးရိုး (နေ့စဉ်)
ချောင်းသာ (နေ့စဉ်)
ပုပ္ပါး၊ ပုဂံ-ညောင်ဦး(သောကြာ)
01-392704,095066657,0973017110

TOP STAR
ပုဂံ၊ညောင်ဦး၊ ပုပ္ပါး (သောကြာ)
ချောင်းသာ
ကျိုက်ထီးရိုး
နေ့စဉ်
448544658,09-43179331

Fully Air-con Express
ကျိုက်ထီးရိုး ၅-ဦးဝယ်
ချောင်းသာ ၁-ဦး Free
ပုဂံ(ဗွယ်တော်လေးဆု)၊ ပုပ္ပါး ..... 35000
တောင်ကြီး၊ အင်းလေး၊ ထမ်စမ်း ..... 45000
01-387973,09-420051117

ဦးအောင်ဝင်း
(ရွှေတံဆိပ်ဆုရှင်-လန်ဒန်)
LCCI သင်တန်းများ ခုံနံပါတ်ယူထားနိုင်ပြီ။
Dec - 13 (Sat) စမည်။ Aircon စာသင်ခန်းမ
LCCI
အနှစ်(၂၀)အတွေ့အကြုံကြောင့်
သင်ကြားမှုပြီးပြည့်စုံစေသည်။
အမှတ်(၂၉၀)၊ တတိယထပ်၊ ပန်းဆိုးတန်းလမ်း(အထက်ဘလောက်)။
☎-01-371741, 240824, 381350

ချစ်ပိုင်သစ္စာ 562829,09-73198239 569782,09-450006779
ကျိုက်ထီးရိုး(နေ့စဉ်)/ချောင်းသာ(နေ့စဉ်)
www.chitpaithitsar.blogspot.com

မိုးမြင့်ကြယ်
ကားမျိုးစုံစင်းလုံးငှား ဆောင်ရွက်ပေးသည်။
ကရင်ပြည်နယ် ဂူ(၅)ဂူ၊ မြဝတီ၊ မဲဆောက်....(၄)ရက် Nov(21,28)120000/-
ချောင်းသာ (စရိတ်ငြိမ်း) 35000/ 85000
ငွေဆောင် Hotel 65000
ကျိုက်ထီးရိုး (စရိတ်ငြိမ်း) 33000
အမှတ်(၂၆၃)၊ ကျိုက္ကဆံလမ်း၊ တာမွေ၊ 01-549380,09-5093704,09-450012971

ASIA KING 09-43114301,09-420221257
နိုဝင်ဘာ/ဒီဇင်ဘာ Hotel Package, Restaurant ကျွေး
မန္တလေး၊ ပြင်ဦးလွင်၊ မုံရွာ၊ ရွှေဘို ခရီးစဉ် 120000
တောင်ကြီး၊ အင်းလေး၊ ပင်းတယ၊ ထမ်စမ်း 120000
ပုဂံ၊ ညောင်ဦး၊ ပုပ္ပါး Hotel 55000 / 85000
ကျိုက်ထီးရိုး / ချောင်းသာ / ငွေဆောင် (နေ့စဉ်)
ပြည်၊ ထုံးဘို၊ အကောင်တောင် Package 20000
Nov 14, 21, 28 Dec 5,12 19, 24, 31

JUNE INDUSTRY LTD.
ရွှေဩဇာ
June Industry Ltd.မှဖြန့်ချိသော စိမ်းပြာရေညှိ ထုတ်ကုန်များအား သတ်မှတ်ထားသော အရေအတွက် နှင့်အညီ ဝယ်ယူ၍ ၂၀၁၅ ခုနှစ် လုပ်ငန်းသုံးပြက္ခဒိန်တစ်စုစီအား (၁-၁၁-၂၀၁၄)မှစ၍အရောင်း ကိုယ်စားလှယ်ဆိုင်များတွင်ထုတ် ယူနိုင်မည်ဖြစ်ပါကြောင်း ကြိုတင် သတင်းကောင်းပါးအပ်ပါသည်။
Spirulina Bio Fertilizer
(ပြက္ခဒိန်လက်ကျန်ရှိသည်အထိသာဖြစ်ပါသည်။)
> Ygn: + 95 9 730 12000, 730 13000, 730 14000 > Mdy: + 95 2 24490, 39985, 39725, 36122

NATURAL BREEZE Travels & Tours
ဗန်ကောက် - ပတ္တရား - အယုဒ္ဓယ (၅ည ၆ရက်) Dec 28
စင်ကာပူ - မလေးရှား (၇ည ၈ရက်) Dec 25
ကွမ်ကျိုး - ရှန်းကျန့် - (၇ည ၈ရက်) Dec 28
ဟောင်ကောင် - မကာအို
ချင်းမိုင်၊ ဗီယက်နမ်၊ ကမ္ဘောဒီးယား၊ ဘာလီ၊ ဖူးခက်၊ မော်လ်ဒိုက်၊ Star Cruise၊ ကိုရီးယား၊ ဂျပန်၊ ဒူဘိုင်း ခရီးစဉ်များအား အထူးစီစဉ်ပေးလျက်ရှိပါသည်။
အမှတ်(၁၅)၊ ပထမထပ်၊ ကျွန်းတောလမ်း၊ စမ်းချောင်း။
09 732 11441, 09 732 11442, 09 732 11077





အားကစား

## (၂၀၁၄)မြန်မာပြည်တွင်းပတ်လည်ဂေါက်သီးရိုက်ပြိုင်ပွဲ နောက်ဆုံးပွဲစဉ်(နေပြည်တော်)တွင် ကျင်းပမည်

**နေပြည်တော် နိုဝင်ဘာ ၁၇**

မြန်မာပြည်တွင်းပတ်လည်ဂေါက်သီးရိုက်ပြိုင်ပွဲ၏ နောက်ဆုံးပွဲစဉ်ကို နေပြည်တော်ရှိ ဇေယျာသီရိဂေါက်ကွင်းတွင် နိုဝင်ဘာ ၂၇ ရက်မှ ၃၀ ရက်အထိ ကျင်းပမည်ဖြစ်သည်။

မြန်မာနိုင်ငံဂေါက်သီးအဖွဲ့ချုပ် မြန်မာပီဂျီအေတို့မှ ကြီးမှူးပြီး အင်းဝဘဏ်လီမိတက်မှ အဓိကကူညီပံ့ပိုးပေးသော မြန်မာပြည်တွင်းပတ်လည်ဂေါက်သီးရိုက်ပြိုင်ပွဲ(၂၀၁၄)နောက်ဆုံးပွဲစဉ် (နေပြည်တော်)တွင် ပရော်ဖက်ရှင်နယ်အဆင့်၊ အပျော်တမ်းအမျိုးသားအဆင့် H'Cap (0-12)၊အမျိုးသမီးအဆင့် H'Cap (0-24)ပြိုင်ပွဲများတွင် ဝင်ရောက်ယှဉ်ပြိုင်ကြမည့် ပြိုင်ပွဲဝင်များသည် နိုဝင်ဘာ ၂၀ ရက် မွန်းတည့် ၁၂ နာရီနောက်ဆုံးထား၍ ဖုန်း-၀၉-၂၀၃၇၆၇၁၊ ၀၉-၄၂၀၀၁၇၈၃၅၊ ၀၉-၇၃၁၃၀၄၇၄ တို့တွင် စာရင်းပေးသွင်းရမည်ဖြစ်သည်။ ပြိုင်ပွဲဝင်ကြေး နောက်ကျပေးသွင်းသောကစားသမားများအား ပြိုင်ပွဲ အတွဲဇယားတွင် တည့်သွင်းရေးဆွဲမည်မဟုတ်သဖြင့် ပြိုင်ပွဲဝင်ကြေးငွေကျပ် ၂၀၀၀၀ အား နိုဝင်ဘာ ၂၄ ရက်နောက်ဆုံးထားပေးသွင်းရမည်ဖြစ်သည်။

ပြိုင်ပွဲဝင်များအား ကြိုတင်လေ့ကျင့်မှုများပြုလုပ်နိုင်ရန်အတွက် Official Practice Round ကို နိုဝင်ဘာ ၂၅ မှ ၂၆ ရက် နေ့တစ်ဝက်အထိ ခွင့်ပြုထားမည်ဖြစ်ပြီး ပြိုင်ပွဲဝင်များ သွားလာမှုအဆင်ပြေစေရန်အတွက် ဗန္ဓုလသယ်ယူပို့ဆောင်ရေးမှ(ရွှေမန်းသူ)ကား စီစဉ်ထားရှိပေးထားပါသဖြင့် ရန်ကုန်မြို့မှ နေပြည်တော်သို့ နိုဝင်ဘာ ၂၄ ရက်တွင် ကားထွက်ခွာမည်ဖြစ်သည်။ စီးနင်းလိုက်ပါလိုသော ပြိုင်ပွဲဝင်များသည် ရန်ကုန်မြို့ ကျောက်ရေတွင်းရှိ (မြန်မာဂေါက်သီးရိုက်လေ့ကျင့်ရေးကွင်း) HAN Event Management သို့ ကြိုတင်စာရင်းပေးရမည်ဖြစ်သည်။

မြန်မာပြည်တွင်းပတ်လည်ဂေါက်သီးရိုက်ပြိုင်ပွဲ နောက်ဆုံးပွဲစဉ် အောင်မြင်စွာကျင်းပနိုင်ရေးအတွက် အင်းဝဘဏ်လီမိတက်မှ အဓိကကူညီပံ့ပိုးပေးပြီး မြနန္ဒာသောက်ရေသန့်၊ နေပြည်တော်သောက်ရေသန့်၊ မြဝတီသောက်ရေသန့်၊ Dagon Malta Fresh၊ ဗန္ဓုလသယ်ယူပို့ဆောင်ရေး၊ Official Golf Ball အဖြစ် Volvik၊ ဇေယျာသီရိဂေါက်ကွင်း (နေပြည်တော်)နှင့် HAN Event Management တို့က ထပ်မံပံ့ပိုးပါဝင်ကူညီကြောင်း သိရသည်။ **(ဖိုးသော်ဇင်)**

## ကမ္ဘောဇဘဏ်လီမိတက်၏ဘဏ်ခွဲပေါင်း ၃၀၀ အောင်မြင်စွာဖွင့်လှစ်ပြီးစီးခြင်း အထိမ်းအမှတ် ဂေါက်သီးရိုက်ပြိုင်ပွဲနှင့် ဂုဏ်ပြုညစာစားပွဲအခမ်းအနားကျင်းပ




**နေပြည်တော် နိုဝင်ဘာ ၁၇**

ကမ္ဘောဇဘဏ်လီမိတက်၏ဘဏ်ခွဲပေါင်း ၃၀၀ အောင်မြင်စွာဖွင့်လှစ်ပြီးစီးခြင်း အထိမ်းအမှတ်အဖြစ် ဂေါက်သီးရိုက်ပြိုင်ပွဲနှင့် ဂုဏ်ပြုညစာစားပွဲကို နိုဝင်ဘာ ၁၆ ရက် ညနေပိုင်းက နေပြည်တော်ရှိ Famous Parami Hotel မြက်ခင်းပြင်၌ပြုလုပ်ရာ အခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ကမ္ဘောဇဘဏ်လီမိတက်မှ ဌာနအကြီးအကဲများနှင့် ဘဏ်ဝန်ထမ်းများ၊ ဖိတ်ကြားထားသည့် ဧည့်သည်များ၊ ဂေါက်သီးအားကစားသမားများ တက်ရောက်ကြသည်။

ယင်းအခမ်းအနားတွင် ပထမဦးစွာ ကမ္ဘောဇဘဏ်လီမိတက်၏ဘဏ်ခွဲပေါင်း ၃၀၀ အောင်မြင်စွာ ဖွင့်လှစ်ပြီးစီးခြင်းနှင့် စပ်လျဉ်း၍ ကမ္ဘောဇကုမ္ပဏီများအုပ်စုမှ အကြီးတန်းအုပ်ချုပ်မှု ဒါရိုက်တာ ဦးညိုမြင့်က ရှင်းလင်းပြောကြားပြီး ဆုရဂေါက်သီးအားကစားသမားများအား ဆုများကို အသီးသီးပေးအပ်ကာတက်ရောက်လာသော ဧည့်သည်များအာ ဂုဏ်ပြုညစာဖြင့် တည်ခင်းဧည့်ခံသည်။ ညစာဖြင့် တည်ခင်းဧည့်ခံချိန်တွင် Marshal တေးဂီတအဖွဲ့မှ တေးသီချင်းများဖြင့် ဧည့်ခံဖျော်ဖြေပေးခဲ့ကြောင်းသတင်းရရှိသည်။ **(သတင်းစဉ်)**

## အက်သလက်တီကိုနောက်ခံလူ မီရန်ဒါအား ခေါ်ယူရန် မန်ယူစီစဉ်



အင်္ဂလန်ထိပ်သီးကလပ် မန်ယူအသင်းသည် လာမည့်ဇန်နဝါရီ အပြောင်းအရွှေ့ ကာလအတွင်း အသင်း၏ ခံစစ်ကို အားဖြည့်ရန်အတွက် အက်သလက်တီကိုအသင်း၏ ဘရာဇီးနောက်ခံလူ မီရန်ဒါအား ခေါ်ယူရန် ပြင်ဆင်နေကြောင်းသိရသည်။

ထို့ပြင် မီရန်ဒါမှာလည်း အက်သလက်တီကိုအသင်းနှင့် စာချုပ်သက်တမ်းကုန်ဆုံးရန် နီးစပ်နေပြီး ၎င်းအား ပရီမီယာလိဂ်ကလပ်အသင်းများဖြစ်ကြသည့် မန်ယူ၊ ချယ်လ်ဆီး စသည့်အသင်းများအပြင် ပီအက်စ်ဂျီ၊ အင်တာမီလန်တို့ကလည်း ခေါ်ယူရန် ပစ်မှတ်ထားနေခြင်းဖြစ်သည်။ ၎င်းအား လာမည့်ဇန်နဝါရီကာလတွင် မန်ယူအသင်းက ကြိုတင်လက်ဦးမှုရယူကာ ကမ်းလှမ်းသွားရန် ပြင်ဆင်နေပြီး ပေါင်သန်း ၂၀ ခန့်ဖြင့်တရားဝင်ကြိုးပမ်းသွားဖွယ်ရှိကြောင်း Goal.com က ဖော်ပြခဲ့သည်။ မန်ယူအသင်းမှာ မီရန်ဒါအား စာချုပ်ချုပ်ဆိုရန် ၎င်း၏ အေးဂျင့်ဖြစ်သူနှင့်ဆွေးနွေးလျက်ရှိနေပြီး ကစားသမားကိုယ်တိုင်နှင့် သဘောတူညီချက်ရရှိရန်သာ ကျန်ရှိတော့ကြောင်း ဗြိတိန်မီဒီယာများက ဖော်ပြခဲ့ကြသည်။ **(ကိုရဲ)**

## ကမ္ဘာ့ဖလားပြိုင်ပွဲအား သပိတ်မှောက်ရန် ဒေးဗစ်ဘန်းစတိန်းတောင်းဆို

ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်(ဖီဖာ)အနေဖြင့် အဓိပ္ပာယ်မဲ့သော ပြောင်းလဲမှုများကိုသာ လုပ်ဆောင်ခဲ့ပါက လာမည့် ၂၀၁၈ ကမ္ဘာ့ဖလားပြိုင်ပွဲအား သပိတ်မှောက်ရန် အင်္ဂလန် ဘောလုံးအဖွဲ့ချုပ်အား အင်္ဂလန်ဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌဟောင်းတစ်ဦးဖြစ်သူ ဒေးဗစ်ဘန်းစတိန်းက တောင်းဆိုထားကြောင်း သိရသည်။

အဆိုပါ ၂၀၁၈ ကမ္ဘာ့ဖလားသည် ဥရောပအသင်းများပါဝင်ခြင်းမရှိခဲ့ပါက အားနည်းချက်ရှိသွားလိမ့်မည်ဖြစ်ကြောင်းနှင့် လက်ရှိဥရောပဘောလုံးအဖွဲ့ချုပ်၏ အဖွဲ့ဝင်နိုင်ငံများအဖြစ် ဂျာမနီ၊ စပိန်၊ အီတလီ၊ ပြင်သစ်၊ နယ်သာလန် စသည့်အသင်းများ ပါဝင်ပြီး ယူအီးအက်ဖ်အေတွင် နိုင်ငံပေါင်း ၅၄ နိုင်ငံရှိကြောင်း ဘန်းစတိန်းက ပြောကြားခဲ့သည်။ ထို့ပြင် လက်ရှိကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဆက်ဘလက်တာကိုပါ ဥက္ကဋ္ဌအဖြစ်မှ နုတ်ထွက်ပေးရန် ဒေးဗစ်ဘန်းစတိန်းအနေဖြင့် တောင်းဆိုထားခဲ့ကြောင်း သိရသည်။ **(ငွေကြယ်)**




Asia Top 0943164118,09421099574,0933377844
ပုဂံ (စွယ်တော်ဖလေးဆူ)၊ ညောင်ဦး၊ ပုပ္ပါး၊ ပခုက္ကူ 60000
မန္တလေး၊ ပြင်ဦးလွင်၊ စစ်ကိုင်း၊ မုံရွာ(လယ်းဘုရားစုံ) 65000
တောင်ကြီး၊ အင်းလေး၊ ပင်းတယ၊ မွေတော်ကက္ကူ၊ ထမ်စမ်း 65000
ကျိုက်ထီးရိုး/ ချောင်းသာ (နေ့စဉ်) ကားစီးလုံးငှားစီစဉ်ပေးသည် ငွေဆောင်

သန်းဒွေးနှင့်ရောင်းရင်းများ ၅ ကျိုက်ထီးရိုး ချောင်းသာ (နေ့စဉ်)
ပုဂံ၊ တောင်ကြီး၊ မန္တလေး၊ အဆင့်မြင့် Hotel 120000/13000
ပေါ်လမြိုင်၊ ကျိုက္ခမီ၊ စက်စဲ (ကျိုက်ထီးရိုး) (၂/၃) ရက်။ NOV-21/28, DEC-5,12,19,24
ကြိုတင်လက်မှတ်ရောင်းပြီ။
Ph : 380141, 241863, 09 43043109, 09 73251422

ချမ်းမြေ့ရတနာ
ကျိုက်ထီးရိုး၊ မော်လမြိုင်၊ ကျိုက္ခမီ၊ စက်စဲ၊ ဘားအံ၊ လမ်းဘုရားစုံ Dec-5 (၃)ရက် - ၃၀,၀၀၀/-
ပြင်ဦးလွင်၊ မန္တလေး၊ စစ်ကိုင်း၊ မုံရွာ၊ ပုဂံ၊ ညောင်ဦး၊ ပုပ္ပါး Dec-12 (၅)ရက် - ၅၅,၀၀၀/-
"ရခိုင်မဟာမြတ်မုနိ"၊ မာန်ဝါးပါးဘုရားစုံ၊ မြောက်ဦး၊ ကျောက်တော်၊ ပုဏ္ဏားကျွန်း၊ စစ်တွေ၊ ရွှေစက်တော် Dec-23 စား/ငြိမ်း(၆)ရက် - ၈၅,၀၀၀/-
Ph:09-250353461, 09-32065977.

Modern Myanmar Travels ကားမျိုးစုံစီးလုံးငှား အထူးစီစဉ်ပေးပါသည်။
တောင်ကြီး၊ အင်းလေး၊ ပင်းတယ၊ ကုလုံ၊ မွေတော်ကက္ကူ
ပုဂံ၊ ညောင်ဦး (စွယ်တော်လေးဆူ)၊ ပခုက္ကူ
မန္တလေး၊ ပြင်ဦးလွင်၊ စစ်ကိုင်း၊ မင်းကွန်း
မြဝတီ၊ မဲဆောက်၊ ဘားအံ လမ်းဘုရားစုံ
Hotel တည်း Restaurant ကျွေး အဆင့်မြင့်အထူးခရီးစဉ် 120000
Nov21,28 Dec5,12,19,24,26
ကျိုက်ထီးရိုး(နေ့စဉ်)+ချောင်းသာ(နေ့စဉ်)Guest House 32000 +ငွေဆောင်(သောကြာ)Hotel 68000
၂၃၆၊ ၃၉လမ်း(အထက်)၊ ကျောက်တံတား 09-450047016,09-253540004

New ရွှေလမ်း ကျိုက်ထီးရိုး/ချောင်းသာ (နေ့စဉ်)
တောင်ကြီး၊ အင်းလေး၊ ပင်းတယ၊ ကလော၊ ကုလုံ၊ ထမ်စမ်း၊ မွေတော်ကက္ကူ
မန္တလေး၊ စစ်ကိုင်း၊ မုံရွာ၊ ပြင်ဦးလွင်၊ Dec ထွက်မည်
ပုဂံ၊ ညောင်ဦး၊ ပုပ္ပါး၊ မြတ်စွယ်တော်လေးဆူ၊ ပြည့်ပါးပြည့်၊ ပခုက္ကူ
မော်လမြိုင်၊ ကျိုက္ခမီ၊ စက်ခဲကမ်းခြေ လမ်းဘုရားစုံ ငွေဆောင်
09-49337973,09-250515335,09-421041017

ဗလငါးတန်ဖွံ့ဖြိုးဖို့ စာအုပ်စာပေ လေ့လာစို့

# ဘိန်းဖြူ၊ ဘိန်းစိမ်းနှင့် စိတ်ကြွရူးသွပ်ဆေးပြားများ သိမ်းဆည်းရမိ

**နေပြည်တော် နိုဝင်ဘာ ၁၇**

နိုဝင်ဘာ ၁၂ ရက်က မိုင်းလုံနယ်မြေရဲစခန်းမှ တပ်ဖွဲ့ဝင်များသည် မိုင်းလုံမြို့ နမ့်ပိန်ကျေးရွာအုပ်စု လီဆူးကျေးရွာ ကျောက်မဲ-မိုးကုတ်သွားလမ်း မိုင်တိုင်(၅၇/၃)လမ်းဘေး ယာဘက်တောစပ်တွင် တွေ့ရှိသူ မဝုလေး(ခ)အလေးမိအား ရှာဖွေရာ ၎င်းအနီးမှ ပလတ်စတစ်ကပ်ခွာအိတ်ဖြင့်ထည့်လျက် စိတ်ကြွရူးသွပ်ဆေးပြား ၂၄၀၊ ဘိန်းဖြူ ၅ ဒသမ ၁၇၁၀၄ ဂရမ် သိမ်းဆည်းရမိပြီး ၎င်း၏ နေအိမ်ကိုရှာဖွေရာ ခင်ပွန်းဖြစ်သူ ဆွမ်သာအား တွေ့ရှိပြီး ဆွမ်သာလွယ်ထားသည့် လွယ်အိတ်အတွင်းမှ ပလတ်စတစ်ပိုက်ဖြတ်စများဖြင့်ထည့်လျက် ဘိန်းဖြူ ၅ ဒသမ ၁၇၀၉၈ ဂရမ်နှင့် စိတ်ကြွရူးသွပ်ဆေးပြား ၃၅ ပြား ထပ်မံသိမ်းဆည်းရမိသဖြင့် ဆွမ်သာ(၆၃)နှစ်နှင့် မဝုလေး(ခ)အလေးမိ(၆၀)နှစ်တို့နှစ်ဦးအပေါ် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သတင်းရရှိသည်။

အလားတူ နိုဝင်ဘာ ၁၄ ရက်က မူးယစ်တပ်ဖွဲ့စု(၃၀)တာချီလိတ်မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် တာချီလိတ်မြို့နယ် ဝမ်လုံးကျေးရွာအုပ်စု တာချီလိတ်-မိုင်းဆတ်သွားကားလမ်းပေါ်ရှိ ဟွေ့ရဲစစ်ဆေးရေးဂိတ်ရှောင်ကွင်းလမ်းတွင် မိုင်းဆတ်ဘက်မှ တာချီလိတ်ဘက်သို့ နာဆာနင် မောင်းနှင်လာသည့် မော်တော်ဆိုင်ကယ်ကို ရှာဖွေရာ ၎င်း၏ခန္ဓာကိုယ် ယာဘက်ချိုင်းကြားမှ ပလတ်စတစ်ဖြင့်ထုပ်လျက် စိတ်ကြွရူးသွပ်ဆေးပြား ၁၂၉၀ အား သိမ်းဆည်းရမိသဖြင့် နာဆာနင်(၄၀)နှစ်အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သိရသည်။



ထို့နောက် နိုဝင်ဘာ ၁၃ ရက်က နမ့်ပန်နယ်မြေရဲစခန်းမှ တပ်ဖွဲ့ဝင်များသည် ညောင်ရွှေမြို့နယ် နမ့်ပန်လမ်းဆုံ၊ ညောင်ရွှေ-တုံဟုံးကားလမ်းတံတားအမှတ် (၁/၃၅) တွင် မော်တော်ယာဉ်တစ်စီးအား မသင်္ကာဖွယ်ရာတွေ့ရှိကြောင်း သတင်းအရ သွားရောက်စစ်ဆေးရာ MARK-II အမျိုးအစား မော်တော်ယာဉ်ကို တွေ့ရှိပြီး မော်တော်ယာဉ်အနီးရှိ တောအုပ်အတွင်းမှ လူသံများကြားသဖြင့် သွားရောက်ကြည့်ရှုရာ လူလေးဦးမှာ ထွက်ပြေးသွား၍ ၎င်းနေရာမှ KENBO အမျိုးအစား ဆိုင်ကယ်တစ်စီးကို တွေ့ရှိသဖြင့် ရှာဖွေရာ ထိုင်ခုံအတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၄၀၀ နှင့် ဘိန်းစိမ်း ၁၂ ဒသမ ၄၁၀၂ ကီလို သိမ်းဆည်းရမိခဲ့သည်။**(အပေါ်ပုံ)**

မော်တော်ယာဉ်အား ဆက်လက်ရှာဖွေရာ ယာဉ်ရှေ့ခန်း တူးဘောက်စ်အတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၁၈၀ ထပ်မံသိမ်းဆည်းရမိသဖြင့် နမ့်ပန်နယ်မြေရဲစခန်းတွင် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားရှိပြီး တရားခံအား ဖမ်းဆီးရမိရေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**(ရဲပြန်ကြား)**

# အင်းစိန်မြို့နယ်၌ စိတ်ကြွဆေးပြားများ သိမ်းဆည်းရမိ

**ရန်ကုန် နိုဝင်ဘာ ၁၇**

အင်းစိန်မြို့နယ် ရွာမအရှေ့ရပ်ကွက် အောက်မင်္ဂလာဒုံလမ်းနှင့် အေးသိဒ္ဓိလမ်းထောင့်၌ နိုဝင်ဘာ ၁၂ ရက် မွန်းလွဲ ၁ နာရီခန့်က မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

ရွာမအရှေ့ရပ်ကွက်ရုံး၌ သက်သေများရှေ့တွင် စစ်ဆေးမှုများပြုလုပ်ရာ ပြည့်စုံထက်(ခ) ကိုပြည့်ဝတ်ဆင်ထားသော အဖြူရောင်အပြာကျားစွပ်ကျယ်တွင် ချိတ်ထားသည့် အုန်းခွံရောင် သားရေခါးအိမ်အတွင်းမှ ပလတ်စတစ်ဖြင့် ထုပ်ထားသည့်(WY) စာတန်းပါ နီညိုရောင် စိတ်ကြွရူးသွပ်ဆေးပြား ၁၀ ပြားပါ တစ်ထုပ်၊ ကိုးပြားပါတစ်ထုပ်တို့ကို သိမ်းဆည်းရမိကြောင်း သိရသည်။

**မြင့်ဦး (အင်းစိန်)**

# ဝဏ္ဏသိဒ္ဓိရပ်ကွက်ရှိ အန္တရာယ်များသည့်မြင်ကွင်း

**နေပြည်တော် နိုဝင်ဘာ ၁၇**

နေပြည်တော်ကောင်စီနယ်မြေ ဇမ္ဗူသီရိမြို့နယ် ဝဏ္ဏသိဒ္ဓိရပ်ကွက်(အကွက်ကြီး/၅) ညွှန်မှူးအိမ်ရာရှေ့လမ်းနှင့် တိုက်အမှတ် (၅၃၆၅) ထောင့်ရှိ ကွန်ကရစ်တံတားပေါ်တွင် ယာဉ်များအန္တရာယ်ကြီးစွာ ဖြစ်ပေါ်စေနိုင်သော အပေါက်ကြီးများ၊ ချိုင့်ခွက်ကြီးများ၊ ကွဲအက်နေသောလမ်းများနှင့် Slow down ကဲ့သို့ ကြွတက်နေသော လမ်းကွန်ကရစ်များကို အန္တရာယ်ကြီးစွာ တွေ့မြင်ရသည်။**(အောက်ပုံ)**

ယင်းလမ်းမကြီးပေါ်တွင် ဓမ္မာရုံ၊ မူလတန်းကြိုကျောင်း၊ စားသောက်ဆိုင်များနှင့် အထူးပင်စည်ကားလျက်သည့်အပြင် ယာဉ်အသွားအလာထူထပ်လျက်ရှိပြီး ရှေ့သို့ဆက်သွားသော် အာဆီယံပြိုင်ပွဲများ ကျင်းပခဲ့သော ကျောက်ဒိုးပစ်(ဝီတန်း) အားကစားကွင်းကြီးသို့ ရောက်သည့်လမ်းမကြီးဖြစ်သည်။

ထိုလမ်းမကြီးပေါ်တွင် ညအချိန်ဆိုလျှင် ယာဉ်အန္တရာယ်အလွန်ကြီးကြောင်းနှင့် ယင်းတံတားပေါ်တွင် ဆိုင်ကယ်များ မကြာခဏတိမ်းမှောက်ခြင်းများရှိခြင်းကြောင့် သက်ဆိုင်ရာမှ အမြန်ဆုံး ပြင်ဆင်သင့်ကြောင်း တင်ပြအပ်ပါသည်။

**သန်းနိုင်(ဇမ္ဗူသီရိ)**




## ဂုဏ်ယူဝမ်းမြောက်ခြင်း

ပြင်သစ်နိုင်ငံမှ ကမ္ဘာ့ထိပ်တန်းအဆင့်ဝင် LAFARGE Building better cities Lafarge Group နှင့် MY MY Associates Co., Ltd. တို့၏ ပူးပေါင်းဆောင်ရွက်မှုဖြစ်သော Thilawa Cement and Building Materials Ltd (TCBM) ၏ Cement Processing Plant ကို ရန်ကုန်တိုင်းဒေသကြီး သီလဝါအထူးစီးပွားရေးဇုန်တွင် ဖွင့်လှစ်လုပ်ကိုင်နိုင်ခြင်းနှင့် STAR Star Cement Brand ကိုဖြန့်ဖြူးရောင်းချနိုင်ခြင်းတို့အတွက် အထူးပင်ဂုဏ်ယူဝမ်းမြောက်မိပါကြောင်း။

- ဦးအောင်ကိုဝင်း (ဥက္ကဋ္ဌ၊ ကမ္ဘောဇဘဏ်လီမိတက်)
- Dr. စိုင်းဆမ်ထွန်း (ဥက္ကဋ္ဌ၊ လွယ်ဟိန်းကုမ္ပဏီလီမိတက်)
- ဦးဇော်ဝင်းရှိန် (ဥက္ကဋ္ဌ၊ ရေဟသာ ကုမ္ပဏီများအုပ်စု)
- ဦးဇော်မိုးခိုင် (AA Group)
- ဦးဝင်းလွင် (ကျော်သာဆောက်လုပ်ရေး)
- ဦးချိုမြင့် (မြင့်မိသားစုကုမ္ပဏီနှင့်မြတ်နန်းယုံဟိုတယ်)
- ဦးအောင်မင်း (MD First Top Co., Ltd )
- ဦးဇော်ဇော် (ဥက္ကဋ္ဌ၊ ရေဝတီဘဏ်လီမိတက်)
- OCBC Bank Ltd (Singapore)
- SoilBuild Ltd (Singapore)
- ဦးအောင်သန်းမြင့် (Super Power)
- ဦးမျိုးသိန်း (ခနသီဟဆောက်လုပ်ရေး)
- ဦးစိုးညီညီ (Feel Restaurants Group)
- ကိုပြေတီဦး (ရုပ်ရှင်သရုပ်ဆောင်)
- ဦးခင်မောင်အေး (ဥက္ကဋ္ဌ CB Bank Ltd.)
- ဦးမြဟန် (Fortune Intl ; Ltd)
- ဦးအောင်မျိုးမင်းဒင် (Adventure Myanmar Group)
- ဦးအောင်မြတ် (Mother Trading Group)
- ဦးဇော်ဝင်းဦး (Horizon Telecom )
- ဦးအောင်ကျော်မိုး (ပြည့်ဖြိုးအောင်ကုမ္ပဏီ)
- ဦးချစ်ခိုင် (ဥက္ကဋ္ဌ၊ မြန်မာ့ရှေ့ဆောင်ဘဏ်လီမိတက်)
- Dr. မောင်မောင်အေး (မိုးထက်ကမ္ဘာကုမ္ပဏီ)
- Dr. ဇော်ထွန်း (ယူနီဗာဆယ်ဆောက်လုပ်ရေး)
- ဦးဝင်းအောင် (MGW ဆောက်လုပ်ရေး)
- ဦးဇေယျာသူရမွန် (ZY & A Co., Ltd)
- ဦးကျော်လင်း (MD,Line Of Perfect Co., Ltd)

# စစ်ကိုင်းမြို့တည်နန်းတည် နှစ် (၇၀၀) ပြည့်ပွဲတော် အောင်မြင်စွာကျင်းပနိုင်ရေး ရုံးခန်းဖွင့်လှစ်

**စစ်ကိုင်း၊ နိုဝင်ဘာ ၁၇**

စစ်ကိုင်းမြို့တည်နန်းတည် နှစ် (၇၀၀) ပြည့်ပွဲတော်ကျင်းပနိုင်ရေး ရုံးခန်းဖွင့်ပွဲအခမ်းအနားနှင့် ပွဲတော်ကျင်းပရေး ဗဟိုကော်မတီအစည်းအဝေးကို နိုဝင်ဘာ ၁၅ ရက်က ပိုးတန်းလမ်းနှင့် ဆေးရုံကြီးလမ်းထောင့်ရှိ စည်ပင်သာယာကော်မတီ အင်ဂျင်နီယာရုံးခန်းမ၌ ပြုလုပ်ခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် စစ်ကိုင်းမြို့တည်နန်းတည် နှစ် (၇၀၀) ပြည့်ပွဲတော်အထိမ်းအမှတ် ပြက္ခဒိန်နှင့် စာအုပ်ထုတ်ဝေရေး၊ တရားပွဲများ၊ စာတမ်းဖတ်ပွဲများနှင့် ပျော်ပွဲရွှင်ပွဲများ၊ အားကစားပြိုင်ပွဲများကျင်းပရေး၊ ဖိတ်ကြားရေး၊ ကြိုဆိုနေရာချထားရေး၊ ဧည့်ခံကျွေးမွေးရေး၊ ပြပွဲပြခန်းများဖွင့်လှစ်ပြသရေး၊ ဘဏ္ဍာငွေရှာဖွေရေး၊ အခမ်းအနားကျင်းပမည့်နေ့ရက် သတ်မှတ်ရေး၊ ပွဲတော်ကျင်းပမည့် အားကစားဝင်းကြီးအားရှင်းလင်းပြီးစီးမှုအခြေအနေ၊ ပြခန်းများနေရာချထားရန် စီစဉ်ဆောင်ရွက်နေမှု စသည့်ကိစ္စရပ်များကို ဆွေးနွေးညှိနှိုင်းခဲ့ကြကြောင်း သိရသည်။

၂၀၁၅ ခုနှစ်တွင်ကျရောက်မည့် စစ်ကိုင်းမြို့တည်နန်းတည် နှစ် (၇၀၀) ပြည့်ပွဲတော်ကြီးကို ခမ်းနားအောင်မြင်စွာကျင်းပနိုင်ရေးအတွက် စစ်ကိုင်းတောင်ရိုးမှ သာသနာ့တံခွန်ဆရာတော်ကြီးများ၊ စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့၊ ခရိုင်နှင့်မြို့နယ်စီမံခန့်ခွဲမှုကော်မတီများ၊ စစ်ကိုင်းမြို့ရှိ တက္ကသိုလ်ငါးခုနှင့် ကောလိပ်နှစ်ခုတို့မှ ပါမောက္ခချုပ်ကြီးများ၊ ကျောင်းအုပ်ကြီးများ၊ မြို့မိမြို့ဖများနှင့် မြို့သူမြို့သားများ ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

စစ်ကိုင်းမြို့တည်နန်းတည် နှစ် (၇၀၀) ပြည့်ပွဲတော် အောင်မြင်စွာကျင်းပရေးနှင့်ပတ်သက်၍ အစည်းအဝေးများကျင်းပခြင်း၊ လုပ်ငန်းရပ်များဆောင်ရွက်ခြင်း၊ ဆက်သွယ်မှုလွယ်ကူစေနိုင်ရေးအတွက် ရုံးခန်းဖွင့်လှစ်ဆောင်ရွက်ခြင်းဖြစ်ကြောင်း တာဝန်ရှိသူတစ်ဦးက ပြောသည်။



နှစ် (၇၀၀) ပြည့်ပွဲတော်ကျင်းပရေးရုံးခန်းကို ပိုးတန်းလမ်းနှင့်ဆေးရုံလမ်းထောင့်တွင် ဖွင့်လှစ်ထားကြောင်း သိရသည်။

အဆိုပါအခမ်းအနားသို့ စစ်ကိုင်းမြို့တည်နန်းတည် နှစ် (၇၀၀) ပြည့်ပွဲတော်ကျင်းပရေး ဗဟိုကော်မတီဥက္ကဋ္ဌ၊ ခရိုင်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးကျော်မင်းညိုနှင့် ဗဟိုကော်မတီဝင်များ၊ မြို့မိမြို့ဖများ၊ ခရိုင်နှင့်မြို့နယ်စီမံခန့်ခွဲမှုကော်မတီဝင်များ ဆပ်ကော်မတီ ၁၃ ခုတို့မှ ဥက္ကဋ္ဌများနှင့်ကော်မတီဝင်များ တက်ရောက်ခဲ့ကြသည်။ **နန္ဒာမင်းလွင်**

# စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့မှထောက်ပံ့သော အခြေခံတိရစ္ဆာန် ကျန်းမာရေးအထောက်အကူပြုဆေးဝါးနှင့် ဆေးပစ္စည်းများ ပေးအပ်

**ရေဦး၊ နိုဝင်ဘာ ၁၇**

စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့မှထောက်ပံ့သော အခြေခံတိရစ္ဆာန်ကျန်းမာရေးအထောက်အကူပြု ဆေးဝါးနှင့် ဆေးပစ္စည်းများပေးအပ်ခြင်းကို နိုဝင်ဘာ ၁၃ ရက် နံနက် ၉ နာရီက မြို့နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန၌ ကျင်းပခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန ဦးစီးမှူး ဒေါက်တာခင်စန်းတင့်က ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချနိုင်ရေးအတွက် သင်တန်းမှပို့ချပေးသည့် အခြေခံတိရစ္ဆာန်ကျန်းမာရေးနှင့် မွေးမြူနည်းစနစ်များ၊ မေထုန်မဲ့သားစပ်နည်းများ၊ ကြိုတင်ကာကွယ်ဆေးထိုးနှံခြင်းစသည့် ပညာရပ်များကို လက်တွေ့အသုံးချကုသနိုင်ကြောင်း၊ မိမိတို့ကျေးရွာသာမက နီးစပ်ရာပတ်ဝန်းကျင်ကျေးရွာများကိုလည်း စိုက်ပျိုးရေးလုပ်ငန်းမှ ဝင်ငွေရရှိသလို မွေးမြူရေးနှင့်တွဲဖက်လုပ်ကိုင်ပါက မိသားစုအပိုဝင်ငွေတိုးကြောင်းကို စည်းရုံးမှုဖြင့် လုပ်ကိုင်ဆောင်ရွက်ကြရန်၊ တိရစ္ဆာန်ကျန်းမာရေး မွေးမြူရေးနှင့် ကုသရေးလုပ်ငန်းများဆောင်ရွက်ရာတွင် အခက်အခဲများရှိပါက မြို့နယ်မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနသို့ဆက်သွယ်၍ ပေါင်းစပ်ညှိနှိုင်းလုပ်ကိုင်သင့်ကြောင်း ပြောကြားခဲ့သည်။

ယင်းနောက် တက်ရောက်လာကြသော မြို့နယ်တာဝန်ရှိသူများမှ သင်တန်းသား ၂၀ တို့အား တိရစ္ဆာန်ကျန်းမာရေးနှင့် မွေးမြူရေး အထောက်အကူပြုဆေးဝါးနှင့် ဆေးပစ္စည်းများကို ပေးအပ်ခဲ့ကြောင်း သိရသည်။

အခမ်းအနားသို့ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးညိုဝင်း၊ မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးမျိုးချစ်၊ မြို့နယ်စီမံခန့်ခွဲမှုကော်မတီ အတွင်းရေးမှူး ဦးဇော်မင်းဦး၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့မိမြို့ဖများ၊ ရပ်ကွက်၊ ကျေးရွာ ၂၀ တို့မှ အုပ်ချုပ်ရေးမှူးများနှင့် အခြေခံတိရစ္ဆာန်ကျန်းမာရေးသင်တန်းသားများ တက်ရောက်ကြသည်။ **သန်းထိုက်(ရေဦး)**

# ညောင်ရွှေမြို့နယ် ပုလဲသွယ်စံပြစိုက်ခင်း၌ ရိတ်သိမ်းခြွေလှေ့စက်များဖြင့် မိုးစပါးစံကွက် ရိတ်သိမ်း

**ညောင်ရွှေ၊ နိုဝင်ဘာ ၁၇**

၂၀၁၄-၂၀၁၅ခုနှစ် မိုးစပါးစိုက်ပျိုးရာသီတွင် ညောင်ရွှေမြို့နယ် တိလောကျေးရွာအုပ်စု ကွင်းအမှတ် (၅) ဦးပိုင် (၁၁) ရှိ တောင်သူဦးမဲက ဗီယက်နမ်ပုလဲသွယ် စပါးမျိုးနှင့် ပုလဲသွယ်ဘာစမာတီစပ်မျိုးစပါးမျိုးများကို ပုလဲသွယ်စံပြစိုက်ခင်းအဖြစ် ၁၃ ဒသမ ၉၄ ဧက စိုက်ပျိုးခဲ့ရာ ရိတ်သိမ်းခြွေလှေ့စက်များဖြင့် နိုဝင်ဘာလတွင် ရိတ်သိမ်းခြွေလှေ့ခဲ့ကြောင်း သိရသည်။

ရိတ်သမ်းခြွေလှေ့စက်ဖြင့် ရိတ်သိမ်းခြင်းကြောင့် သီးနှံလေလွင့်ဆုံးရှုံးမှုလျော့နည်းခြင်း၊ အချိန်ကုန်ငွေကုန်သက်သာခြင်း၊ လုပ်သားရှားပါးမှုပြဿနာများကို ဖြေရှင်းပေးနိုင်ခြင်း စသည့်အခြေအနေများကို တောင်သူဦးကြီးများ လက်တွေ့သိမြင်ပြီး လိုက်နာကျင့်သုံးဆောင်ရွက်နိုင်ရန် ရည်ရွယ်၍ ယခုလိုပြသဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် ဈေးကောင်းရမည့် အထွက်ကောင်းမျိုးနှင့် အထူးအထွက်တိုးစပ်မျိုးများ ပြောင်းလဲအသုံးပြုခြင်း၊ ခေတ်မီသိပ္ပံနည်းကျစိုက်နည်းစနစ်များ ပြောင်းလဲအသုံးပြုခြင်းနှင့် မိရိုးဖလာလက်မှုလယ်ယာစနစ်မှ စက်မှုလယ်ယာစနစ်သို့ ပြောင်းလဲဆောင်ရွက်လျက်ရှိကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးဇော်ဝင်းထွန်းက ရှင်းပြသည်။

လယ်ယာကဏ္ဍ ပြောင်းလဲခြင်းလုပ်ငန်းဆောင်ရွက်ရာတွင် လုပ်ငန်းခွင်ကျွမ်းကျင်လုပ်သားများလည်း မရှိမဖြစ်လိုအပ်လျက်ရှိကြောင်း၊ လယ်ယာလုပ်သား စံပြမောင်မယ်များပေါ်ထွန်းလာစေရန် ၂၀၁၂-၂၀၁၃ ခုနှစ်မှစတင်၍ စပ်မျိုးစပါးမျိုးစေ့ထုတ်လုပ်ငန်း၊ ခေတ်မီသိပ္ပံနည်းကျ စိုက်နည်းစနစ်အသုံးပြုစံပြစိုက်ခင်းများတွင် ကျွမ်းကျင်လုပ်သားများဖြစ်အောင် စနစ်တကျလေ့ကျင့်ပေးလျက်ရှိကြောင်း၊ ကောက်စိုက်စက်ဖြင့် စိုက်ပျိုးခြင်းလုပ်ငန်းများတွင်လည်း ကျွမ်းကျင်စွာစိုက်ပျိုးဆောင်ရွက်နိုင်ရန် လေ့ကျင့်ပေးခဲ့ကြောင်း ၎င်းက ဆက်လက်ရှင်းပြသည်။

ပုလဲသွယ် စံပြစိုက်ခင်းမှ ရိတ်သိမ်းခြွေလှေ့စက်များဖြင့် ရိတ်သိမ်းခြွေလှေ့ခဲ့ရာ ဗီယက်နမ်ပုလဲသွယ် တစ်ဧကအထွက်နှုန်း (အစို) ၁၈၁ ဒသမ ၄၃ တင်း၊ (အခြောက်) ၁၆၀ ဒသမ ၁၀ တင်း၊ ပုလဲသွယ်ဘာစမာတီ တစ်ဧကအထွက်နှုန်း (အစို) ၁၁၅ ဒသမ ၆၉ တင်း၊ (အခြောက်) ၁၀၅ ဒသမ ၂၈ တင်း ထွက်ရှိကြောင်း သိရသည်။

ညောင်ရွှေမြို့နယ်တွင် ၂၀၁၄-၂၀၁၅ ခုနှစ် မိုးစပါးစိုက်ပျိုးရာသီတွင် လယ် ၁၀,၂၃၃ ဧက၊ ယာ ၆၀၇၈ ဧက၊ တောင်ယာ ၂၄၀ ဧက စိုက်ပျိုးနိုင်ခဲ့ပြီး ရွှေရင်အေး ၆၄၅၁ ဧက၊ ဆင်းရွှေဝါ ၁၁၀၆ ဧက၊ ရွှေဝါထွန်း ၁၁၈၉ ဧက၊ ပုလဲသွယ် ၁၄၈၇ ဧက စိုက်ပျိုးနိုင်ခဲ့ကြောင်း သိရသည်။ **နေမျိုးသူရိန်**

# ဥပဒေဆိုင်ရာ အသိပညာပေး ဟောပြော

**ချောင်းဆုံ၊ နိုဝင်ဘာ ၁၇**

ချောင်းဆုံမြို့နယ်၊ ကရင်ဝင်းစိန်ကျေးရွာ အုပ်ချုပ်ရေးမှူးရုံးအစည်းအဝေးခန်းမတွင် နိုဝင်ဘာ ၁၅ ရက် နံနက် ၁၀ နာရီက ကျေးရွာနေပြည်သူများအား ဥပဒေဆိုင်ရာ အသိပညာပေးဟောပြောပွဲကို ကျင်းပခဲ့ကြောင်း သိရသည်။

ဥပဒေအရာရှိ ဦးမျိုးမင်းဇော်က ဥပဒေပြစ်မှု၊ ပုဒ်မဆိုင်ရာနှင့် မူးယစ်ဆေးဝါးသုံးစွဲမှုအကြောင်း ပြောကြားပြီး ရဲအုပ်တင်မျိုးဇော်က ယာဉ်စည်းကမ်းထိန်းသိမ်းရေးနှင့်ပတ်သက်သည့် အကြောင်းအရာများ ပြောကြားခဲ့သည်။

ယင်းနောက် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးအရာရှိ ဒေါ်မိသူဇာက စံညီစာကြည့်တိုက်ဖြစ်ပေါ်လာရေးအကြောင်းအရာများ ပြောကြားပြီး တက်ရောက်လာကြသူများက မရှင်းလင်းသည်များ ပြန်လည်မေးမြန်းခဲ့ရာ တာဝန်ရှိသူများက ပြန်လည်ဖြေကြားခဲ့သည်။

ယင်းနောက် တက်ရောက်လာသူများသည် မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်ရေး နံရံကပ်ပြကွက်များအား ကြည့်ရှုခဲ့ကြသည်။ **ထူးအိမ်(ပြန်/ဆက်)**

## အထူးဝမ်းမြောက်စွာ ဆုမွန်ကောင်းတောင်းခြင်း

ကိုဝင်းလွင်ဦး Managing Director (a.g.o.p Co.,Ltd & Beaver Group) ၏ ချစ်ဇနီး မညိုမီဆွေမြင့် Director (Tiger Supply Co.,Ltd) မှ ၁၄-၁၁-၂၀၁၄ ရက် (သောကြာနေ့) တွင် ပန်းလှိုင်ဆေးရုံ၌ ဒုတိယသားရတနာလေးကို ဆရာမကြီး ဒေါက်တာဒေါ်ခင်သိန်းဦးဖြင့် အောင်မြင်စွာ မွေးဖွားပေးခြင်းအား MD နှင့်၊ ကုမ္ပဏီဝန်ထမ်းများမှ အထူးဝမ်းမြောက်ပါကြောင်းနှင့် နောင်နှစ်ပေါင်းများစွာတိုင် ချမ်းသာကျန်းမာပြီး အသိဉာဏ်ပညာနှင့် ပြည့်စုံသော သားကောင်းရတနာဖြစ်ပါစေကြောင်း ဆုမွန်ကောင်းတောင်းလိုက်ပါသည်။

MD နှင့်
ရန်ကုန် Tiger Supply Co.,Ltd မှ ဝန်ထမ်းများ
မန္တလေး Tiger Supply Co.,Ltd မှ ဝန်ထမ်းများ
နေပြည်တော် Tiger Supply Co.,Ltd မှ ဝန်ထမ်းများ

ကျန်းမာရေးဆောင်းပါး

# သွေးတိုးရောဂါရှိသူများ ဆောင်းရာသီမှာ သတိထားစရာ

**à lunf(Bifk)**

သွေးတိုးရောဂါသည် ပူလွန်းသောရာသီနှင့်လည်း မသင့်၊ အေးလွန်းသောရာသီနှင့်လည်းမသင့်သော ရောဂါမျိုးဖြစ်သည်။ ပူလွန်းလျှင် အပူဒဏ်ကြောင့် သွေးကြောများ ကျယ်ပြန့်ကာ သွေးလျှံပွလာပြီး ဦးနှောက်သို့ သွေးဆောင့်၍ တိုးကာ မူးလဲတတ်သည်။ အေးလွန်းလျှင်လည်း သွေးကြောများ ကျုံ့ပြီးမာကျစ်ကာ သွေးဖိအားတက်လာသည်။ သွေးမရောက်သော အစွန်အဖျားနေရာများသို့ သွေးရောက်စေရန် နှလုံးမှပို၍ညှစ်ရာမှ သွေးဖိအားတက်လာခြင်းဖြစ်သည်။ ထို့ကြောင့် လူကြီးများ ဆောင်းရာသီတွင် သွေးပေါင်ချိန် အနည်းငယ်ပိုတက်လေ့ရှိသည်မှာ ရောဂါမဟုတ်ပေ။

ဆောင်းတွင်း နံနက်စောစော ကျုံးနံဘေးတွင် လမ်းလျှောက်နေကျ လူကြီးတစ်ဦးသည် ခေါင်းမူးလာသဖြင့် အိမ်ပြန်လာပြီးနောက် သမီးဖြစ်သူ ဆရာဝန်မက သွေးပေါင်ချိန်ကြည့်သောအခါ သွေးပေါင်ချိန်တက်နေကြောင်း တွေ့ရသည်။ အအေးပတ်ပြီး သွေးတိုးလာခြင်းဖြစ်သည်။ ထိုသူသည် အင်္ကျီလက်ရှည်ဝတ်ထားပြီး အပေါ်မှ ကုတ်အင်္ကျီထပ်ဝတ်ထားသေးသည်။ သူ၏အဓိကချို့ယွင်းချက်မှာ အင်္ကျီလည်ပင်း ကြယ်သီးဖွင့်ထားခြင်းကြောင့်ဖြစ်သည်။ သတိမမူဂူမမြင်ဆိုသောစကားအတိုင်း အနွေးထည်ဝတ်ထားသဖြင့် လုံခြုံပြီဟု ထင်ကြသော်လည်း လည်ပင်းဖွင့်ထားသောအခါ လည်ပင်းဘေးနှစ်ဖက်ရှိ ဦးနှောက်အထိ သွေးပို့သော သွေးကြောကြီးနှစ်ချောင်းမှာ အအေးပတ်ပြီး ကျုံ့လာသည်။ ထိုအခါ ဦးနှောက်သို့ သွေးအရောက်နည်းသွားသည်။ နှလုံးက သွေးပိုရောက်စေရန် ပို၍ညှစ်ပေးသည်။ ထို့ကြောင့် သွေးပေါင်ခေါ် သွေးဖိအားတက်လာရခြင်းဖြစ်သည်။ ရှေးခေတ်ကလူကြီးများ လမ်းလျှောက်ထွက်ကြသောအခါ အပေါ်က ကုတ်အင်္ကျီနှင့် အောက်ပိုင်းက ပုဆိုးနှင့်၊ ရှူးဖိနပ်နှင့်၊ လက်တွင် တုတ်ကောက်ကိုင်ထားကာ၊ ထူးခြားချက်မှာ လည်ပင်းတွင် မာဖလာပတ်ထားကြသည်။ ဦးခေါင်းတွင် နှင်းမကျစေရန် ဦးထုပ်တစ်လုံးကို ဆောင်းထားသည်။ ဤသည်ကို ရှေးက ‘ဗိုလ်အောင်ဒင်စတိုင်လ်’ဟု ခေါ်ကြသည်။ ဤဝတ်စားဆင်ယင်မှုမှာ ကျန်းမာရေးရှုထောင့်မှကြည့်လျှင် အမှန်ကန်ဆုံးဖြစ်သည်။ တုတ်ကောက်ပါသဖြင့် ရုတ်တရက်လဲကျမှာလည်း မပူရ။ လည်ပင်းတွင် မာဖလာပတ်ထားသဖြင့် လည်ပင်းသွေးကြောများအအေးပတ်ပြီး သွေးတိုးမှာလည်း မပူရသောစတိုင်လ် ဖြစ်ပေသည်။

အဝတ်ပြီးလျှင် အစားဘက်သို့သတိပြုရမည်။ ဆောင်းရာသီမှာ ကိုယ်တွင်းအပူငုပ်သောရာသီ၊ ချွေးမထွက်သောရာသီဖြစ်သဖြင့် ဝမ်းတွင်းပူပြီး ဆာလောင်တတ်သည်။ အစားများလျှင် အစာမကြေဖြစ်တတ်သည်။ အစာကို နည်းနည်းနှင့် အကြိမ်များများစားရမည်။ နှစ် နာရီ၊ သုံး နာရီ တစ်ကြိမ်ခန့် အစာစားပေးလျှင် သင့်သည်။ ကောက်ညှင်းပေါင်း၊ ကောက်ညှင်းထုပ်၊ ဆန်စေး၊ ရှမ်းဆန်များကို သင့်ရုံသာ စားသင့်သည်။ အစားများသွားသည်ဟုထင်လျှင် စားပြီးလျှင် ရေနွေးကြမ်းတွင် ဆားလှော်အနည်းငယ်မျှ ထည့်၍သောက်လျှင် အစာကြေပြီး လေလည်းကြေစေနိုင်သည်။ နေ့လယ်စာစားပြီးလျှင် ထန်းလျက်ခဲစားခြင်းဖြင့်လည်း အစာကြေစေနိုင်ပါသည်။

ဝမ်းတစ်လုံးကောင်းလျှင် ခေါင်းတစ်လုံးမခဲဟူသော စကားသည် ရိုးနေပြီဟု ထင်ရသော်လည်း အလွန်မှန်ကန်သောစကားဖြစ်သည်။ ဆောင်းဥတုတွင် ဝမ်းချုပ်လျှင် အပူအထက်ပြန်ပြီး နှုတ်ခမ်းကွဲ၊ အာခေါင်ခြောက်ပြီး သွားနာ၊ သွားဖုံးနာ၊ အာသီးရောင်နာရောဂါများ ဖြစ်တတ်သည်။ ဝမ်းမချုပ်စေရန် သုံးရက်လျှင်တစ်ကြိမ်ခန့် မန်ကျည်းမှည့်နှင့် ဆားခါးကို တေဆေးပြုလုပ်၍စားခြင်း၊ သို့မဟုတ် မန်ကျည်းမှည့်အနှစ်ကို ထန်းလျက်နှင့်ဆားအနည်းငယ် ထည့်စိမ်ပြီး ညအိပ်ရာဝင်ခါနီးအချိန်တွင် သောက်ပေးခြင်းဖြင့် ဝမ်းမှန်ကာ ကျန်းမာစေနိုင်သည်။

ဝမ်းချုပ်ခြင်းသည် သွေးတိုးတက်စေခြင်း၏ အကြောင်းရင်းခံဖြစ်သည်ကို ဆေးပညာရှင်များစွာက သတိပြုမိလာကြသဖြင့် မိမိ၏လူနာများကို ဝမ်းမှန်စေသည့်ဆေးကိုပါ တွဲဖက်၍ ပေးလေ့ရှိသည်။ မာသောအစာ၊ ကောက်ညှင်းကဲ့သို့ အစာကြေခဲသောအစာများကြောင့် အူမကြီး၏အဆုံးတွင် ပိတ်မိကာ စမျင်းခံပြီး မအီမလည်ဖြစ်သလိုခံစားနေရသူများကို သွေးပေါင်ချိန်ကြည့်သောအခါ သွေးတိုးနေသည်ကို တွေ့ရသည်။ ထိုသွေးတိုးသည် ရောဂါကြီးရှိ၍ မဟုတ်။ လတ်တလောဝမ်းချုပ်ခြင်းကြောင့် ဖြစ်ရသောယာယီသွေးတိုးမျှသာ ဖြစ်သည်။ ဝမ်းသွားအောင် ဝမ်းနုတ်ပေးခြင်း၊ လိုအပ်လျှင် ဝမ်းချုပေးခြင်းဖြင့် သွေးတိုးကျသွားအောင် ဆောင်ရွက်ပေးနိုင်ပေသည်။

ဆောင်းဥတုတွင် ဝမ်းတွင်း၌ အပူငုပ်ပြီး အပြင်သို့ကန်ထွက်စရာ ချွေးထွက်ခြင်းမရှိသဖြင့် ဆီးသွားခြင်းဖြင့် အပူကိုထုတ်ရသည်။ ဆောင်းတွင် ဆီးမကြာခဏသွားရခြင်းသည် အပြစ်မရှိပေ။ ရောဂါလည်း မဟုတ်ပေ။ သဘာဝက ဤသို့သွားအောင်ပြုခြင်းဖြစ်သည်။ ဝမ်းတွင်းအပူများသဖြင့် ရေများများသောက်သင့်သည်။ အထူးသဖြင့် နံနက်အိပ်ရာထချိန်နှင့် ညအိပ်ရာဝင်ချိန်များတွင် ရေများများသောက်သင့်သည်။ ရေသောက်နည်းလျှင် ဆီးသွားနည်းမည်။ ဆီးသွားနည်းလျှင် ကျောက်ကပ်တွင် အပူအောင်းပြီး သွေးတိုးတက်လာလေ့ရှိသည်။ အချို့သွေးတိုးတတ်သော သက်ကြီးရွယ်အိုများကို ဆရာဝန်များက သွေးတိုးကျဆေးအပြင် ဆီးဆေးကိုပါ ထည့်ပေးလေ့ရှိသည်ကို တွေ့ရသည်။

လေချုပ်ခြင်းကြောင့်လည်း သွေးတိုးတတ်သည်။ အနောက်တိုင်းဆေးပညာနှင့် ဆရာဝန်များသည် လေလည်သည် မလည်သည်ကို မေးလေ့မရှိသော်လည်း ရှေးမြန်မာသမားတော်ကြီးများသည် လေလည်မလည်ကို လူနာကို စစ်မေးလေ့ရှိသည်။ လေချုပ်ခြင်းကြောင့် နေထိုင်မကောင်းဖြစ်နိုင်သည်ဟု အာယုဗေဒဆေးကျမ်းများတွင်လည်း တွေ့ရသည်။ အာယုဗေဒဆေးပညာတွင် လေငါးမျိုးရှိရာ ‘အပါနလေ’ သည် အစာဟောင်းအိမ်၌တည်ရှိပြီး ခါး၊ ပေါင်မှ အောက်ပိုင်းသို့ သွေးစီးဆင်းမှုကို တွန်းအားပေးတတ်သောလေ ဖြစ်သည်။ ဝမ်းချုပ်၍ ထိုလေပျက်သောအခါ အောက်ပိုင်းသို့ သွေးအသွားအလာမကောင်းတော့သဖြင့် သွေးသည် အထက်သို့ဆန်တက်ကာ သွေးတိုးရောဂါကို ဖြစ်စေနိုင်ပေသည်။ သွေးတိုးရောဂါကို ကာကွယ်ရန်အတွက် လေချုပ်မည့်အစာများကို အထူးသတိပြု ရှောင်ကြဉ်သင့်သည်။ တညင်းသီး၊ ဖန်ခါးသီး၊ မာလကာသီး၊ သဖန်းသီး၊ သစ်ဆိမ့်သီး၊ အာလူး၊ လက်ဖက်၊ ကောက်ညှင်းဆန်၊ ဘဲသား၊ ပုစွန်၊ ကဏန်း စသည်တို့သည် လေချုပ်စာများဖြစ်သည်။

ဆီး၊ ဝမ်း၊ သွေး၊ လေ ဓာတ်လေးပါးညီညွတ်နေလျှင် လူတိုင်းကျန်းမာနေမည်သာ ဖြစ်သည်။ ထိုဓာတ်လေးပါးကိုလည်း အရမ်းမဲ့ညှိ၍မရ။ ရိုးရာဆေးပညာက ဓာတ်လေးပါးမသိ ဥတုနှင့်ညှိဟုဆိုသဖြင့် ဆောင်းတွင် ဆောင်းဥတုနှင့်ညှိပြီး လေမချုပ်၊ သွေးမချုပ်၊ ဆီးမချုပ်၊ ဝမ်းမချုပ်သောဓာတ်စာ၊ ဆေးဝါးကိုပေးမှသာ ကျန်းမာရေးနှင့်ညီညွတ်မည်ဖြစ်သည်။

သွေးတိုးရောဂါသည် မြန်မာဆေးပညာအလိုအရ လေတိုးရောဂါပင်ဖြစ်သည်။ ထိုလေသည် အပူငုပ်သောဆောင်းရာသီတွင် ကိုယ်တွင်း၌လှည့်လည်နေရာမှ အောက်သို့မစုန်မသက်ဘဲ အထက်သို့ဆန်တက်လျှင် သွေးတက်လာသည်ကို သတိပြုဆင်ခြင်နိုင်စရာ ရေးသားတင်ပြရခြင်းဖြစ်သည်။ အအေးပတ်ခြင်းကြောင့်လည်း လေသည် ကိုယ်တွင်းမှ အပြင်သို့မထွက်နိုင်ဘဲ အတွင်းမှာလှည့်မွှေကာ ဒုက္ခပေးတတ်သည်။ လေအေးမှ လေပူဖြစ်ကာ အထက်သို့ကန်တက်တတ်သဖြင့် သွေးတိုးရောဂါရှိသူများ ဦးနှောက်သွေးကြောပြတ်ကာ လဲကျတတ်သည်ကို တွေ့ရသည်။ သက်ကြီးရွယ်အိုများတွင် သွေးကြောပိုက်လိုင်းများ ဆွေးမြည့်ပြီဖြစ်သဖြင့် လူငယ်များနှင့်မတူ အအေးမပတ်အောင် ပိုပြီးသတိရှိဖို့လိုသည်။

အချုပ်အားဖြင့် သွေးတိုးရောဂါရှိသူများသည် ဆောင်းရာသီတွင် ဆင်ခြင်စရာများမှာ -

၁။ အပြင်ထွက်လျှင် အဝတ်ထူထူဝတ်ဆင်ပါ၊ အင်္ကျီလည်ပင်းကို ဖွင့်မထားပါနှင့်၊ ဖြစ်နိုင်လျှင် မာဖလာပတ်ထားပါ။

၂။ ဝမ်းမချုပ်ပါစေနှင့်။ နေ့စဉ်ဝမ်းမှန်အောင် အသီးအနှံစားပါ။ ရေများများသောက်ပါ။ လမ်းလျှောက်ပေးပါ။

၃။ မာကြောသောအစာ၊ အစာကြေခဲသောအစာများကို မစားပါနှင့်။ အစာကို နည်းနည်းနှင့် အကြိမ်များများစားသင့်ပါသည်။

၄။ လေချုပ်စေသောအစာ၊ ဆားအငန်များသောအစာ၊ အပုပ်ခံထားသောအစာ၊ အချဉ်ဖောက်ထားသောအစာများကို ရှောင်ကြဉ်ပါ။

၅။ နံနက်စောစောရေချိုးခြင်း၊ ညနေနှင့်ညပိုင်းတွင် ရေချိုးခြင်းကို လုံးဝရှောင်ကြဉ်ပါ။ နေ့လယ်နေအလင်းရောင်ရှိသော အချိန်တွင်သာရေချိုးပါ။

၆။ နေရောင်ခြည်ရအောင် နေ့စဉ်နေထိုင်ပါ။ နေရောင်ခြည်မဝင်သောအခန်းတွင် အိပ်စက်ခြင်းကို ရှောင်ကြဉ်ပါ။ အိပ်ယာ၊ စောင်များကို တစ်ပတ်လျှင် တစ်ကြိမ်ခန့် နေလှန်းပေးပါ။

သွေးတိုးရောဂါသည် သတိပြုနေထိုင်လျှင် သက်တမ်းစေ့နေနိုင်ပါသည်။ သတိမပြုဘဲ အနေအထိုင် အစားအသောက်များလျှင် လေဖြတ်ခြင်း၊ ဦးနှောက်သွေးကြောပေါက်ခြင်းတို့ကြောင့် မစွမ်းမသန်ဘဝရောက်ခြင်း၊ အသက်ဆုံးရှုံးခြင်းတို့ဖြစ်နိုင်သဖြင့် အထူးသတိပြုစေလိုသည်။

## မြင်းခြံခရိုင် တောင်သာမြို့နယ် အမှတ်(၅) ရေကျော်ရပ်ကွက်အတွင်း စတုတ္ထအကြိမ်မြောက် သက်ကြီးပူဇော်ပွဲအခမ်းအနား ကျင်းပ

**တောင်သာ၊ နိုဝင်ဘာ ၁၇**

မန္တလေးတိုင်းဒေသကြီး၊ မြင်းခြံခရိုင်၊ တောင်သာမြို့နယ်၊ အမှတ်(၅) ရေကျော်ရပ်ကွက်အတွင်းရှိ စတုတ္ထအကြိမ်မြောက် သက်ကြီးပူဇော်ပွဲအခမ်းအနားကို နိုဝင်ဘာ ၁၄ ရက် ညနေ ၄ နာရီက ရေကျော်ဓမ္မာရုံ၌ ကျင်းပခဲ့ကြောင်း သိရသည်။

အဆိုပါ သက်ကြီးပူဇော်ပွဲအခမ်းအနားသို့ ကန်တော့ခံအဘိုး ခြောက်ဦး၊အဘွား ၁၂ ဦးနှင့် သက်ကြီးပူဇော်ပွဲဖြစ်မြောက်ရေးကော်မတီဝင်များနှင့် စေတနာရှင်ပြည်သူများ တက်ရောက်ခဲ့ကြသည်။

အဆိုပါအခမ်းအနားသို့ ရေကျော်ရပ်ကွက်အတွင်းရှိ စေတနာရှင်ပြည်သူများက ကန့်တော့ခံအဘိုး၊ အဘွားများအား လက်အုပ်ချီမိုး ကန်တော့ခဲ့ကြပြီး သက်ကြီးပူဇော်ပွဲဖြစ်မြောက်ရေးကော်မတီဝင်များက ဆောင်ရွက်ထားရှိမှုအခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် အဘိုး၊ အဘွားများကိုယ်စား သက်ကြီးပူဇော်ပွဲဖြစ်မြောက်ရေးကော်မတီဥက္ကဋ္ဌ ဦးမောင်အေးက သက်ကြီးပူဇော်ပွဲကျင်းပရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားခဲ့သည်။

ယင်းနောက် သက်ကြီးပူဇော်ပွဲတွင် ကန်တော့ခံအဘိုး၊ အဘွားတစ်ဦးလျှင် ဂွမ်းစောင်၊ တဘက်၊ ရေခွက်၊ ဆပ်ပြာမွှေးနှင့် ဆပ်ပြာမှုန့်၊ ဆေးမျိုးစုံ၊ လုံချည်နှင့် ပဲဆီသန့်တစ်ဘူး စုစုပေါင်းတန်ဖိုးငွေကျပ် ၃၆၀၀၀၀ ဖြင့် ပူဇော်ကန်တော့ခဲ့ကြကြောင်း သိရသည်။

**ကျော်မျိုးနိုင်(တောင်သာ)**




### ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ်(၄)ရပ်ကွက်၊ အကွက်အမှတ်(ဃ-၁)၊ ဦးပိုင် အမှတ်(၇၇)၊ ၆၄×၆၅လမ်းကြား၊ မနော်ဟရီ×စိန်ပန်းလမ်းကြား ရှိ ဒေါ်အေးအမည်ဖြင့် ချထားပေး သောမြေကွက်အား ဒေါ်စောထွေးဝင်း[၉/မရမ(နိုင်)၀၀၂၆၄၂]မှ ဦးပိုင်-၇၇ (ခဲစင်း) တောင်ဘက် ခြမ်းအားမြေ ဖိုးပေးသွင်းပြီး ပြေစာပျောက်ဆုံး၊ ဒဏ်ကြေးပြေစာ၊ တရားရုံးကျမ်းကျိန်ချက်၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူးရုံး၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး ထောက်ခံချက်များတင်ပြ၍ အခွန်ပေးဆောင်ရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန်နှင့် ဂရန်သစ် အမည်ပြောင်း ဦးပိုင်ခွဲ၊ အမှုတွဲဖွင့်လှစ်ခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ

### ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ်(၃)ရပ်ကွက်၊ အကွက်အမှတ်(င-၃)၊ ဦးပိုင်အမှတ်(၃၀)၊ ၆၂×၆၃ လမ်းကြား၊ခိုင်ရွှေဝါ×ဇလပ်ဝါ လမ်းကြားရှိ ဦးညွန့်ဝေ အမည်ဖြင့် ချထားပေးသော မြေကွက်အား ဦးသိုက်ဝင်း[၉/မရမ(နိုင်)၀၇၂၈၁၈]မှ မြေကွက်သစ်နေရာချထားရေးငွေရပြေစာ၊ မြေဖိုး၊ လမ်းဖိုး၊ ပေးသွင်းခြင်းငွေရပြေစာ၊ တရားရုံးကျမ်းကျိန်ချက်၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူးရုံး၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး ထောက်ခံချက်တင်ပြ၍ အခွန်ပေးဆောင်ရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန်နှင့် ဂရန်သစ်အမည်ပြောင်း ဦးပိုင်ခွဲ၊ အမှုတွဲဖွင့်လှစ်ခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ

### ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

မရမ်းကုန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် -၂၇/သမိုင်း၊ မြေကွက်အမှတ်-၂/က၅/၁၊ ၂/က၅/၂၊ ၂/က၅/၃၊ ၂/က၅/၄၊ ၂/က၅/၅၊ ၂/က၅/၆၊ ၂/က၅/၇၊ မြေကွက်တည်နေရာအမှတ်(၁စ)၊ သီတာလမ်းသွယ်၊ သံလွင်သစ်ခွဥယျာဉ်လမ်း၊ (၆)ရပ်ကွက်၊ (၇)မိုင်ခွဲ၊ မရမ်းကုန်း၊ (ဗိုလ်မှူးသိန်းထွန်း၊ ဒေါက်တာဒေါ်ခင်ဦးမေ)အမည်ပေါက် Bမြေပိုင်မြေ၊ အိမ်ရာမြေအား အမည်ပေါက်တစ်ဦးဖြစ်သူ ဗိုလ်မှူးသိန်းထွန်းမှာ ၁၂-၄-၂၀၁၃ရက်တွင် ကွယ်လွန်သွားပါသဖြင့် ကျန်အမည်ပေါက်တစ်ဦးဖြစ်ပြီး၊ ဇနီးဖြစ်သူ ဒေါက်တာဒေါ်ခင်ဦးမေ[၁၂/လမန(နိုင်)၀၆၄၇၁၁]မှ တစ်ဦးတည်းသော ဇနီး ဖြစ်ကြောင်း ကျမ်းကျိန်လွှာ၊ သေစာရင်းတို့တင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းနှင့် အပိုင်ပေးစာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

### ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒေါပုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၄/မြို့သစ်)၊ မြေကွက်အမှတ် (၂၇၂)၊ မြေကွက်တည်နေရာအမှတ်-၁၈၊ ဇေယျာသီရိလမ်း၊ မြို့သစ်ရပ်ကွက်၊ ဒေါပုံမြို့နယ် ဒေါ်ခင်သန်းဋ္ဌေး[၁၂/ဥကမ(နိုင်)၁၁၅၄၈၈] အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား ဒေါပုံမြို့နယ် တရားရုံး တရားမကြီးမှုအမှတ်-၁၁၉/၂၀၁၄၊ တရားလို ဒေါ်အေးသန်းက တရားပြိုင် ဒေါ်ခင်သန်းဋ္ဌေးအပေါ် မြေနှင့်အိမ်အား အရောင်းအဝယ်မှတ်ပုံတင်စာချုပ် ချုပ်ဆိုပေးစေလိုမှုစွဲဆိုရာ အရောင်း အဝယ်ပြုလုပ်သည့်စာချုပ်အား မှတ်ပုံတင်စာချုပ်ချုပ်ဆိုပေးစေရန် ချမှတ်သည့် ၁၁-၈-၂၀၁၄ရက်စွဲပါ စီရင်ချက်နှင့်ဒီကရီ၊ တရားမဇာရီမှုအမှတ် (၁၁၉/ ၂၀၁၄) အမိန့်တို့တင်ပြလျက် တရားရှုံး(ဒေါ်ခင်သန်းဋ္ဌေး)ကိုယ်စား တရားရုံး ဘီးလစ်ဒေါ်မင်းမင်းကြိုင်[၉/ခမစ(နိုင်)၀၀၄ ၆၂၁]မှ အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသော အထောက်အထားများတင်ပြ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါရန်နှင့် ကန့်ကွက်မှုမရှိပါက ဌာန၏ လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ဖတ်စရာ

# ပလိပ်တွင် ရှေးဟောင်းစေတီပုထိုးပေါင်း ၂၃၅ ဆူခန့်ရှိသည့်အနက် နဂါးရုံဘုရားတွင် နံရံဆေးရေးပန်းချီများ နှင့် ထူးခြားသောဗိသုကာလက်ရာများကို လေ့လာနိုင်



**à wdvref**

မြို့ပုဂံ ရွာပလိပ်ဟုသော စာဆိုနှင့်အညီ စေတီပုထိုးလက်ရာမျိုးစုံပေါများသောရွာကို ပြပါဆိုလျှင် မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင် စဉ့်ကိုင်မြို့နယ်အတွင်းရှိ ပလိပ်ရွာကို ပြရမည်ဖြစ်သည်။ ပလိပ်ရွာသည် ရှေးယခင်ဘုရင်မင်းများလက်ထက်တွင် စည်ပင်သာယာခဲ့သော မြစ်ဆိပ်ကမ်းရွာလေးပင်ဖြစ်သည်။ ပလိပ်သည် အမရပူရခေတ်တွင် အစည်ကားဆုံးဖြစ်ခဲ့သည်ဟုဆိုနိုင်သည်။

ရှေးခေတ်ရေကြောင်းအားထားချိန်တွင် ပလိပ်သည် မြစ်ငယ်မြစ်ဘေးတွင်တည်ရှိပြီး မြစ်ငယ်မြစ်ကို ဖြတ်သန်းကာ အင်းဝ၊ အမရပူရ၊ မန္တလေးနှင့် အခြားဒေသများအထိပါ ကုန်စည်ကူးသန်းရောင်းဝယ်ခဲ့သည့်နေရာပင် ဖြစ်သည်။

ပလိပ်သည် ရှမ်းကုန်းပြင်မြင့်မှ ရှမ်းကုန်သည်များ၊ မြေလတ်ပိုင်းမှကုန်သည်များ ကုန်စည်ဖလှယ် ရောင်းဝယ်ရာနေရာဖြစ်သည်နှင့်အညီ စေတီပုထိုးများစွာကို တည်ထားကိုးကွယ်ခဲ့သည်။ စေတီများမှာ ဘုရားဝင်းတစ်ခုအတွင်း စေတီတစ်ဆူတည်း တည်ထားခြင်းမျိုးမဟုတ်ဘဲ ဘုရားဝင်းတစ်ဝင်းထဲတွင် စေတီပုထိုးများစွာကို နေရာလပ်မရှိ တည်ထားသည်။ စေတီပုထိုးလက်ရာများစွာရှိပြီး အထူးသဖြင့် အင်းဝခေတ်လက်ရာများနှင့် အမရပူရခေတ်လက်ရာများကို တွေ့မြင်နိုင်သည်။ ရှမ်းဒေသလက်ရာဖြစ်သော နီးဘုရားရှိပြီး ပြန်လည်မွမ်းမံထားကာ လူသိနည်းလှသည်။

ပလိပ်တွင် ထူးဆန်းသောခလေ့များဖြင့် ပူဇော်ဆုတောင်းသည့် စေတီများ အုတ်သိမ်များစွာကို တွေ့နိုင်သည်။ ဗုဒ္ဓရုပ်ပွားတော်ရှေ့တွင် အင်္ဂတေကျင်းဝိုင်းတစ်ခုထားရှိသည်။ ယခင်က ဘုရားဖူးများသည် ထိုကျင်းကို ပါလာသည့်တဘက်တို့ဖြင့်အုပ်ကာ ဗုံတီးပြီး ဆုတောင်းခြင်းကို ပြုလုပ်ကြသဖြင့် ဗုံတီးဘုရားဟု လူသိများသည်။ ဗုံတီးဘုရား နီးဘုရားကို ကျောက်တုံးကျောက်သားများဖြင့် တည်ဆောက်ပြီး အုတ်တစ်ခုမှမပါသောစေတီ၊ နှစ်ထပ်ဘုရားဟု လူသိများသည့် ဗုဒ္ဓရုပ်ပွားတော် နှစ်ထပ်ထုလုပ်ထားသော ဘုရားများနှင့် အခြားထူးခြားသောလက်ရာမျိုးစုံကို တွေ့မြင်နိုင်သည်။

ပလိပ်တွင် မူလကစေတီပုထိုးပေါင်း ၅၀၀ နီးပါးရှိပြီး သဘာဝဘေးအန္တရာယ်များကြောင့် ယိုယွင်းပျက်စီးကာ လက်ရှိတွင် ရှေးဟောင်းစေတီပုထိုးပေါင်း ၂၃၅ ဆူခန့်သာ ရှိသည်။ ထိုစေတီပုထိုးဟောင်းများထဲတွင် အမရပူရမြို့ရှိ မြန်မာဗိသုကာလက်ရာစံပြု နဂါးရုံဘုရားနည်းတူ မြန်မာဗိသုကာစံပြု နဂါးရုံဘုရားတစ်ဆူ တည်ရှိသည်။ နဂါးရုံဘုရားအတွင်းတွင် ရှေးဟောင်းနံရံဆေးရေးပန်းချီလက်ရာများ ရှိသည်။ နဂါးရုံဘုရားအဝင်တွင် လမ်းသဖွယ် ပြုလုပ်ထားပြီး ထိုလမ်းဘေးဝဲယာတွင် ဗုဒ္ဓရုပ်ပွားတော်များထားရှိသလို ဥယျာဉ်သစ်ပင်တန်းကလေးပင် ပြုလုပ်ထားသည်။

ထူးခြားသောလက်ရာမျိုးစုံနှင့် စေတီပုထိုးများစွာကို ဗန်းမော်ကျောင်းတိုက်အတွင်းတွင် နေရာလပ်မရှိ တည်ထားသည်။ ယခုအခါ ပလိပ်အားရှေးဟောင်းဇုန်တစ်ခုအဖြစ် သတ်မှတ်ထားသည်။ လှပသော ကနုတ်လက်ရာများ၊ ရှေးဟောင်းအုတ်သိမ်များ၊ ထူးခြားသောလက်ရာမျိုးစုံနှင့် ဗုဒ္ဓရုပ်ပွားတော်မျိုးစုံကို လေ့လာဖူးမြော်နိုင်ကြောင်း သိရသည်။

# မြင်းမူမြို့နယ်အတွင်းရှိ ကျေးရွာများသို့ စွမ်းအားမြင့် A1 မီးဖိုများ ထောက်ပံ့ပေးအပ်

**မြင်းမူ၊ နိုဝင်ဘာ ၁၇**

စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့မှ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆင်းရဲမှုလျှော့ချရေး အစီအစဉ်ဖြင့် မြင်းမူမြို့နယ်အတွင်းရှိ ကျေးရွာများသို့ စွမ်းအားမြင့် A1 မီးဖိုများပေးအပ်ပွဲကို နိုဝင်ဘာ ၁၅ ရက်က မြင်းမူမြို့၊ ရွှေပြည်သစ်ခန်းမ၌ ကျင်းပခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် မြို့နယ်စီမံခန့်ခွဲမှုကော်မတီ ဥက္ကဋ္ဌ ဦးသိန်းဇော်က အမှာစကားပြောကြားပြီး မြို့နယ်သစ်တောဦးစီးမှူး ဦးစိုင်းမုန့်က ပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ သစ်တော၊ သစ်ပင်များ မပြုန်းတီးရေး၊ မီးဘေးအန္တရာယ်ကင်းဝေးစေရေးနှင့် ကာဗွန်ထုတ်လွှတ်မှုလျှော့ချရေးစသည့် ရည်ရွယ်ချက်များဖြင့် တိုင်းဒေသကြီးအစိုးရအဖွဲ့မှ စွမ်းအားမြင့် A1 မီးဖိုများကို ထောက်ပံ့ပေးခြင်းဖြစ်ကြောင်း ရှင်းလင်းတင်ပြခဲ့သည်။

ဆက်လက်ပြီး တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးသောင်းမြင့်နှင့် ဦးသိန်းဆွေတို့က ဆပ္ပကုန်းကျေးရွာနှင့် လက်ပန်ကျင်းကျေးရွာများအတွက်လည်းကောင်း၊ မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးသိန်းဇော်က ဂုံညင်းဆိပ်ကျေးရွာအတွက်လည်းကောင်း စွမ်းအားမြင့် A1 မီးဖိုများ ထောက်ပံ့ပေးအပ်ခဲ့ကြသည်။ ယင်းနောက်မြို့နယ်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ဦးလှအောင်က ဂရုကျေးရွာအတွက်လည်းကောင်း၊ မြို့နယ်သစ်တောဦးစီးမှူး ဦးစိုင်းမုန့်က မူးမန္တလေးကျေးရွာအတွက်လည်းကောင်း၊ မြို့နယ်စိမ်း/စိုဦးစီးမှူး ဦးကျော်မင်းစိုးက မဲနောကျေးရွာအတွက်လည်းကောင်း စွမ်းအားမြင့် A1 မီးဖိုများ ပေးအပ်ခဲ့ကြသည်။

အဆိုပါ စွမ်းအားမြင့် A1 မီးဖိုအလုံး ၆၅၀ ကို မြင်းမူမြို့နယ်အတွင်းရှိကျေးရွာ ၁၁ ရွာမှ အိမ်ထောင်စု ၆၅၀ အတွက် ထောက်ပံ့ပေးအပ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**ဖိုးခါး**

## အခြေခံအေရိုးဗစ် နည်းပြသင်တန်းဖွင့်ပွဲ ကျင်းပ

**ရန်ကုန်၊ နိုဝင်ဘာ ၁၇**

ရန်ကုန်မြောက်ပိုင်းခရိုင် ခရိုင်အမျိုးသမီးရေးရာအဖွဲ့နှင့် အားကစားနှင့် ကာယပညာဦးစီးကော်မတီတို့ ပူးပေါင်းပြီး အခြေခံအေရိုးဗစ်နည်းပြသင်တန်းကို နိုဝင်ဘာ ၁၀ ရက် နံနက် ၈ နာရီက အင်းစိန်မြို့နယ်၊ အ. ထ. က(၃) အောင်ဆန်းခန်းမ၌ ဖွင့်လှစ်ခဲ့ကြောင်း သိရသည်။

သင်တန်းဖွင့်ပွဲသို့ မြောက်ပိုင်းခရိုင်အတွင်းရှိ မြို့နယ်များမှ မြို့နယ်အမျိုးသမီးရေးရာဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ တက်ရောက်ကြပြီး သင်တန်းဖွင့်ပွဲတွင် မြောက်ပိုင်းခရိုင် အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်လဲ့လဲ့ဝင်းက သင်တန်းဖွင့်အမှာစကားပြောကြားကာ မြို့နယ်အားကစားနှင့် ကာယပညာဦးစီးဌာန ဦးစီးအရာရှိ ဒေါ်အေးအေးမော်က သင်တန်းဖွင့်လှစ်ရခြင်းနှင့်ပတ်သက်ပြီး ရှင်းလင်းပြောကြားခဲ့သည်။ အဆိုပါသင်တန်းသို့ မြောက်ပိုင်းခရိုင်အတွင်းရှိ အခြေခံပညာအထက်တန်း၊ အလယ်တန်းကျောင်းများမှ ကာယဆရာမ ၂၀ ဦး တက်ရောက်ကြပြီး အဆိုပါသင်တန်းဖွင့်ပွဲတွင် သင်တန်းသရုပ်ပြလေ့ကျင့်မှုများအား ခရိုင်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက ကြည့်ရှုအားပေးခဲ့ကြသည်။

သင်တန်းကာလမှာ နိုဝင်ဘာ ၁၀ ရက် မှ နိုဝင်ဘာ ၁၉ ရက်ထိ ဖြစ်ပြီး အေရိုးဗစ်နည်းပြသင်တန်းကို သင်တန်းဆရာမများအဖြစ် မြို့နယ်အားကစားကော်မတီ နည်းပြဆရာမများက သင်ကြားပို့ချကြောင်း သိရသည်။

**မြင့်ဦး(အင်းစိန်)**

**မွေးနေ့မင်္ဂလာဆုမွန်လွှာ**

**ESTHER EI MON SOE**

**Managing Director (Golden Auspicious Myanmar Travel & Tours)**

**Executive MBA (Paris Graduate School of Management)**

**Bachelor in Business Commerce**

**(Murdoch University, Australia)**

**Diploma in Tourism & Hospitality Management(Kaplan,Singapore)**

ချစ်သမီးလေး **Esther Ei Mon Soe** ၏ ၁၈-၁၁-၂၀၁၄ ရက်တွင် ကျရောက်သော (၂၄)နှစ်ပြည့်မွေးနေ့မှသည် နောင်နှစ်ပေါင်းများစွာတိုင်အောင် ကိုယ်စိတ်နှစ်ဖြာ ကျန်းမာ ချမ်းသာစွာဖြင့် ချစ်သောမိသားစုနှင့်အတူ အောင်မြင်ပျော်ရွှင်သာယာလှပသော အနာဂတ်များစွာကို ပိုင်ဆိုင်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းလျက်-

ချစ်ဖေဖေ - ဦးကျော်ကျော်စိုး
**Managing Director (System Engineering Co.Ltd)**

ချစ်မေမေ - ဒေါ်နွယ်နွယ်မင်း(ခ)မီးမီး

ချစ်မောင်လေး - ပြေစိုး@ **Michael Kyaw**
**Director (Golden Auspicious Myanmar)**

**မြန်မာနိုင်ငံအလှပြင်ပညာရှင်နှင့် Saloon ဆိုင်ပိုင်ရှင်များအတွက် အထူးအခွင့်အရေးကြီး Organixe by Chan Lone**

မည်သူမဆိုဝင်ကြေး 40000 ကျပ်ပေးသွင်းရုံဖြင့် Australia နိုင်ငံမှ ဆံပင်နှင့်ပတ်သက်သော ပညာရပ်မျိုးစုံနှင့် ဆံထုံး၊ မိတ်ကပ်ဘာသာရပ်များကို ပညာဒါနအဖြစ်လာရောက် သင်ကြားပေးမည်ဖြစ်ပါသည်။

ဘာသာရပ်များ - Hair Do, Hair Cutting, Make Up
2015 New Hair Designs

နေရာ - Ygn (Royal Rose Restaurant)
Shwe Gontaine Rood
Mdy. (Hotel Manadalay)

နေ့ရက်နှင့်အချိန် - Ygn 23.12.2014 မှ24-12-2014 ထိ၊
10:00 AM to 4:30 PM ထိ
Mdy 25.12.2014 မှ27-12-2014 ထိ၊
10:00 AM to 4:30 PM ထိ

သင်ကြားပေးမည့်ဆရာများမှာ -
- Ahkim Anthony Tan (Australia)
- Mr Oliver (switzor lang)
- Mr Molly (Singapore)

အသေးစိတ်သိရှိလိုပါက အောက်ပါ ဖုန်းနံပါတ်များသို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။09-33077733, 09-43062587

**အများသိစေရန်ကြော်ငြာ**

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၇/အရှေ့)၊ မြေကွက်အမှတ် (၉၈၆/ခ) မြေကွက်တည်နေရာ (၉၈၆/ခ) အောင်သပြေ(၁၂)လမ်း၊ ၇/အရှေ့ရပ်ကွက်၊ သာကေတမြို့နယ်၊ ဒေါ်ကျင်မြ[၁၂/သကတ(နိုင်)၀၅၈၆၇၃]အမည် ပေါက် နှစ်(၆၀)ဂရန်မြေကို အမည်ပေါက် ဒေါ် ကျင်မြကိုယ်တိုင်မှ (ဂရန်)မူရင်း ပျောက်ဆုံးကြောင်းတင်ပြ၍ ဂရန်မိတ္တူလျှောက်ထားလာခြင်းအား ဌာနမှ လုပ်ထုံးလုပ်နည်းနှင့်အညီ ဆောင်ရွက်ပြီး ကန့်ကွက်သူမရှိပါသဖြင့် ဂရန်မိတ္တူထုတ်ပေးပြီးဖြစ်၍ မူလဂရန် ထုတ်ပေးထားသည့် မြေငှားစာချုပ်အမှတ်[သကတ/၇(ရှေ့) ၁၃၁၄/၉၃]အမည်ပေါက်နှင့် နှစ်(၆၀) မြေငှားစာချုပ်(ဂရန်)မူရင်းစာအုပ်အား မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနမှ ပယ်ဖျက်ပြီးဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

**ကိုကျော်မိုးချစ်နှင့် အများသိစေရန်**

ကိုကျော်မိုးချစ်သည် ဒေါ်ခိုင်သဇင်မြင့်ထံမှ MAM Wagon MarkII ဇော်မျိုးမြင့်အမည်ပေါက် ယာဉ်အမှတ် – ရခ/၆၉၉၈ ယာဉ်အား လိုင်စင်သက်တမ်းတိုးရန်အတွက် ယာဉ်နှင့်အတူ ကားလိုင်စင်စာအုပ်မူရင်းနှင့် ငွေများရယူသွားပြီး ယခုအချိန်ထိ ယာဉ်အမှတ် (ရခ/၆၉၉၈)နှင့် ယာဉ်မှတ်ပုံတင်စာအုပ်မူရင်းကို ယာဉ်ပိုင်ရှင် ဒေါ်ခိုင်သဇင်မြင့်ထံသို့ လာရောက်အပ်နှံခြင်းမရှိသေးပါ။ ကိုကျော်မိုးချစ်နှင့် ယာဉ်လက်ဝယ်ထားရှိသူများအား ဤကြေညာသည့်နေ့မှစ၍ (၇)ရက်အတွင်း ယာဉ်နှင့်တကွ ယာဉ်မှတ်ပုံတင်စာအုပ်မူရင်းကို လာရောက်အပ်နှံပါရန် အကြောင်းကြားအပ်ပါသည်။

ဒေါ်ခိုင်သဇင်မြင့် (၁၂/ပဇတ(နိုင်)၀၀၁၀၉၆)
ဖုန်း ၀၉ ၅၀၃၈၉၅၀

**ကန့်ကွက်နိုင်ကြောင်းကြော်ငြာ**

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၆/အရှေ့၊ မြေကွက်အမှတ် (၁၁၃၀)၊ မြေကွက်တည်နေရာအမှတ် (၁၁၃၀)၊ အောင်သုခလမ်း (၂၀)၊ ၆/အရှေ့ရပ်ကွက်၊ သာကေတမြို့နယ် ဒေါ်စိန်ရီ အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် ဒေါ်စိန်ရီ(ဇနီး) ကွယ်လွန်သဖြင့် တစ်ဦးတည်းသောခင်ပွန်းဖြစ်သူ ဦးသန်း[၁၂/ သကတ(နိုင်)၀၂၉၈၉၅]ထံမှ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ်(၂၇၇၅၁/၁၄)ရသူ ဒေါ်ဝေမာထွေး[၁၂/သကတ(နိုင်)၁၂၃၆၉၇]မှ သေစာရင်း၊ ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းနှင့် အရောင်းအဝယ်စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများဖြင့် (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါရန်နှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်မည်ဖြစ်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ပြည်တွင်းရေးရာ

# လျှပ်စစ်မီးလင်းရေး ပံ့ပိုးချေးငွေပေးအပ်

**မြင်းခြံ၊ နိုဝင်ဘာ ၁၇**

မန္တလေးတိုင်းဒေသကြီး၊ မြင်းခြံမြို့နယ်၊ နတ်ထားကျေးရွာ ဓမ္မာရုံ၌ နိုဝင်ဘာ ၁၃ ရက် နံနက် ၈ နာရီတွင် ကျေးရွာလျှပ်စစ်မီးလင်းရေး ပံ့ပိုးချေးငွေပေးအပ်ပွဲအခမ်းအနား ကျင်းပခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် မန္တလေးတိုင်းဒေသကြီး စီမံကိန်းနှင့် စီးပွားရေးဝန်ကြီး ဦးအောင်ဇံက လျှပ်စစ်မီးကို ဌာနဆိုင်ရာ၏ညွှန်ကြားချက်နှင့်အညီ ရိုသေစွာသုံးစွဲကြရန်၊ သုံးတတ်လျှင်မိတ်ဆွေ မသုံးတတ်လျှင် ရန်သူဖြစ်ကြောင်း၊ ယခုပေးအပ်သော ပံ့ပိုးချေးငွေများကို မီတာတပ်ဆင်ရေးတွင် အသုံးပြုရန်ဖြစ်ပြီး၊ အခြားအပျော်အပါး လောင်းကစားလုပ်ငန်းများတွင် သုံးဖြုန်းမပစ်ရန်လိုကြောင်း၊ ချေးငွေများကိုလည်း သတ်မှတ်ကာလအတွင်း မှန်ကန်စွာပေးဆပ်သွားရန်လိုကြောင်း အမှာစကားပြောကြားရာတွင် ထည့်သွင်းပြောကြားခဲ့သည်။

ယင်းနောက် မြို့နယ်သမဝါယမဦးစီးဌာန၊ ဦးစီးအရာရှိ ဦးဇော်ဝင်းနှင့် မြို့နယ်သမဝါယမအသင်းစုဉက္ကဋ္ဌ ဦးသိန်းအောင်တို့က ပံ့ပိုးချေးငွေများရယူခြင်း၊ ပြန်လည်ပေးဆပ်ခြင်းနှင့်ပတ်သက်၍ အကျယ်တဝင့် ရှင်းလင်းပြောကြားခဲ့သည်။

ဆက်လက်၍ မြို့နယ်သမဝါယမအသင်းစုဉက္ကဋ္ဌ ဦးသိန်းအောင်က ကျေးရွာလျှပ်စစ်မီးလင်းရေးကော်မတီထံသို့ အိမ်ထောင်စု ၂၁၅ အိမ်အတွက် ပံ့ပိုးချေးငွေကျပ်သိန်း ၃၂၂ ဒသမ ၅ အား ပေးအပ်ခဲ့သည်။

ယင်းနောက် ကျေးရွာအုပ်ချုပ်ရေးမှူးက ကျေးရွာလူထုကိုယ်စား ကျေးဇူးတင်စကား ပြောကြားခဲ့ကြောင်း သိရသည်။

အခမ်းအနားသို့ မန္တလေးတိုင်းဒေသကြီး စီမံကိန်းနှင့် စီးပွားရေးဝန်ကြီး ဦးအောင်ဇံ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးထွန်းသိန်းအောင်၊ မြို့နယ်သမဝါမဦးစီးဌာန၊ ဦးစီးအရာရှိ ဦးဇော်ဝင်း၊ မြို့နယ်သမဝါယမအသင်းစု ဉက္ကဋ္ဌ ဦးသိန်းအောင်၊ ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိပုဂ္ဂိုလ်များ၊ ကျေးရွာသူ၊ ကျေးရွာသားများ တက်ရောက်ခဲ့သည်။

**ဇော်မင်းနိုင်(မြင်းခြံ)**

ရန်ကုန် တောင်ပိုင်းခရိုင် သုံးခွမြို့နယ်တွင် ရန်ကုန်မြို့တော် လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့ လျှပ်စစ်ကျွမ်းကျင်လိုင်းဝန်ထမ်းများမှ ဓာတ်အားလိုင်းများ ကြံ့ခိုင်ရေး၊ ဗို့အားပြည့်မီစွာ သုံးစွဲနိုင်ရေး၊ လျှပ်စစ်အန္တရာယ်ကင်းရှင်းရေး၊ စဉ်ဆက်မပြတ် လျှပ်စစ်မီးရရှိရေး၊ ဓာတ်အားပျောက်ဆုံးမှု လျော့နည်းစေရေးတို့ကို ဆောင်ရွက်လျက်ရှိရာ နိုဝင်ဘာ ၁၅ ရက် နံနက်က သုံးခွမြို့ အမှတ် (၁၂) ရပ်ကွက် မဥ္ဇူလမ်းတွင် အများပြည်သူ လျှပ်စစ်အန္တရာယ်ကင်းစေရေးအတွက် ဓာတ်အားလိုင်းကြိုးများနှင့် မလွတ်ကင်းသော သစ်ကိုင်းသစ်ခက်များ ခုတ်ထွင်ရှင်းလင်းခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့သည်။



သတင်းနှင့် ဓာတ်ပုံ - ကိုကျော်(သုံးခွ)

# အရာတော်မြို့နယ်အတွင်း စိုက်ပျိုးရေးလုပ်ငန်းများ အလုပ်ပါးချိန်တွင် တစ်ပိုင်တစ်နိုင်ကျောက်စရစ်ထုတ်ခြင်းလုပ်ငန်းကြောင့် ဒေသခံများ ဝင်ငွေရရှိ

**အရာတော်၊ နိုဝင်ဘာ ၁၇**

အရာတော်မြို့နယ်အတွင်း စိုက်ပျိုးရေးလုပ်ငန်းများ အလုပ်ပါးချိန်တွင် တစ်ပိုင်တစ်နိုင်ကျောက်စရစ် ထုတ်လုပ်ငန်းကြောင့် လက်လုပ်လက်စားပြည်သူများအနေဖြင့် ဝင်ငွေများ ရရှိလျက်ရှိကြောင်း သိရသည်။

"အခုအချိန်က စိုက်ပျိုးရေးလုပ်ငန်းတွေကအလုပ်ပါးတဲ့အချိန်ဆိုတော့ အပိုဝင်ငွေရနိုင်တဲ့ အခုလိုချောင်းအတွင်းက ကျောက်စရစ်ထုတ်တဲ့အလုပ်ကို လုပ်ကြတာပါ။ မြို့မှာက အဆောက်အအုံတွေ လမ်း၊ တံတားတွေဆောက်လုပ်ရာမှာ မပါမဖြစ်လိုအပ်တဲ့ ကျောက်စရစ်ကို ချောင်းထဲမှာ ဆန်ခါတွေနဲ့စစ်စုပြီး တစ်ကျင်းကို ငွေကျပ် ၂၅၀၀၀ ကျပ်ကနေ ၃၀၀၀၀ ကျပ် အထိရပါတယ်။

'တောင်းတစ်တောင်းချင်းရောင်းရင်တော့ ၅၀၀ ကျပ်ရတယ်။ ငါးဦးလောက်ရှိတဲ့ မိသားစုတစ်စု တစ်ရက်လုပ်ရင် ကျောက်စရစ်တစ်ကျင်းလောက်ရတယ်။ တစ်ရက်ဝင်ငွေ နှစ်သောင်းခွဲ သုံးသောင်းလောက်ရတယ်" ဟု တစ်ပိုင်တစ်နိုင် ကျောက်စရစ်စုဆောင်းရောင်းချသူတစ်ဦးက ပြောသည်။



စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ အရာတော်မြို့နယ်သည် စိုက်ပျိုးရေးလုပ်ငန်းများကို အဓိကထားလုပ်ကိုင်လျက်ရှိပြီး စိုက်ပျိုးရာသီကုန်ချိန်များတွင် လက်လုပ်လက်စား အလုပ်သမားများအနေဖြင့် မြို့နယ်အတွင်းရှိ မကျည်းကန်ကျေးရွာအနီးရှိ ချောင်းအတွင်းမှ တစ်ပိုင်တစ်နိုင် ကျောက်စရစ်ထုတ်သည့်လုပ်ငန်းကို လုပ်ကိုင်ကြသည်။

**မြို့နယ်(ပြန်/ဆက်)**

# ကားနှင့်ပွတ်တိုက်မိကာ သေဆုံး

**လားရှိုး နိုဝင်ဘာ ၁၂**

ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့ ရပ်ကွက်(၅) နယ်မြေ(၁) ခိုင်ရွှေဝါလမ်းနှင့် ဘုံကျောင်းလမ်းထောင့်တွင် နိုဝင်ဘာ ၁၁ ရက် ညနေပိုင်း ၆ နာရီခန့်က အသက်(၈၀)အရွယ်အဘွားအိုတစ်ဦး လမ်းလျှောက်လာစဉ် ကားတစ်စီးက ပွတ်တိုက်မိရာမှ သေဆုံးသွားခဲ့ကြောင်း သိရသည်။

ဖြစ်ပွားပုံမှာယာဉ်မောင်း ဦးကျော်ဝင်း လားရှိုးမြို့ နေသူသည် ရပ်ကွက်(၄)ပန်အုပ်ကျောင်းကြီးဘက်မှ ရပ်ကွက်(၅) ခိုင်ရွှေဝါလမ်းဘက်သို့ ဒိုင်နာ(အဖြူ) ယာဉ်အမှတ် ၆က/. . . . အားမောင်းနှင်လာစဉ် မေတ္တာဂုဏ်ရည်ဆေးခန်းရှေ့သို့အရောက်၌ လမ်းပေါ်တွင် ခြေကျင်လျှောက်နေသူ ဒေါ်ရှုံးကြည်(၈၀)နှစ် လားရှိုးမြို့နေသူအား ပွတ်တိုက်မိခဲ့ခြင်းဖြစ်သည်။

ထိုသို့ပွတ်တိုက်မိခဲ့ခြင်းကြောင့် ဒေါ်ရှုံးကြည်တွင် ယာမျက်ခုံးဖူးရောင်ပေါက်ပြဲဒဏ်ရာရရှိခဲ့သဖြင့် လားရှိုးပြည်သူ့ဆေးရုံကြီးသို့ ပို့ဆောင်ကုသခဲ့သော်လည်း ရရှိထားသော ဒဏ်ရာဖြင့် သေဆုံးသွားခဲ့သဖြင့် ယာဉ်မောင်း ဦးကျော်ဝင်းအား အမှတ် (၆၅) ယာဉ်ထိန်းရဲတပ်ဖွဲ့ (လားရှိုး)မှ ရဲအုပ်စောဝင်းက လားရှိုးမြို့မရဲစခန်း၌ ယာဉ်(ပ)၅၅/၂၀၁၄ ပြစ်မှုပုဒ်မ ၃၀၄ (က) အရ အမှုဖွင့်အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ဓာဏီအောင် (လားရှိုး)**

ဥတုရာသီ တောကိုမှီ၏

GUSTO
Institute of Information Technology

နိုင်ငံတကာ အသိအမှတ်ပြု ကွန်ပျူတာဘွဲ့လက်မှတ် ရရှိရုံ သာမက
ITကုမ္ပဏီကြီးများတွင် တိုက်ရိုက်ဝင်ရောက်လုပ်ကိုင်နိုင်မည့်

HND Diploma in Computing (UK)



- အင်္ဂလန်နိုင်ငံ၏ QCF Level - 5 အဆင့်ရှိ HND Diploma ကို ရန်ကုန်မြို့ရှိ GUSTO - Institute of IT တွင်စာသင်ကာလ (၂)နှစ် တက်ရောက်ပြီး ရယူနိုင်ပါပြီ။
- GUSTO မှ HND ရရှိပြီးပါက ပြည်တွင်းပြည်ပ ITကုမ္ပဏီကြီးများတွင် ဝင်ရောက်လုပ်ကိုင်ခွင့်ရရှိမည် ဖြစ်သည်။
- B.Sc.(Hons:) Computing ဘွဲ့ကိုဆက်လက်သင်ယူလိုပါက အင်္ဂလန်နိုင်ငံ၏ ထိပ်တန်းတက္ကသိုလ်ကြီးများဖြစ်သော University of the West of England, Tesside University, University of Huddersfield အစရှိသည့် နိုင်ငံတကာ တက္ကသိုလ်ပေါင်း(၂၀၀)ကျော်၏ နောက်ဆုံးနှစ်ကို တိုက်ရိုက် တက်ရောက်နိုင်ပါသည်။
- နောက်ဆုံးနှစ်ကို ပြည်တွင်း၌ တက်ရောက်လိုပါက GUSTO - Institute of IT ၌ပင် ဘွဲ့ရသည်ထိ တက်ရောက်နိုင်ပါသည်။

#289 (A), Pyay Road, Sanchaung Yangon.
09 - 86 288 06, 09 - 4500 56 104

Enroll Now!
November Intake

University of the West of England BRISTOL
Teesside University
University of HUDDERSFIELD

# ဖျာပုံခရိုင်အတွင်း တာဝန်ထမ်းဆောင်နေသော ဝန်ထမ်းများအတွက် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ပညာပေးသင်တန်း ဖွင့်လှစ်

**ဖျာပုံ၊ နိုဝင်ဘာ ၁၇**

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ဖျာပုံမြို့တွင် ခရိုင်အုပ်ချုပ်ရေးမှူး ဦးစိုးတင့်၏ ဦးဆောင်မှုဖြင့် ပြည်သူများ အန္တရာယ်ကင်းရှင်းစေရေးအတွက် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ပညာပေးရေး သင်တန်း အမှတ်စဉ် (၁၆/၁၄)ဖွင့်ပွဲ အခမ်းအနားကို နိုဝင်ဘာ ၁၅ ရက်က သိရိအဏ္ဏဝါခန်းမကြီး၌ ကျင်းပခဲ့ကြောင်း သိရသည်။

သင်တန်းသို့တက်ရောက်လာသော ဖျာပုံခရိုင် အတွင်းရှိမြို့နယ်အသီးသီးတွင် တာဝန်ထမ်းဆောင် နေသော ဝန်ထမ်းများကို ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးထွန်းရှိန် (မအူပင်ခရိုင်) က ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း လိုက်နာရမည့်စည်းကမ်းချက်များ၊ ယာဉ်အန္တရာယ် ကင်းရှင်းစေရေး Road Safety အန္တရာယ်ရှိ သတိပေးလမ်းညွှန်များ၊ အမိန့်ပေးခြင်းလမ်းညွှန် များ၊ တားမြစ်ခြင်းနှင့် ကန့်သတ်ခြင်းလမ်းညွှန်များ၊ မီးပွိုင့်အချက်ပြသင်္ကေတမီးများအပါအဝင် ယာဉ် မောင်းသူများလိုက်နာရမည့် စည်းကမ်းချက်များကို အကျယ်တဝင့် ရှင်းလင်းပြောကြားခဲ့သည်။

အဆိုပါပညာပေးသင်တန်းတွင် ဆိုင်ကယ် မောင်းသူများအား ပညာပေးဟောပြောပြီးနောက် ရေးဖြေစာစစ်ခြင်းနှင့် လက်တွေ့ဆိုင်ကယ်မောင်း နှင်ခြင်းများကို သတ်မှတ်စည်းကမ်းများအတိုင်း စစ်ဆေးပြီး (က) ယာဉ်မောင်းလိုင်စင် ထုတ်ပေးမည် ဖြစ်သည်။

ယခုသင်တန်းသို့တက်ရောက်လာသော ဝန်ထမ်း ဦးရေ ၁၂၀ ရှိကြောင်းသိရသည်။

သင်တန်းတက်ရန် ကျန်ရှိနေသောဝန်ထမ်းများ နှင့် ပြည်သူများကို ခရိုင်အုပ်ချုပ်ရေးမှူး၊ မြို့နယ် အုပ်ချုပ်ရေးမှူး၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးကော် မတီဥက္ကဋ္ဌနှင့် ကော်မတီဝင်များ၊ ရပ်မိရပ်ဖများ၊ ခရိုင်ယာဉ်စည်းကမ်းထိန်းသိမ်းရေးကော်မတီဝင် များက ပညာပေးသင်တန်းများ ဆက်လက်ဖွင့်လှစ် ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**ချမ်းသာ**

# အရန်သားဖွားဆရာမ မွမ်းမံသင်တန်းဆင်းပွဲပြုလုပ်

**ကွမ်းလုံ၊ နိုဝင်ဘာ ၁၇**

ရှမ်းပြည်နယ်(မြောက်ပိုင်း) ကွမ်းလုံမြို့နယ် ကျန်းမာရေးဦးစီးဌာနမှ ဖွင့်လှစ်သည့် အရန်သားဖွားဆရာမ မွမ်းမံသင်တန်း(၂၀၁၄) ဆင်းပွဲအခမ်းအနားကို နိုဝင်ဘာ ၁၄ ရက် ညနေ ၃ နာရီက ပြည်သူ့ဆေးရုံ အစည်းအဝေးခန်းမ၌ ပြုလုပ်ခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမင်းဆွေက အဖွင့်အမှာစကား ပြောကြားပြီး မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာသိန်းမြို့က သင်တန်း ဖွင့်လှစ်မှုအခြေအနေနှင့် ရှေ့ဆက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များကို ရှင်းလင်း ပြောကြားခဲ့သည်။ ယင်းနောက် သင်တန်းသူများအား သင်တန်းဆင်းလက်မှတ် များ ပေးအပ်ခဲ့သည်။

အခမ်းအနားသို့ မြို့နယ်အုပ်ချုပ်ရေးမှူး၊ မြို့နယ်စည်ပင်သာယာရေးကော် မတီဥက္ကဋ္ဌ ဦးဖူကြာမုန်း၊ မြို့နယ်အထောက်အကူပြုကော်မတီဥက္ကဋ္ဌ ဦးအယ်လ် တိန်းဘောင်နှင့် ဌာနဆိုင်ရာမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

သင်တန်းသို့ ကွမ်းလုံမြို့နယ်တွင်းရှိ ကျေးရွာများမှ သင်တန်းသူ ၁၃ ဦး တက်ရောက်ခဲ့ကြပြီး နိုဝင်ဘာ ၁၀ ရက်မှ ၁၄ ရက်ထိ ဖွင့်လှစ်ပို့ချပေးခဲ့ ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# ပြည်တွင်းပြည်ပ ခရီးသွားဧည့်သည် ဝင်ရောက်မှုများပြားလာသဖြင့် စစ်ကိုင်းတောင်တက် ခေါက်တိုကဲ့ယာဉ်များ အလုပ်ဖြစ်

**စစ်ကိုင်း၊ နိုဝင်ဘာ ၁၇**

စစ်ကိုင်းတောင်ရိုးသို့ လာရောက်လည် ပတ်သည့် ပြည်တွင်းဘုရားဖူးဧည့်သည်များ၊ ပြည်ပနိုင်ငံခြားသားခရီးသွားဧည့်သည်များ ယခုလအတွင်း များပြားလာသောကြောင့် စစ်ကိုင်းတောင်ပေါ်သို့ ခရီးသည်တင်ခေါက် တိုကဲ့သည့်ယာဉ်များ အလုပ်အကိုင်ဖြစ်နေ ကြောင်း သိရသည်။

စစ်ကိုင်းတောင်တက် ခေါက်တိုကဲ့ယာဉ် များအနေဖြင့် မြို့တွင်းမြို့ပြင် ဘုရားဖူးခေါက် တိုခရီးစဉ်အဖြစ် ကောင်းမှုတော်ဘုရားကြီး၊ ကံတလူဘုရားနှင့် မင်းကွန်းဒေသသို့လည်း ပို့ဆောင်ပေးလျက်ရှိနေကြောင်း၊ ယခုအခါ ခရီးသွားလုပ်ငန်းကုမ္ပဏီများ၏ အစီအစဉ် ဖြင့် နေ့စဉ် နိုင်ငံခြားခရီးသွားဧည့်သည်တင် မှန်လုံယာဉ်ကြီးများ လာရောက်လျက်ရှိနေ သဖြင့် စစ်ကိုင်းတောင်တက် ခေါက်တိုကဲ့ ယာဉ်များ အဆင်ပြေလျက်ရှိသည်။

မင်းကွန်းဒေသနှင့် အင်းဝမြို့ ဟောင်းသို့ လည်း နေ့စဉ်ခရီးသွားဧည့်သည်အများ အပြားလာရောက်လေ့လာလျက်ရှိနေ သဖြင့် ခရီးသွားလုပ်ငန်းနှင့်ဆက်စပ်သည့် စားသောက်ဆိုင်များတွင်လည်းခရီးသည် ဝင်ရောက်စားသုံးမှု များပြားနေကြောင်းဒေ သခံများက ပြောသည်။

ခရီးသွားရာသီဖြစ်သည့်အတွက် စစ်ကိုင်း မြို့နှင့် စစ်ကိုင်းတောင်ရိုးသို့ နေ့စဉ်ခရီးသွား ဧည့်သည်လာရောက်လည်ပတ်မှု များပြား လျက်ရှိနေသည်။ ခရီးသွားဧည့်သည်များ အန္တရာယ်ကင်းရှင်းစေရန်အတွက် လမ်း ကျဉ်းမြောင်းပြီး အတက်အဆင်းအကွေ့ အကောက်များသည့် စစ်ကိုင်းတောင်ပေါ်သို့ ခရီးသည်တင်ယာဉ်ကြီးများအား တက်ရောက် ခွင့်မပြုကြောင်း၊ ခရီးသည်များအား ရှင်ပင် နန်းဦးစေတီတော်ခြေရင်း၊ မြို့သစ်ရပ်ကွက်၊ ရေကန်ကြီးအနီးမှ တောင်တက်ခေါက်တိုကဲ့ ယာဉ်များဖြင့် တစ်ဆင့်စီးနင်းတက်ရောက် စေခဲ့ကြောင်း သိရသည်။

"ကားခအနေနဲ့ကတော့ နိုင်ငံခြားသားတွေ ကို အသွားအပြန်အတွက် စင်းလုံးပြတ်ဈေး ကျပ်တစ်သောင်းခြောက်ထောင် ယူပါတယ်။ နိုင်ငံခြားသားတွေအများစုက ဆယ်ယောက် ထက် ပိုမစီးကြပါဘူး။ တစ်ခေါက်ကို ခုနှစ် ယောက်လောက်ပဲစီးတာတွေလည်းရှိတဲ့ အတွက် စင်းလုံးပြတ်ငှားပေးရတာပါ။ ပြည် တွင်းဘုရားဖူးဧည့်သည်တွေကတော့ အဖွဲ့ လိုက် ကားအပြည့်စီးကြတယ်။ ဒါကြောင့် တစ်ယောက်ကို ကျပ်တစ်ထောင်နှုန်းယူပြီး ပို့ပေးပါတယ်" ဟု တိုးတက်ရေးယာဉ်လိုင်းမှ ဝန်ထမ်းတစ်ဦးက ပြောသည်။



စစ်ကိုင်းတောင်တက် ခေါက်တိုကဲ့ယာဉ် များအဖြစ် ဒိုင်င်နာကားနှင့် လိုက်ထရပ်ကား များကို စီစဉ်ပြေးဆွဲလျက်ရှိနေကြောင်း၊ မြို့ တွင်းမြို့ပြင် ခေါက်တိုကဲ့ယာဉ်လိုင်းအဖြစ် တိုးတက်ရေးမော်တော်ယာဉ်လိုင်းမှ တာဝန် ယူပြေးဆွဲပေးနေကြောင်း သိရသည်။

**နန္ဒာမင်းလွင်**

**ကန့်ကွက်နိုင်ကြောင်း ကြော်ငြာ**

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၂/မြောက်)၊ မြေကွက်အမှတ်(၁၂၅၃/က)၊ မြေကွက်တည်နေရာအမှတ်(၁၂၅၃)၊ သဒ္ဒါရုံ(၂)လမ်း၊ ၂/မြောက်ရပ်ကွက်၊ သာကေတ (ဒေါ်ဝင်းမြင့်)အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် ဒေါ်ဝင်းမြင့်(မိခင်) နှင့် ဦးထွန်း(ဖခင်)တို့ ကွယ်လွန်သဖြင့် သားသမီးများဖြစ်သော (၁)ဒေါ်မြင့်မြင့်အေး[၁၂/သကတ(နိုင်)၁၀၀၆၀၇]၊ (၂)ဦးဝင်းအောင် [၁၂/သကတ(နိုင်)၁၀၀၆၀၈]၊ (၃)ဦးအေးရွှေ[၁၂/သကတ(နိုင်)၁၀၅၈၂၃]တို့ထံမှ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ် (၂၇၃၃၆/ ၁၄)နှင့် (၂၇၈၅၁/၂၀၁၄)ရသူ ဦးချမ်းငြိမ်းအောင်မှ သေစာရင်း၊ ဂရန်၊ ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ် ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများဖြင့် (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါရန်နှင့် ကန့်ကွက်မှုမရှိပါက ဌာန၏ လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

**ကန့်ကွက်နိုင်ကြောင်း ကြော်ငြာ**

တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၃)၊ မြေကွက်အမှတ်(၃၅၁)၊ မြေကွက်တည်နေရာအမှတ်(၃၅၁)၊ ၁၂လမ်း၊ (၃)ရပ်ကွက်၊ တ/ဥက္ကလာပမြို့နယ် (ဒေါ်မေရီလှ)အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား ဦးအောင်သန်း+၂မှ တရားလိုပြု၍ ဒေါ်မူမူသန်း+၂ကို ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံးတွင် တရားမကြီးမှုအမှတ် (၁၉၄/၂၀၁၁)ဖြင့် အမွေပုံပစ္စည်း စီမံခန့်ခွဲပေးစေလို မှုဖြင့် စွဲဆိုရာမှ တရားရုံးမှ တရားလို(၃)ဦးအား အမွေပုံပစ္စည်းအပေါ် ၅ပုံစီခွဲဝေယူရန် အနိုင်ဒီကရီချမှတ်ခဲ့သဖြင့် တရားရုံး အနိုင် ဒီကရီတင်ပြ၍ ဒေါ်မူမူသန်း[၁၂/ဥကတ(နိုင်)၀၄၈၆၈၁]၊ ဒေါ်ဖြူဖြူသန်း[၁၂/အစန(နိုင်)၀၄၅၇၂၉]၊ ဦးရဲသန်း[၁၂/ဥကတ(နိုင်) ၀၇၀၂၇၁]၊ ဦးအောင်သန်း[၁၂/ဥကတ(နိုင်)၀၇၀၅၇၂]၊ ဒေါ်ကြည်ကြည်သန်း[၁၂/ဥကတ(နိုင်)၀၄၇၂၀၅]တို့မှ အရောင်းအဝယ် စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများဖြင့် (၇)ရက်အတွင်း ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ် ရက်အတွင်း ကန့်ကွက်သူမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြော်ငြာ အပ်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

HND HIGHER NATIONAL DIPLOMA

umg college Relentless Pursuit Of Excellence

edexcel Approved Centre No.93851

တက္ကသိုလ်ဝင်တန်း၊ IGCSE / GCE O-Level အောင်မြင်ပြီးသူများနှင့်တက္ကသိုလ်ပထမနှစ်ကျောင်းသားများသည် Foundation Course မှစတင်တက်ရောက်နိုင်ပြီး AGTI, B.Tech နှင့်အခြားဘွဲ့ရများသည် ပထမနှစ်မှ စတင်တက်ရောက်နိုင်ပါသည်။

ပါမောက္ခချုပ် (ငြိမ်း)၊ ပါမောက္ခ (ငြိမ်း) နှင့် ဝါရင့်ဆရာကြီးများဦးစီးသင်ကြားသော

UMG College မှဖွင့်လှစ်သည့် HND အင်ဂျင်နီယာသင်တန်းများ

Volvo, Hitachi, Furukawa နှင့် Kawasaki စသည့် International ကုမ္ပဏီကြီးများ၏ Authorized Dealer ဖြစ်ပြီး UK နိုင်ငံရှိ edexcel ပညာရေးအဖွဲ့ကြီးနှင့် ပူးပေါင်း ဖွင့်လှစ်သည်။

- Mechanical Engineering
- Electrical and Electronic Engineering
- Civil Engineering (Construction and the Built Environment)

UK, Australia, Singapore အစရှိသော နိုင်ငံတကာ တက္ကသိုလ်များတွင် Top-up Course များကို ဆက်လက်တက်ရောက်နိုင်ပြီး B.E (သို့) B.Sc (Hons) Engineering ဘွဲ့ကို ရယူနိုင်မည်။

www.facebook.com/umgcollege

www.umgcollege.com



UMG College - ယခင်သိရိမင်္ဂလာဈေး၊ ပထမထပ်(ယာ)၊ ကမ်းနားလမ်း၊ ကြည့်မြင်တိုင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း - 09 8631823, 09 73036488, 09 730 25440, 01 215678~9, 01-2301580~1 (Ext 216, 219)

## အထူးကျေးဇူးတင်ရှိခြင်း
## ဦးမြင့်ကြွယ်(မောင်မြင့်ကြွယ်)(မောင်ညစ်ကျယ်)
**လက်ပံတန်းမြို့**
## အသက်(၈၂)နှစ်

၁၃၇၆ ခုနှစ် တန်ဆောင်မုန်းလပြည့်နေ့ (၆-၁၁-၂၀၁၄) ရက် နံနက် ၅နာရီအချိန် နေအိမ်တွင် ကွယ်လွန်သွားခဲ့သော ဦးမြင့်ကြွယ်၏ နာရေးနှင့် ပတ်သက်၍ ရေဝေးသုသာန်သို့ လိုက်ပါပို့ဆောင်ပေးခဲ့ကြသော မိတ်ဆွေသင်္ဂဟ များကိုလည်းကောင်း၊ ဝမ်းနည်းကြောင်း သဝဏ်လွှာပေးပို့ခဲ့ကြသော ပြန်ကြားရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးရဲထွဋ်၊ ဒုတိယဝန်ကြီးနှင့် ဝန်ထမ်းမိသားစုများ၊ ဦးတင်ခ (တက္ကသိုလ်တင်ခ) ဇနီး ဒေါ်မြင့်မြင့်မိသားစု၊ တောင်ပုလုကျောက်ဆင် တောရ ဒုလ္လဘစခန်း(သာစုကန်) ဖြစ်မြောက်ရေးအဖွဲ့၊ ဦးအောင်ကြည် (မင်းဗထူး) ဇနီး ဒေါ်သက်သက်ဆွေ (တက္ကသိုလ်မလေးခိုင်)၊ မြန်မာနိုင်ငံစာရေးဆရာအသင်း ဦးသိန်းထွန်း(နာယက)နှင့် ကော်မတီဝင်များ၊ ထွန်းဖောင်ဒေးရှင်းစာပေကော်မတီ အမှုဆောင်အဖွဲ့၊ လက်ပံတန်းမြို့နယ်အသင်း(ရန်ကုန်) အလုပ်အမှုဆောင်အဖွဲ့နှင့် အသင်းဝင်များ၊ မြန်မာ့အလင်း၊ ကြေးမုံစာတည်းမှူးချုပ်များ၊ (၁၉၈၄-၁၉၈၇) မြန်မာ့အလင်းမှ တပည့်ဝန်ထမ်းများ၊ အမှုဆောင်ကော်မတီ (ကုက္ကိုင်းရေကူး အသင်း)၊ ဦးတိုး-ဒေါ်သျှမ်းမိသားစု၊ စိန်သရဖူနှင့် ပေါ်ပြူလာချည်ချောလုံချည် ဝမ်းတွင်းမြို့တို့အားလည်းကောင်း၊ နေအိမ်သို့လာရောက်သတင်းမေးမြန်းအားပေး စကားပြောကြားပေးခဲ့ကြသော မိတ်ဆွေသင်္ဂဟများကိုလည်းကောင်း၊ တယ်လီဖုန်း၊ ဖက်(စ်)၊ အီးမေးတို့ဖြင့် ဝမ်းနည်းကြောင်း သတင်းမေးကြသူများကိုလည်းကောင်း၊ အထူးသဖြင့် နာရေးအတွက် စိတ်ရောကိုယ်ပါဆောင်ရွက်ပေးခဲ့သော ဒေါ်စန်းနွဲ့ကို လည်းကောင်း၊ နာရေးကိစ္စတွင် အစစအရာရာကူညီပေးခဲ့ကြသော အမှတ် (၁၁၀) ရပ်ကွက် အုပ်ချုပ်ရေးမှူးနှင့် အဖွဲ့သားများကိုလည်းကောင်း၊ အမှတ် (၁၁၀) ရပ်ကွက် လုံခြုံရေးနှင့် သာယာရေးကော်မတီအဖွဲ့သားများကိုလည်းကောင်း ကျေးဇူးတင်ထိုက်သူတစ်ဦးတစ်ယောက်မျှမကျန် အထူးကျေးဇူးတင်ရှိပါကြောင်း။

**ကျန်ရစ်သူမိသားစုနှင့် ညီအစ်ကိုမောင်နှမများ**

---

## ဝမ်းနည်းကြေကွဲခြင်း
## ဦးမြိုင်သန့် (၈၃)နှစ်
**အငြိမ်းစားပါမောက္ခ၊ မြန်မာစာဌာန**
**မြန်မာနိုင်ငံ ဝိဇ္ဇာနှင့် သိပ္ပံပညာရှင်အဖွဲ့၊ အမှုဆောင်အဖွဲ့ဝင်**

တပည့်ရို့အား (တပည့်ရို့အား) မြန်မာစာကို မြန်မာစကားသံ စစ်စစ်ဖြင့် သင်ကြားပါသော ကျေးဇူးရှင် ဆရာကြီးကွယ်လွန်သွားခြင်းအတွက် နှမြောတသ ဝမ်းနည်းကြေကွဲရပါသည်။

**တေဇ(၂)မှ တပည့်များ**

---

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဗိုလ်မှူးရဲမြင့် (ငြိမ်း)(ရေ/၃၁၇၂) (၇၈)နှစ်
**ညွှန်ကြားရေးမှူး (ငြိမ်း) ၊ အကောက်ခွန်ဦးစီးဌာန**

သူငယ်ချင်းကိုရဲ-မဥမ္မာတို့၏ ဖခင် ဗိုလ်မှူး ရဲမြင့် (ငြိမ်း) (ရေ/၃၁၇၂)၊ အသက်(၇၈)နှစ် သည် ၁၄-၁၁-၂၀၁၄ (သောကြာနေ့) ညနေ ၆း၃၀နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ငယ်သူငယ်ချင်းများ**
**ကိုဝေ-သီဂီ၊ ကိုဝင်းချို-ပြုံး၊ ကိုမင်းသိမ်းတင့်-သင့်သင့်၊**
**ကိုတေဇ-တူးမာ၊ ကိုမော်-ဆွေဆွေ၊ မေသူ**

---

## အထူးကျေးဇူးတင်ရှိခြင်း
## ဦးစိန်ဝင်း(ကျောက်မဲ) အသက်(၇၀)

၁၀-၁၁-၂၀၁၄(တနင်္လာနေ့)တွင် ကွယ်လွန်သွားသော ဦးစိန်ဝင်း နာမကျန်းစဉ်ကပြုစုစောင့်ရှောက်ခဲ့ကြသော ဆရာဝန်၊ ဆရာမများ၊ ဆေးဝန်ထမ်းများ၊ နာရေးကိစ္စတွင် အဘက်ဘက်မှ ဝိုင်းဝန်းကူညီဆောင်ရွက်ပေးခဲ့သော ဆွေမျိုးမိတ်ဆွေများ၊ လိုက်ပါပို့ဆောင်ကြသူများ၊ လူကိုယ်တိုင်မလာရောက်နိုင်သော်လည်း သတင်းမေးအားပေးကြသူများ၊ ဝမ်းနည်းကြေကွဲကြောင်း ပေးပို့ကြသူများ၊ ပန်းခြင်းများပေးပို့ကြသော ဆွေမျိုးမိတ်ဆွေများနှင့် ကျေးဇူးတင်ထိုက်သူများ အားလုံးကို အထူးကျေးဇူးတင်ရှိပါကြောင်း။

ကျန်ရစ်သူမိသားစု

---

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဒေါ်ခင်ခင်ထွန်း (၆၄)နှစ်
**ညွှန်ကြားရေးမှူး (ငြိမ်း)၊ စက်မှုဝန်ကြီးဌာန**
**BE. Chemical (RIT, 1975 Batch)**

SCG Chemicals (SCG Plastics Co., Ltd) မှ Country Representative ဒေါ်မာလာထွန်း၏ အစ်မကြီး ဒေါ်ခင်ခင်ထွန်းသည် ၁၆-၁၁-၂၀၁၄ (တနင်္ဂနွေနေ့) တွင် ရန်ကုန်မြို့ အကယ်ဒမီဆေးရုံ၌ ကွယ်လွန် သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူဝမ်းနည်းကြေကွဲရ ပါသည်။

**Plastics Logstic Department**
**SCG Trading Co., Ltd. (Yangon Branch)**

---

## (၂)နှစ်ပြည့်လွမ်းဆွတ်သတိရခြင်း
## ဗိုလ်ကြီးစိုးဦးထိုက်(ငြိမ်း)
**(ကြည်း-၂၂၂၉၈၊ အမှတ်စဉ်-၈၀)**
**(၁၈-၁၁-၂၀၁၂)မှ (၁၈-၁၁-၂၀၁၄)**

မမျှော်လင့်ဘဲ ထာဝရခွဲခွာသွားတာ ၁၈-၁၁-၂၀၁၄ရက်မှာ (၂)နှစ်ပြည့်ခဲ့ပါပြီ။ မနေ့တစ်နေ့ကလိုပဲ သတိရနေဆဲပါ။

ပြုခဲ့သမျှ ကုသိုလ်ကောင်းမှုအစုစုနဲ့ (၂)နှစ်ပြည့်နေ့မှာ မန္တလေးမြို့ မင်္ဂလာဗိုလ်ကျောင်းမှာ သံဃာတော်တွေကို လှူဖွယ်ဝတ္ထုတွေနဲ့ ဆွမ်းဆက်ကပ်လှူဒါန်းခဲ့မှုတွေကို အမျှပေးဝေပါတယ်။ ပြုပြုသမျှကုသိုလ်များကို မြင့်မြတ်သော ဘုံဘဝမှ သာဓုခေါ် ဆိုနိုင်ပါစေ။

**ချစ်ဇနီး-ဒေါ်နန်ကိုင်**
**ချစ်သမီး-မေသီဂီစိုး(ခ)ဆိုင်းနူးမိုင်**

---

## ဒေါ်ခင်လေးချို (၅၂)နှစ်
**အထက်တန်းသူနာပြု**

ရန်ကုန်မြို့၊ အလုံမြို့နယ်၊ ဆင်မင်းရပ်ကွက်၊ အမှတ်(၂၆)၊ ကွင်းကျောင်း(၁) လမ်းနေ (ဦးဘချို-ဒေါ်မြကြည်) တို့၏ သမီးထွေး၊ (ဦးခင်စိုး)-ဒေါ်တင်အေးချို၊ (ဦးခင်မောင်ချို) - ဒေါ်သန်းသန်းနွဲ့၊ (ဦးအောင်မြင်ချို)၊ ဦးမြင့်သိန်းချို-ဒေါ်ဟန်ရီ၊ ဦးဘသန်းချို၊ ဦးလှသန်းချို-ဒေါ်ဏာညိုအိ၊ ဒေါ်ယဉ်ထွေးချိုတို့၏ ညီမ၊ တူ/တူမရှစ်ယောက်တို့၏အဒေါ်၊ မြေးခြောက်ယောက်တို့၏ အဘွား ဒေါ်ခင်လေးချိုသည် ၁၆-၁၁-၂၀၁၄ (တနင်္ဂနွေနေ့) ည ၁၁း၁၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၈-၁၁-၂၀၁၄ (အင်္ဂါနေ့) နံနက် ၁၁ နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၉း၃၀နာရီတွင် ထွက်ပါမည်။ ကျန်ရစ်သူမိသားစု

---

## ဦးပြည်သိန်း
## အသက်(၆၆)နှစ်
**ကထိက-ငြိမ်း၊ပထဝီဝင်ဌာန၊**
**ရန်ကုန်တက္ကသိုလ်ပထဝီဝင်နည်းပြ၊**
**အမှတ်စဉ်(၁၈၊၁၉၊၂၀၊၂၁၊၂၂)**
**မေမြို့စစ်တက္ကသိုလ်**

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၇) မိုင်၊ပြည်သူ့လမ်းခွဲအမှတ်(၄)နေ[ဦးစကြင်းနား(ထောင်ပိုင်ကြီး)-(ဒေါ်လှမေ)]တို့၏ သား၊ ဒေါ်တင်တင်စိန်၏ ချစ်လှစွာသောမောင်၊ ခေတ္တအမေရိကန်ပြည်ထောင်စုနေ ဒေါ်မေချယ်ရီအောင်၏ ချစ်လှစွာသော ခင်ပွန်း၊ မမာရစ္စာသိန်း၏ ချစ်လှစွာသောဖခင် ဦးပြည်သိန်းသည် ၇-၇-၂၀၁၄ရက်တွင် အမေရိကန်ပြည်ထောင်စု တက္ကဆက်ပြည်နယ် ဟူစတန်မြို့နေအိမ်၌ ကွယ်လွန်သွားပါကြောင်း ရပ်နီးရပ်ဝေးမိတ်ဆွေသင်္ဂဟအပေါင်းအား အသိပေးအကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

---

## အနိစ္စ

## ရဟန်း၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်အေးမြင့် (၇၈)နှစ်
**တပ်မြေ-**
**နှစ်ကျိပ်ရှစ်ဆူဆွမ်းလောင်းဓမ္မာရုံ၊**
**ဓမ္မစကြာဝတ်အဖွဲ့-ဥက္ကဋ္ဌ**

ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ (၆)ရပ်ကွက်၊အမှတ်-၂၁ပိတောက်လမ်းနေ (ဦးစောရင်-ဒေါ်ညွန့်မေ)တို့၏ သမီးကြီး၊ [ဦးလှမြင့်(ခ)ဦးဘမ်း]၏ဇနီး၊ ဒေါ်ရီရီတင်၊ ဦးမောင်မောင်ထွန်း-ဒေါ်တူးတူး၊ (ဦးမိုးကျော်စိုး)-ဒေါ်မြင့်မြင့်အေးတို့၏အစ်မ၊ ဦးဇော်မင်း-ဒေါ်ခင်မြင့်ဇော်၊ ဦးကျော်သူ-ဒေါ်နန်းအေးမွန်၊ (ဦးဝင်းမင်းနိုင်)- ဒေါ်သန်းသန်းဆွေတို့၏ မွေးသမိခင်၊ မြေးကိုးယောက်၊ မြစ်တစ်ယောက်တို့၏ အဘွား ဒေါ်အေးမြင့်သည် ၁၇-၁၁-၂၀၁၄(တနင်္လာနေ့) မွန်းလွဲ၁၂း၀၅နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၁၉-၁၁-၂၀၁၄ (ဗုဒ္ဓဟူးနေ့) ညနေ၃နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှ ကားများ မွန်းလွဲ၁း၁၅နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

---

## ဦးအောင်ခင် အသက်(၇၀)
**မြန်မာ့ဆိပ်ကမ်းအာဏာပိုင်(ငြိမ်း)**

ရန်ကုန်မြို့၊ ဗိုလ်တထောင်မြို့နယ်၊ တိုက်(၁)၊ အခန်း(၅)၊ ၅၁-လမ်း၊ အိမ်ယာစခန်းနေ (ဦးမောင်မောင်ထွန်း-ဒေါ်မြမြတင်)တို့၏သား၊ (ဦးခင်မောင်ကြီး-ဒေါ်တင်ညွန့်) တို့၏သားသမက်၊ ဒေါ်တင်တင်ဦး (အထက-၂ ဗိုလ်တထောင်၊ ငြိမ်း)၏ခင်ပွန်း၊ ဦးဇော်ဝင်း-ဒေါ်ခင်သန်းဝင်း၊ ဦးအောင်ကြိုင်-ဒေါ်ခင်စန်းဝင်း၊ ဒေါ်ခင်စန်းထွန်း၊ ဦးမြင့်ထူး-ဒေါ်လဲ့လဲ့ထွန်း၊ ဦးသန်းဌေး တို့၏ အစ်ကို ဦးအောင်ခင်သည် ၁၇-၁၁-၂၀၁၄ (တနင်္လာနေ့) နံနက်၅ နာရီတွင်နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၁၉-၁၁-၂၀၁၄ (ဗုဒ္ဓဟူးနေ့) နံနက် ၁၁ နာရီတွင်ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ [တိုက်(၇)၊ အခန်း(၄၀၁)ပုဇွန်တောင်ဥယျာဉ်အိမ်ရာ၊ လိပ်ကန်လမ်း၊ ပုဇွန်တောင်မြို့နယ်နေအိမ်မှကားများ နံနက် ၉း၃၀နာရီတွင် ထွက်ပါမည်။] ကျန်ရစ်သူမိသားစု

---

## ဒေါ်ရင်ရင်ခင်(ခ)မေရီခင်
**B.A (Law), LL.B, D.B.L,D.M.L**
**လသာ(၂)၊ ကျောင်းသူဟောင်း**
## အသက် (၆၅)နှစ်

ရန်ကုန်မြို့၊ ပန်းဘဲတန်းမြို့နယ်၊ ဗိုလ်ဆွန်ပက်လမ်းအမှတ်(၆၉)၊ ဒုတိယထပ်နေ မဟာမြိုင်ကျောင်းအမကြီး (ဒေါ်ခင်ညွန့်)၏ မြေး၊ (ဦးခင်မောင်ကလေး- ဒေါ်ခင်မြမေ)တို့၏သမီးကြီး၊ ဦးမြင့်သန်းလင်း (2nd Officer)၏ဇနီး၊ ဦးခင်မောင်လင်း (Uniteam Shipping Company)-ဒေါ်ခင်မာလာမြင့်၊ ဦးဇော်လင်းခင် (2nd Officer, M.T.M Shipping Company)တို့၏ မွေးသမိခင်၊ မောင်ဘုန်းလျံညီ၏အဘွား၊ (ဦးတင်မောင်ခင်)၊ ဒေါ်ဒေါ်ရစ်ခင်၊ ဦးခင်မောင်သန်း၊ (ဦးခင်မောင်ဦး)၊ ဒေါ်ဝင်နီခင်တို့၏အစ်မကြီး ဒေါ်ရင်ရင်ခင်(ခ)မေရီခင်သည် ၁၄-၁၁-၂၀၁၄ (သောကြာနေ့) နံနက် ၅နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၁၈-၁၁-၂၀၁၄(အင်္ဂါနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း အသိပေးအကြောင်းကြားအပ်ပါသည်။ (အထက်ပါနေအိမ်မှ ကားများ မွန်းတည့် ၁၂နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

---

## ဦးတင်မောင်ဦး (၆၃)နှစ်
**တိုင်းအင်ဂျင်နီယာမှူး(ငြိမ်း)**
**ကုန်သွယ်လယ်ယာ**

ဦးသောင်း-(ဒေါ်တင်ရီ)တို့၏သားကြီး၊ ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ တိုက်(၇၄/၇၆)၊ အခန်း(၃၄)နေ ဒေါ်ခင်မမ၏ခင်ပွန်း၊ မခိုင်ဇာလင်း (Snior Account)၊ ကိုဝေဖြိုးအောင် (Master Mariner F.G, I.M.T CD-30)၊ ကိုဇေယျာဖြိုး (I.M.T.CD-37)တို့၏ ဖခင် ဦးတင်မောင်ဦးသည် ၁၆-၁၁-၂၀၁၄ရက် ညနေ ၆း၁၅နာရီတွင် အာရှတော်ဝင်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့်၁၈-၁၁-၂၀၁၄(အင်္ဂါနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်၌ သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှ ကားများ နံနက် ၁၁ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအား ရည်စူး၍ ၂၂-၁၁-၂၀၁၄ (စနေနေ့) နံနက်၉နာရီမှ ၁၂နာရီထိ ရက်လည်ဆွမ်းကျွေး တရားတော် နာယူမည်ဖြစ်ပါသောကြောင့် ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

## ဦးမျိုးဝင်း(ရွှေကျင်) (၈၆)နှစ်
**B.Sc (Geology)**
**ညွှန်ကြားရေးမှူး(ငြိမ်း)၊ စက်မှုဆောင်ရွက်မှုလုပ်ငန်း**
**ရေနံမြေမန်နေဂျာ(ငြိမ်း)၊ မြန်မာ့ရေနံလုပ်ငန်း**
**မြန်မာနိုင်ငံ ဘူမိဗေဒပညာရှင်များအသင်းဝင်**
**မြို့မကျောင်းသားဟောင်း**

(ဦးပြန့်-ဒေါ်ဖွားစိန်)တို့၏သား၊ (ဦးညိုဇံ-ဒေါ်နှင်းအေးခိုင်)တို့၏ သားသမက်၊ (ဦးစံထွန်းဝေ)-ဒေါ် Ann Wai တို့၏ညီ၊ ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ ရန်အောင်လမ်းသွယ်(၂)၊ တိုက် (၁၁၉)၊ အခန်း (၁၅)နေ (ဒေါ်မြင့်ကြီး)၏ခင်ပွန်း၊ (ဗိုလ်မှူး တင်ထွဋ်လတ်)၊ ဒေါက်တာကြည်သာမျိုးဝင်း (ကလေးအထူးကုဆရာဝန်ကြီး၊ တောင်ငူပြည်သူ့ဆေးရုံကြီး)၊ ဦးတေဇာမျိုးဝင်း-ဒေါ်မော်လီမြသောင်း၊ (ဦးထွန်းဇံဖြူ)၊ ဒေါ်ကုန္ဒာမျိုးဝင်း၊ ဦးကျော်စွာမျိုးဝင်းတို့၏ ဖခင်၊ မောင်တေဇာခိုင်စိုး၊ မဝင့်တင်ထွဋ်လတ်၊ မတေဇာခင်ဖုန်း၊ မကျော့မှူးအိမ်၊ Nicole Win၊ Nedeleine Winတို့၏ အဘိုးသည် ၁၅-၁၁-၂၀၁၄ ရက် မွန်းလွဲ ၁နာရီတွင် သင်္ဃန်းကျွန်းစံပြဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၁၇-၁၁-၂၀၁၄ (တနင်္လာနေ့) ညနေ ၄း၅၀ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။ [ကွယ်လွန်သူအား ရည်စူး၍ ၂၁-၁၁-၂၀၁၄(သောကြာနေ့) နံနက် ၇နာရီမှ ၁၁ နာရီအထိ အထက်ပါ နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

## ဒေါ်ခင်လှနွယ်(ကံမျိုး) (၆၁)နှစ်

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ (၂)တောင်ရပ်ကွက်၊ ရန်ပြေ(၃)လမ်း၊ အမှတ် (၈၉၃) နေ ဦးလှရွှေ-ဒေါ်သန်းနွယ်တို့၏ သမီး၊ (ဦးအေးမြင့်)၏ ဇနီး၊ ကိုသန်းထိုက်-မအေးအေးမြတ်တို့၏ မိခင်၊ မမေချမ်းအိမ်၊ မချောရှုပါထွန်းတို့၏ အဘွားသည် ၁၇-၁၁-၂၀၁၄(တနင်္လာနေ့) နံနက် ၁၂း၀၅ နာရီတွင် ရန်ကုန်အရှေ့ပိုင်းဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၁၉-၁၁-၂၀၁၄ (အင်္ဂါနေ့) ညနေ ၃နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (အထက်ပါ နေအိမ်မှ ကားများ မွန်းလွဲ ၁နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၃-၁၁-၂၀၁၄ (တနင်္ဂနွေနေ့) နံနက်တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

**လပွတ္တာမြို့နယ်အသင်း(ရန်ကုန်)**
**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ တန်ဆောင်းဒါယိကာမကြီး**
## ဒေါ်သင်းသင်းဇင်(ဘ·ခ·ရ) (၅၅)နှစ်

ရန်ကုန်မြို့၊ ရွှေပြည်သာမြို့နယ်၊ အမှတ်(၂) ရပ်ကွက်၊ မင်းလမ်းသွယ် (၂)လမ်း၊ အမှတ်(၂၉/၂၄၈)နေ ဦးဟံငြိမ်း (ဘ. ခ. ရ)၏ ဇနီးသည် ၁၆-၁၁-၂၀၁၄ ရက် နံနက် ၁၀း၄၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ ညနေ ၄း၃၀ နာရီတွင် မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း အသင်းသူ အသင်းသားများ သိစေရန် အကြောင်းကြား အပ်ပါသည်။

အမှုဆောင်အဖွဲ့

---

## အထူးဝမ်းနည်းကြေကွဲခြင်း
**ရဟန်း၊ သိမ်၊ ကျောင်းဒါယိကာမကြီး**
## ဒေါ်ဆင်သိန်း(ဓနုဖြူမြို့) အသက်(၉၀)

ဗဟိုသမဝါယမ အသင်းလီမိတက် အုပ်ချုပ်မှုဒါရိုက်တာဦးကြည်တင့်၏မိခင် ဒေါ်ဆင်သိန်း(ဓနုဖြူမြို့)သည် ၁၂-၁၁-၂၀၁၄ရက်(ဗုဒ္ဓဟူးနေ့)တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့် အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဥက္ကဋ္ဌ၊ ဒါရိုက်တာအဖွဲ့နှင့်ဝန်ထမ်းများ**
**ဗဟိုသမဝါယမအသင်း လီမိတက်**

---

## ဝမ်းနည်းကြေကွဲခြင်း
**ဘုရား၊ရဟန်း၊ သိမ်၊ ကျောင်းဒါယကာကြီး**
## ဦးရဲမြင့် (၇၈)နှစ်
**ဗိုလ်မှူး(ငြိမ်း)၊ ရေ/၃၁၇၂**
**ညွှန်ကြားရေးမှူး(ငြိမ်း)၊ အကောက်ခွန်ဦးစီးဌာန**

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ အမှတ်(၁၃၂/စီ)၊ စိမ်းလဲ့ကန်သာလမ်းနေ ဦးရဲထွဋ်မှူး (CEO, M.Y Group of Companies)-ဒေါ်ဥမ္မာမြင့် (M.D, M.Y Group of Companies)တို့၏ ကျေးဇူးရှင် ဖခင်၊ မချောပြည့်ရဲထွဋ်မှူး၊ မောင်အောင်ပြည့်ရဲထွဋ်မှူးတို့၏ ချစ်လှစွာသောဘိုးဘိုးကြီးသည် ၁၄-၁၁-၂၀၁၄ ရက်တွင် ကွယ်လွန်သွားခြင်းအတွက် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှဝမ်းနည်းကြေကွဲရပါကြောင်း။

ဝန်ထမ်းများမှ ရည်စူးလှူဒါန်းသော ကုသိုလ်ကောင်းမှုအစုစုကို အမျှရ၍ သာဓုခေါ် ဆိုနိုင်ပါစေ။

အမျှ၊ အမျှ၊ အမျှ

**Gold Cement Co., Ltd မှ ဝန်ထမ်းများ**

---

## အထူးဝမ်းနည်းကြေကွဲခြင်း
**ဘုရား၊ရဟန်း၊ သိမ်၊ ကျောင်းဒါယကာကြီး**
## ဦးရဲမြင့် (၇၈)နှစ်
**ဗိုလ်မှူး(ငြိမ်း)၊ ရေ/၃၁၇၂**
**ညွှန်ကြားရေးမှူး(ငြိမ်း)၊ အကောက်ခွန်ဦးစီးဌာန**

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ အမှတ်(၁၃၂/စီ)၊ စိမ်းလဲ့ကန်သာလမ်းနေ (ဒေါ်ဆွေဆွေသက်) ၏ ခင်ပွန်း၊ ဦးရဲထွဋ်မှူး (CEO, M.Y Group of Companies)-ဒေါ်ဥမ္မာမြင့် (M.D, M.Y Group of Companies )တို့၏ ကျေးဇူးရှင် ဖခင်၊ မချောပြည့်ရဲထွဋ်မှူး၊ မောင်အောင်ပြည့်ရဲထွဋ်မှူးတို့၏ ချစ်လှစွာသောဘိုးဘိုးကြီး သည် ၁၄-၁၁-၂၀၁၄ ရက်တွင် ကွယ်လွန်သွားကြောင်းကြားသိရသည့်အတွက် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှဝမ်းနည်းကြေကွဲရပါသည်။ ကောင်းရာသုဂတိလားပါစေလို့ ဆုတောင်းမေတ္တာပေးပို့ပါသည်။

**M.Y Associates Co, Ltd.**
**(YGN Head Office မှ ဝန်ထမ်းများ)**

---

## ဦးအုန်းလွင်(သူရ-၁၀) (၆၂)နှစ်
**ဒုရဲမှူး(ငြိမ်း)**

ရန်ကုန်မြို့၊ သင်္ဃန်းကျွန်းမြို့နယ်၊ သုဝဏ္ဏ၊ ၂၄-ရပ်ကွက်၊ နီလာလမ်း၊ တိုက်အမှတ်(၁၁၄)၊ အခန်း(၈)နေ (ဦးအေးမြင့်)-ဒေါ်တင့်တို့၏သားကြီး၊ ဒေါ်ဆွေဆွေဦး(မြို့နယ်သမ/ပုဇွန်တောင်) ၏ ချစ်လှစွာသောခင်ပွန်း၊ ကိုဇော်ဇော်ဦး(MCC)၊ မမြတ်မြတ်သော် (Lin Dagon Garment Co.,Ltd.)၊ မကေဇာဦး(Final Part-2၊ဆေး-၂) တို့၏ ကျေးဇူးရှင် ဖခင်ကြီးသည် ၁၇-၁၁-၂၀၁၄ရက် နံနက် ၆း၃၀နာရီတွင် မြောက်ဥက္ကလာပဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့်၁၉-၁၁-၂၀၁၄(ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။(နေအိမ်မှကားများ မွန်းလွဲ ၁၂း၃၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

---

## ဦးအုန်းလွင်(သူရ-၁၀) (၆၂)နှစ်
**ဒုရဲမှူး(ငြိမ်း)**

ရန်ကုန်မြို့၊ သင်္ဃန်းကျွန်းမြို့နယ်၊ သုဝဏ္ဏ၊ ၂၄-ရပ်ကွက်၊ ပတ္တမြားလမ်း၊ တိုက်အမှတ်(၁၂၇)၊ အခန်း(၇)နေ (ဦးအေးမြင့်)-ဒေါ်တင့်တို့၏သားကြီး၊ ဦးမြင့်ဝေ-(ဒေါ်နွယ်နွယ်မြင့်)၊ ဦးစိုးမင်း-ဒေါ်လဲ့လဲ့မြင့်(အလက-ကျောင်းအုပ်၊ လက်ပံကုန်း)၊ ဦးဘုန်းမြင့်-ဒေါ်မြင့်မြင့်စန်း၊ ဦးစန်းလွင်-ဒေါ်မြင့်မြင့်သန်း၊ ဦးစောမောဒိ-ဒေါ်ခင်တိုးတိုးမြင့်၊ ဒေါ်လွင်မာမြင့်၊ ဦးတက်နေထွန်း-ဒေါ်ဥမ္မာမြင့်၊ ဦးဟိန်းသွင်မြင့်တို့၏ ချစ်လှစွာသောအစ်ကိုကြီးသည် ၁၇-၁၁-၂၀၁၄ ရက် နံနက် ၆း၃၀နာရီတွင် မြောက်ဥက္ကလာပဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၁၉-၁၁-၂၀၁၄(ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၂ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁၂း၃၀နာရီတွင်ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

---

## ဘဝနတ်ထံပျံလွန်တော်မူခြင်း
## ဘဒ္ဒန္တ ကုဏ္ဍလ
## သိက္ခာတော် (၄၇)ဝါ ၊ သက်တော် (၆၇) နှစ်
**(မြို့နယ်သံဃာ့နာယအဖွဲ့ - တွဲဖက်အတွင်းရေးမှူး)**

မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးခရိုင်၊ ညောင်ဦးမြို့နယ်၊ မီးလောင်ဖျားကျေးရွာ၊ရွှေမန်ကျည်းကျောင်းတိုက်ကြီး၏ ဦးစီးပဓာန နာယကဆရာတော်ကြီး ဘဒ္ဒန္တကုဏ္ဍလသည် (၁၃၇၆ခုနှစ် တန်ဆောင်မုန်းလဆန်း ၁၃ ရက်) ၄-၁၁-၂၀၁၄(အင်္ဂါနေ့) ညနေ ၅း၅၀နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် (၁၃၇၆-ခုနှစ်၊ နတ်တော်လပြည့်ကျော် ၁၄ ရက်) ၉-၁၂-၂၀၁၄(အင်္ဂါနေ့)နှင့် ၁၀-၁၂-၂၀၁၄ (ဗုဒ္ဓဟူးနေ့)များတွင် နှစ်ရက်တိုင်တိုင် အန္တိမအဂ္ဂိစျာပနာပူဇော်ပွဲကို ကျင်းပမည် ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ တပည့်ဒါယကာ၊ ဒါယိကာမအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။ စျာပနကျင်းပရေးကော်မတီ (မီးလောင်ဖျားကျေးရွာ)

---

## ဦးထင်ကျော်(ခ)ကိုညို (၈၄)နှစ်
**ဒုတိယအထွေထွေမန်နေဂျာ(ငြိမ်း)**
**မြန်မာ့သစ်လုပ်ငန်း(ပုသိမ်မြို့)**

ရန်ကုန်မြို့နေ (ဦးစ-ဒေါ်မမကြီး)တို့၏သား၊ ဦးစိန်ချစ်-ဒေါ်သန်းတင်အေး၊ (ဒေါက်တာ ချစ်စိန်-ဒေါ်မြသန်း)၊ ဒေါက်တာကျော်အောင်-ဒေါက်တာ ဒေါ်သန်းတင်တို့၏ ညီ/မောင်၊ (ဒေါ်ခင်သိန်း)၏ ချစ်လှစွာသော ခင်ပွန်း၊ မသင်းသင်းဦး၊ မောင်ဝင်းကျော်-မကေသွယ်မြင့်တို့၏ချစ်လှစွာသောဖခင်၊ မြေးနှစ်ယောက်တို့၏အဘိုးသည် ၁၇-၁၁-၂၀၁၄ (တနင်္လာနေ့) နံနက် ၁၀နာရီတွင် ရွှေဂုံတိုင်အထူးကုဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၁၉-၁၁-၂၀၁၄ (ဗုဒ္ဓဟူးနေ့) မွန်းတည့် ၁၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

**ဘုရား၊ ကျောင်းဒါယကာကြီး**
## ဦးစိန်ဝင်း(ခ) William Leong (ကျောက်မဲ)
B.A Geog; St.Albert, Maymyo **ကျောင်းသားဟောင်း**
## အသက်(၇၀)

ကျောက်မဲမြို့(၃)ရပ်ကွက်၊ ရွှေဖီဦးလမ်းနေ (ဦးဘကြိုင်)-ဒေါ်ရင်ရွှေတို့၏ သားကြီး၊ ရန်ကုန်မြို့နေ (ဦးရီစံ)-ဒေါ်အေးထွေးတို့၏သားသမက်၊ ပြင်ဦးလွင်မြို့နေ ဦးဝင်းမြင့်-ဒေါ်ခင်ဝင်းတို့၏တူ၊ ဒေါ်အေးအေးကြိုင်(ပညာရေး-ငြိမ်း)၊ ဦးကျော်ဦး-ဒေါ်မူမူကြိုင်၊ ဦးဝင်းမြင့်-ဒေါ်ကြူကြူကြိုင်(မိုးကုတ်)၊ ဦးအုံးကြိုင်(တရားလွှတ်တော်ရှေ့နေ)၊ ဦးစောလွင်-ဒေါ်ဖြူဖြူကြိုင်(ပညာရေး-ငြိမ်း၊ ပြင်ဦးလွင်)၊ ဒေါ်ကြည်ကြည်ကြိုင်(မြို့နယ်စာရင်းစစ်ရုံး)၊ ဒေါက်တာသန်းသန်းကြိုင် (ပြည်သူ့ဆေးရုံကြီး-မန္တလေး)၊ ဒေါ်မိမိကြိုင်(စာရင်းစစ်-ငြိမ်း)တို့၏ အစ်ကိုကြီး၊ ကိုအောင်စိုးဝင်း-မအေးမွန်သွယ်၊ မလှဝင်းမြတ်(ခ)ဖွေးဖွေး၊ ဒေါက်တာဇော်မျိုးဝင်းတို့၏ဖခင်၊ မောင်ကျော်ထက်ဝင်း၊ မောင်ပိုင်ဖြိုးဝင်းတို့၏အဘိုး၊ (ကိုကျော်နိုင်)-မဝင်းမေဦး (နောင်ချို)၊ ကိုစည်သူဦး-မအိအိခိုင်မွန်(ပြည်တွင်းအခွန်၊ နေပြည်တော်) ကိုလင်ဒါမောင်မောင်-မကေခိုင်ဝင်း၊ မဝင်းလဲ့လဲ့မြင့်၊ မောင်ကျော်လွင်ဦး၊ မစန္ဒာလွင်၊ မောင်ဟန်မြင့်ထွန်းတို့၏ဦးကြီး၊ မမေသန့်ဖြူ၊ မောင်လင်းသူရိန်ထွန်းတို့၏အဘိုး၊ ဒေါ်နန်းကြင်အေး (အောင်ကမ္ဘာစတိုး)၏ ခင်ပွန်းသည် ၁၀-၁၁-၂၀၁၄ (တနင်္လာနေ့) နံနက်၈း၁၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၂-၁၁-၂၀၁၄ (ဗုဒ္ဓဟူးနေ့)တွင် ကျောက်မဲမြို့၌ သင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်ဆွေများအား အကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

---

**တောင်သာမြို့နယ်အသင်း(ရန်ကုန်)**
## ဦးတင်မောင်ဦး (၆၃)နှစ်

ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ (၂) ရပ်ကွက်၊ အနော်ရထာလမ်းမကြီး၊ တိုက်-၇၄/၇၆၊ အခန်း (၃၄)၊ ဒုတိယထပ် (ယာ)နေ အသင်းဝင် ဒေါ်ခင်မမ၏ ချစ်လှစွာသော ခင်ပွန်း ဦးတင်မောင်ဦးသည် ၁၆-၁၁-၂၀၁၄ရက်တွင် ကွယ်လွန်သွားပါသဖြင့် ၁၈-၁၁-၂၀၁၄ ရက် မွန်းလွဲ ၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ပို့ဆောင် မီးသင်္ဂြိုဟ်မည်ဖြစ်ပါ၍ အသင်းဝင်များ လိုက်ပါ ပို့ဆောင်ကြပါရန် အသိပေးအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၁း၃၀ နာရီ ထွက်ပါမည်။)

အမှုဆောင်အဖွဲ့

---

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ တန်ဆောင်း ဒါယိကာမကြီး**
## ဒေါ်သင်းသင်းဇင်(ဘ·ခ·ရ) (၅၅)နှစ်

ရန်ကုန်မြို့၊ ရွှေပြည်သာမြို့နယ်၊ အမှတ်(၂)ရပ်ကွက်၊ မင်းလမ်းသွယ်(၂) လမ်း၊ အမှတ် (၂၉/၂၄၈)နေ ဦးဟံငြိမ်း(ဘ. ခ. ရ)၏ ဇနီး၊ ဦးစောဦး၏ အစ်မ၊ မောင်ရဲငြိမ်းအောင်(ဆေး-၂)၊ မောင်ဖွဲ့ငြိမ်းနိုင်(Grade-X၊ ကောင်းစုစံ)တို့၏ မိခင်၊ မယုဇနဥမ္မာဦး၏ အဒေါ် ဒေါ်သင်းသင်းဇင်သည် ၁၆-၁၁-၂၀၁၄ ရက် နံနက် ၁၀း၄၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူ၏ဆန္ဒအရ ယင်းနေ့ ညနေ ၄း၃၀ နာရီတွင် မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်နီးရပ်ဝေးဆွေမျိုးမိတ်သင်္ဂဟ အပေါင်းတို့အား အသိပေး အကြောင်းကြားအပ်ပါသည်။ [ကွယ်လွန်သူအား ရည်စူး၍ ၂၂-၁၁-၂၀၁၄ (စနေနေ့) နံနက် ၇နာရီမှ ၁၁ နာရီအထိ အထက်ပါ နေအိမ်သို့ ရက်လည်တရားတော်နာကြွရောက်ကြပါရန်ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

## ဦးမောင်ဝေတင် (၅၇)နှစ်
**အမက(ကျောင်းအုပ်)၊**
**လေးတောင်/ကျောက်ချောင်း**

ရခိုင်ပြည်နယ်၊ ရမ်းဗြဲမြို့နယ်၊ လေးတောင်ဇရပ်ပြင်ရွာနေ(ဦးငဝန်း-ဒေါ်ဖြူသာ)တို့၏သား၊ ကျောက်ချောင်းတိုက်နယ်၊ အောင်လှပြင်ရွာနေ(ဦးမောင်လှကြီး-ဒေါ်မချစ်ကေ)တို့၏သားသမက်၊ လှိုင်မြို့နယ်၊ ၁၆-ရပ်ကွက်၊ ဦးအေးလမ်းသွယ်(၁)၊ အမှတ်(၃၉)နေ မအေးအေးမြင့်(ဆွေသဟာ-ထမင်းဆိုင်)၏ဦးလေး၊ ကိုကျော်ခိုင်ဝေ၊ ကိုကျော်သက်ဝေ၊ မထက်ထက်ဝေတို့၏ မွေးသဖခင်၊ (ဒေါ်မကျော်လှ)၏ချစ်လှစွာသောခင်ပွန်းသည် ၁၅-၁၁-၂၀၁၄(စနေနေ့) ည ၇း၃၀နာရီတွင် ရန်ကုန်အင်းစိန်ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၁၉-၁၁-၂၀၁၄(ဗုဒ္ဓဟူးနေ့)ညနေ ၃နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည် ဖြစ်ပါ၍ လိုက်ပါပို့ဆောင်ကြပါရန် အကြောင်းကြားပါသည်။(နေအိမ်မှကားများ မွန်းလွဲ ၁း၃၀နာရီတွင်ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၁-၁၁-၂၀၁၄(သောကြာနေ့) နံနက်တွင် လှိုင်မြို့နယ် ၁၆-ရပ်ကွက်၊ ဦးအေးလမ်းသွယ်(၁)၊ အမှတ်(၃၉)နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန်ဖိတ်ကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

---

## ဦးဌေးကို အသက်(၇၀)
**(RTC-ငြိမ်း)၊**
**MGS Berverages Co., Ltd**

ရန်ကုန်မြို့နေ (ဦးသန်းရွှေ-ဒေါ်ခင်တင့်)တို့၏သား၊ ဦးသိန်းထွန်း-(ဒေါ်နယ်လီသန်း)၊ ဦးမောင်မောင်-ဒေါ်ခင်စန်းမြင့်၊ ဒေါ်မြင့်မြင့်၊ ဒေါ်မြသွေးတို့၏ မောင်၊ ဦးစိုးလွင် - ဒေါ်ကြည်ကြည်ဝင်းတို့၏ အစ်ကို၊ ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ (၁)ရပ်ကွက်၊ ဗဟိုလမ်း၊ တိုက်အမှတ် (၁၅၆)၊အခန်းအမှတ်(၄-A)နေ ဒေါ်မြမြသန်း(ခ)ဒေါ်ခင်မှတ် (RTC-ငြိမ်း)၏ ချစ်လှစွာသော ခင်ပွန်း၊ ဦးဇော်ဝင်း-ဒေါ်ဝါဝါသန်း၊ ဦးကျော်တင့်-ဒေါ်ဖြူဖြူသန်း၊ (ဦးလှမင်း)-ဒေါ်နွယ်နီသန်းတို့၏ မွေးသဖခင်ကျေးဇူးရှင်၊ မြေးခုနစ်ယောက်၊ မြစ်တစ်ယောက်တို့၏ အဘိုးသည် ၁၆-၁၁-၂၀၁၄ (တနင်္ဂနွေနေ့) ည ၁၁း၄၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၈-၁၁-၂၀၁၄ (အင်္ဂါနေ့) မွန်းလွဲ ၁နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၁း၃၀ နာရီ ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၂-၁၁-၂၀၁၄ (စနေနေ့) နံနက်တွင် ရက်လည်ဆွမ်းကျွေးတရားတော်နာယူမည်ဖြစ်ပါ၍ အထက်ပါ နေအိမ်သို့ တရားတော်နာ ကြွရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

# နှစ်နိုင်ငံတပ်မတော်နှစ်ရပ်အကြား ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များ ရင်းနှီးပွင့်လင်းစွာဆွေးနွေး

**နေပြည်တော်　　နိုဝင်ဘာ　　၁၇**

ဒုတိယသမ္မတ ဦးညဏ်ထွန်းသည် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ကာကွယ်ရေးဝန်ကြီး Lieutenant General Sengnuan Saiyalath ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား ယနေ့မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် သံတမန်ဆောင် ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။ **(ယာပုံ)**

အဆိုပါတွေ့ဆုံပွဲသို့ ဒုတိယဝန်ကြီး ဗိုလ်ချုပ်ကျော်ညွန့်၊ ဦးသန့်ကျော်၊ မြန်မာနိုင်ငံဆိုင်ရာ လာအိုသံအမတ်ကြီး H.E.Mr. Nilahat Xayalate နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ထိုသို့တွေ့ဆုံစဉ် နှစ်နိုင်ငံတပ်မတော်နှစ်ရပ်အကြား ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များနှင့် စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။ **(သတင်းစဉ်)**



# ပြည်သူ့ဝန်ဆောင်မှုမီဒီယာအဖြစ် ပြောင်းလဲရာတွင်

သတင်း-အောင်ကျော်ကျော်၊ တင်လင်းအောင်၊ ဟန်နီဝင်း၊ ဓာတ်ပုံ-ထိန်နန်နော်

မီဒီယာပြုပြင်ပြောင်းလဲမှုများတွင် စာပေစိစစ်ရေးကို ဖျက်သိမ်းပြီး စာအုပ်စာစောင်များအား လွတ်လပ်စွာ ထုတ်ဝေခွင့်ပြုခဲ့ပါသည်။

ယခုအခါ ပုဂ္ဂလိကနေ့စဉ်ထုတ်သတင်းစာများ အများအပြား ထုတ်ဝေနေပြီး အပတ်စဉ်ထုတ်ဂျာနယ် ၃၀၀ ကျော်ထိ တိုးတက်လျက်ရှိကြောင်း သိရပါသည်။ ပုဂ္ဂလိကပိုင် ရုပ်သံထုတ်လွှင့်မှုများ၊ FM ရေဒီယို အသံလွှင့်ဌာနများကိုလည်း ဖွင့်လှစ်ခွင့်ပြုခဲ့ပါသည်။

ထို့ကြောင့် မြန်မာနိုင်ငံ၌ နိုင်ငံပိုင်သတင်းစာများ၊ မြန်မာအသံနှင့် ရုပ်မြင်သံကြားတို့ကို ပြည်သူ့ဝန်ဆောင်မှုမီဒီယာအဖြစ် ပြုပြင်ပြောင်းလဲရန် စီစဉ်ဆောင်ရွက်လျက်ရှိရာ သတင်းစာပညာစံနှုန်းများကို အမြင့်ဆုံးထား လိုက်နာကျင့်သုံးပြီး မည်သို့ပြုပြင်ပြောင်းလဲမှုများ ပြုလုပ်ရမည်ကို နေပြည်တော် တပ်ကုန်းမြို့ရှိ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားတွင် "The Public Service Broadcasting and Its Challenges" ခေါင်းစဉ်ဖြင့် လာရောက်ဆွေးနွေးပို့ချနေသည့် ဘီဘီစီ ကမ္ဘာ့တစ်လွှား အစီအစဉ်မှ ညွှန်ကြားရေးမှူး မစ္စတာပီတာဟောရော့ခ်စ် (Mr.Peter Horrocks) နှင့် ယနေ့မွန်းလွဲပိုင်းတွင် မိမိတို့သတင်းအဖွဲ့သွားရောက်တွေ့ဆုံကာ ၎င်း၏သဘောထားအမြင်များကို မေးမြန်းခဲ့ပါသည်။

မစ္စတာဟောရော့ခ်စ်က "မြန်မာနိုင်ငံမှာ ပြည်သူ့ဝန်ဆောင်မှုမီဒီယာအဖြစ် ပြုပြင်ပြောင်းလဲမယ်ဆိုရင် ပြည်သူ့အသံ ပြည်သူ့ဆန္ဒကို အဓိကထား ဦးစားပေးရမှာပါ။ ပြည်သူ့ဝန်ဆောင်မှု မီဒီယာအဖြစ် ပြောင်းလဲမယ်ဆိုရင် တစ်ဦးတစ်ယောက်အမြင်ကို ဦးစားမပေးဘဲ ဘက်စုံကဏ္ဍစုံကနေ အမြင်တွေကို ထည့်သွင်းပေးရပါမယ်။ **စာမျက်နှာ ၉ ကော်လံ ၂ သို့** ❐

# ယနေ့ မာတိကာ


အာရှ၏ စီးပွားရေးနယ်မြေသစ်
စာမျက်နှာ - ၂

ပုပ်ရဟန်းမင်းကြီး ဖရန်စစ် လာမည့်နှစ်တွင် အမေရိကန်သို့ လည်ပတ်မည်
စာမျက်နှာ - ၄

ဆက်တိုက်ကျင်းပခဲ့သည့် ကမ္ဘာ့နိုင်ငံများ၏ ထိပ်သီးဆွေးနွေးပွဲများ
စာမျက်နှာ - ၆

၂၀၁၅ ခုနှစ်အတွင်း နှစ်နိုင်ငံဆက်သွယ်သည့် ချစ်ကြည်ရေး တံတားပြီးစီးမည်
စာမျက်နှာ - ၉


# နိုင်ငံတကာဖိတ်ခေါ် အပျော်တမ်းမီနီမာရသွန်နှင့် မာရသွန်ပြိုင်ပွဲကျင်းပ

**ညောင်ဦး　　နိုဝင်ဘာ　　၁၇**

